
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဒေါ်ရွှေ (မြဲ - ၀၂၀၇၉)<br>သုခပုံနှိပ်တိုက်<br>အမှတ်(၁၄၈)၊ ၄၅-လမ်း(အထက်)၊<br>ဗိုလ်တထောင်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၄ ခုနှစ်၊ မေလ။<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၈၀၀ ကျပ် |

အကြည်တော်
Sexy Post/ အကြည်တော်။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၄
၁၄၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) Sexy Post




တစ်ခါတစ်ရံမှာ sexy post ဆိုတာ လုပ်ယူတိုင်းလဲရတာ မဟုတ်ပါဘူး။ သူ့အလိုလို ဖြစ်နေတတ်တာမျိုးပါ။

ဥပမာ အင်ဂျလီနာဂျိုလီရဲ့နှုတ်ခမ်းဟာ သူ့ဘာသာသူ ဆွဲဆောင်မှုရှိနေပါတယ်။ ဂျနီဖာလိုပက်(စ်)ရဲ့ကိုယ်လုံး။ အက်ရှဝါးရိုင်း(စ်)ရဲ့ မျက်လုံး စသည် စသည်ဖြင့်ပေါ့။ (ယောကျ်ားတွေတော့ မသိပေါင်ဗျာ)

ဒီလိုပါပဲ။ ကိုယ့်ဆီမှာလဲ သူ့အလိုလို တစ်ခုခုကြောင့် sexy post ဖြစ်နေတာမျိုးလဲ ကြုံရပါတယ်။ ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလားမသိတဲ့ အဖြစ်မျိုးတွေပေါ့။

တစ်ခါတုန်းကပါ။

အဲဒီတုန်းက မြန်မာပြည်မှာ အင်တာနက်တွေ စတင်ပေါ်ပေါက်စဉ်ကပါ။ အင်တာနက်ဆိုတာ တယ်လီဖုန်းနဲ့သုံးမရခင်က အင်တာနက်ဆိုင်ဆိုတဲ့ သီးသန့်အင်တာနက်ဆိုင်သွားပြီး သုံးရတာမျိုးတွေ ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူများတွေ တစ်ချိန်လုံး အင်တာနက်မှာ ချက်နေကြတော့ ကိုယ်လဲ လိုက်ချက်ချင်စိတ်ဖြစ်လာတယ်။ ဘာကြောင့်လဲဆိုတော့ အင်တာနက်ပေါ်မှာ ချက်ကြရင်း ချစ်သူရည်းစားဖြစ်သူတွေ၊ ချိန်းတွေ့သူတွေနဲ့ အိုဗျာ ရှင်းရှင်းပြောရရင် အင်တာနက်ကောင်းမှုနဲ့ အိမ်ထောင်တွေကျ၊ မုဒိန်းမှုတွေတောင် ဖြစ်နေချိန်မှာ ကိုယ်က အင်တာနက်ကို တောက်တောက်တောက်တောက်မှ မခေါက်ဖူးရင် ဘယ်လိုလူရာဝင်တော့မှာလဲ ဟုတ်ဖူးလား။

အခြားနိုင်ငံမှာတော့ အင်တာနက်ဆိုတာ စီးပွားရေးလုပ်ဖို့ စာရင်းဇယားတွေတွက်ချက်ဖို့ တစ်နေရာနဲ့တစ်နေရာ ကုန်ပစ္စည်းမှုကြမ်းတွေ တင်ပို့ဖို့ စသည် စသည် အသုံးပြုကြပေမယ့် ကျွန်တော်တို့ဆီမှာတော့ ချက်တင်ထိုင်ဖို့ ရည်းစားရှာဖို့လောက်ပဲ အသုံးပြုကြပါတယ်။ ဒီတော့ကာ မည်သို့ပင်ဖြစ်စေ။ အများနည်းတူ ချက်နေကြလေတော့ ကျွန်တော့်လို လူဆတ်ဆလူးက မချက်ချင်ဘဲ နေပ့ါမလား။

ကိုယ့်ရှေ့မှာ ရွယ်တူတွေ လက်တွဲသွားပြီး ပြုံးပျော်ကာ

"အင်တာနက်က တွေ့တာလေ"

ဆိုတိုင်း ဝမ်းထဲက ကျလိကျလိဖြစ်မိရော။ သူတို့တောင်တွေ့သေးရင် "ငါကရော ဘာလို့မတွေ့ရမှာလဲ"ဆိုတဲ့စိတ်နဲ့ မနက်ခင်းမုန့်ဟင်းခါးတစ်ပွဲစာ ငွေလေးရာကို ဘာမှမစားမသောက်ဘဲ 'အင်တာနက်ပေ့'ဆိုတာကြီး ဝင်ထိုင်တော့တာပေ့ါ။

ဩော် ကိုယ့်မှာလဲ သူများအင်တာနက်လို့သာ လိုက်နက်ရတာ ဘယ်ကဘယ်လိုချက်ရမှန်းကို မသိဘူး။

ကွန်ပျူတာရှေ့ ငူငူငိုင်ငိုင်ထိုင်ပြီး ဒီဇိုင်းပဲလုပ်ရမလို၊ စာပဲထရိုက်ရမလိုဖြစ်နေတာ။

ဒါနဲ့ပဲ မျက်နှာပြောင်တိုက်၊ ဘေးကလူမေးကြည့်တော့

"အကောင့်ဖွင့်ရမယ်လေ"တဲ့။





အကောင့်ကလဲ ဘယ်လိုဖွင့်ရမှန်း မသိလေတော့

"အကောင့်က ဘယ်လိုဖွင့်ရတာလဲ"

ဘေးနားက ကိုယ့်ထက်တောကျတဲ့ငတိက ကိုယ့်ကို တောသားဆိုတဲ့အကြည့်နဲ့ကြည့်ပြီး ဘောက်ဘက်ဘောက်ဘက်ထကာ

"ဒီလိုဖွင့်ရတယ် ဟောဒီမှာကြည့်"

ဆိုပြီး တောက်တက်တောက်တက်နဲ့ ရိုက်သွားတာ ဖြောင့်လို့၊ ပြီးမှ

"ခဏစောင့်"

"ဘယ်လောက်စောင့်ရမလဲ"

"မနက်ဖြန်မှ ပြန်လာခဲ့"

သွားပြီ။ လေးရာ။ မစားရက်မသောက်ရက် စုထားတာလေး။ အင်တာနက်တောင် မတောက်တက်ရသေး ဆုံးပြီ။

ဒီလိုနဲ့ တစ်ရက်စောင့်တာပေ့ါ။

နောက်နေ့မနက်လဲ မုန့်ဟင်းခါးတောင်မစားဘဲ ရေလေးပဲ ပုံမှန်သောက်ပြီး အင်တာနက်ဆိုင်ရောက်ခဲ့တယ်။

မနေ့ကတောသား ကြိုရောက်ပြီး ပြုံးပြုံးကြီးကြုနေပြီ။

ဒါနဲ့ ကိုယ်လဲ မနေ့က သူပြထားတဲ့အတိုင်း တောက်တက်တောက်တက်နဲ့ ဖွင့်လိုက်တော့ အင်တာနက်က ပွင့်လာရော။

ဒီလိုနဲ့ သူများဟိုင်းရင်ပြန်ဟိုင်း။

သူများက "ဘာလုပ်နေလဲ"ဆို၊ "လေ့ကျင့်နေတယ်"ပေါ့၊ "ဘာလုပ်ဖို့လဲ"ဆို "ဘာမှမလုပ်ဘူး" "ဘယ်သူ့အတွက်လဲ"ဆို "ဘယ်သူ့အတွက်မှမဟုတ်ပါဘူး"လို့ဆို စသည်ဖြင့် ကိုင်တော့တာ။

ဒီနေရာမှာ တစ်ခုသတိထားမိတာက အင်တာနက်ပေါ်မှာ ဓာတ်ပုံတင်ထားကြသူတွေဟာကိုရီးယားမင်းသား မင်းသမီးပုံတွေ ဒါမှမဟုတ် ပန်းလေးဘာညာပေ့ါ။ အဲ အများဆုံးကတော့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကို အပြည့်အဝဖော်မထားဘဲ တစ်ခြမ်းစောင်းတွေ ဆံပင်တစ်ခြမ်းဖုံးတွေ၊ ပါးဖောင်းတွေနဲ့ တင်ထားကြတာချည်းပဲ။ တချို့ကလဲ အပေါ်စီးက ကင်မရာယူပြီး မျက်လုံးကိုပင့် ပါးဖောင်းထားတဲ့ပုံတွေချည်းပဲ။

ဒါနဲ့ ကိုယ်လဲပဲ အင်တာနက်ကဓာတ်ပုံတွေ ပြုံးပြကြည့်၊ အနည်းငယ်ရုပ်ချောနိုင်သူကို ပေါ်တင်ဝင်ချက်တော့တာ။

ဒါကလဲ သတိမထားလို့မဖြစ်ဘူး။ တချို့တွေဆို အင်တာနက်ပေါ်တင်ထားတဲ့ပုံကိုကြည့်ပြီး သဘောကျ ချိန်းတွေ့လေမှ မျက်လုံးကြီးစောင်း၊ မျက်နှာကြီးရွဲ့ ရုပ်ဆိုးမကြီးတွေနဲ့ တွေ့နေတတ်တာကိုး။ အများဆုံးကြုံရတာကတော့ မျက်နှာလေးတစ်ခြမ်းစောင်းနဲ့

ဒါပေမယ့်
ကျွန်တော်ကံကောင်းပါတယ်။
မုန့်ဟင်းခါးပွဲပေါင်း ငါးရာနီးပါးမှာ
အင်တာနက်ကတစ်ဆင့် မဒီတစ်ပွေနဲ့
ဆုံပါလေရောလား

ရိုက်ထားတာကို သဘောကျ အပြင်မှာချိန်းတွေ့မှ ဖက်တီးဘုတ်ကြီးဖြစ်နေလို့ ထွက်ပြေးကြရတဲ့ သာဓကတွေလဲ မနည်းပါဘူး။

ဒါကြောင့် ကိုယ့်အလှည့်မှာ တစ်ကောင်ဆိုတစ်ကောင်မိအောင် အသေအချာချိန်ပစ်ရတာ။

ဒီလိုနဲ့ မုန့်ဟင်းခါး ပွဲငါးရာနီးပါးကုန်တဲ့အချိန်မှာ စတွေ့တော့တာပါပဲ။

အမှန်တော့ တစ်နာရီ လေးရာဆိုတာ မများလှပေမယ့် တစ်နေ့ ဆယ့်နာရီထိုင်ရင် လေးထောင်ပဲဗျ။ ဒါနည်းလှတာတော့မဟုတ်ဘူး။





မုန့်ဟင်းခါးတစ်ပွဲစားရင် သုံးနာရီတော့ အဆာခံမှာပဲ။ အင်တာနက်တစ်နာရီထိုင်တော့ သုံးနာရီဆာနေတာပါပဲ။ ဒါကလဲ နည်းတာတော့မဟုတ်ဘူး။

ဒါပေမယ့် ကျွန်တော်ကံကောင်းပါတယ်။ မုန့်ဟင်းခါးပွဲပေါင်းငါးရာနီးပါးမှာ အင်တာနက်ကတစ်ဆင့် မဒီတစ်ပွေနဲ့ ဆုံပါလေရောလား။

အင်တာနက်ဆိုတာလဲ သိတဲ့အတိုင်း အဲဒီတုန်းကတော့ မြန်မာဖောင့်(န်)တွေကလဲ မရိုက်တတ်ကြ။ အင်္ဂလိပ်လိုကလဲ မကျွမ်းကျင်ကြလေတော့ မြန်းဂလိလို့ခေါ်တဲ့ မြန်မာသံအင်္ဂလိပ်စကားနဲ့ အဆင်ပြေအောင် ပြောယူကြရတာပါပဲ။ ဥပမာ

" chit lar"

" Hta min sar pee pe lar "

အဲဒီလိုတွေပေါ့။ လူတိုင်းနီးပါးတော့ နားလည်ကြတယ်ဗျ။

ထားပါတော့ဗျာ။ ဒီလို မြန်မာလိုရော အင်္ဂလိပ်လိုရော မတတ်တဲ့ကျွန်တော်နဲ့ကတော့ အဲဒီ မြန်းဂလိပါ မတတ်ဘဲ ဘယ်လိုအဆင်ပြေသွားလဲတော့ မသိပါဘူးဗျာ။ ကောင်မလေးတစ်ယောက်နဲ့ အဆင်ပြေပါလေရောလား။

သူ့နာမည်က မြန်မာလိုမဟုတ်ဘူးခင်ဗျ။ အကောင့်နာမည်ပြောပါတယ်။ ခရစ်စတကယ် ပင်(န်)ကီပေါ့ဗျာ။ (နာမည်ရင်းမဟုတ်ဘူးနော်။ နာမည်တူရင် ခွင့်လွှတ်ပါ)အဲ အဲဒီလိုနာမည်မျိုး။

ဓာတ်ပုံတင်ထားတာတွေ့တော့လဲ တောသူရုပ်ကလေး။

ကျွန်တော်ကလဲ ဆံပင်ရှည်ကို တစ်ခြမ်းစောင်းချထားတဲ့ပုံနဲ့ဆိုတော့ သွားတွေ့တော့တာပေါ့။ ဒါနဲ့ပဲ

" Ma Nat Phan arr Lar "

" arr tal "



www.burmeseclassic.com

www.burmeseclassic.com



" ah pyin mar twe ya ag "

" Inn Bal mar twe ma lel "

" Kantawgyi mar "

" bal o clock lel "

" 9:o clock "

ဒီလိုနဲ့ အဆင်ပြေပါရောလား။ ဒီလိုနဲ့ နောက်နေ့မနက် ချိန်းထားရာကိုသွားတွေ့တာပေါ့။ သူက လှိုင်သာယာဖက်ကလာမှာ။ ကျွန်တော်က တောင်ဒဂုံ။ နှစ်ယောက်လုံးအဝေးကြီး။ ဒါပေမယ့်ပေါ့။

ကြွားပြောတာတော့ မဟုတ်ဘူးဗျို့။ ကောင်မလေးက အရပ်မြင့်မြင့် ရုပ်ကသိပ်မဆိုးဘူးဗျ။

ရုပ်ကတော့သူ့ရုပ်ဆိုပေမယ့် ခန္ဓာကိုယ်က ရှာမှရှားလို့ဆို ရမယ်။ ခါးသေးရင်ချီ ပဒုံမကြီးလို့ ဆိုရမှာပဲဗျ။ ခါးလေးက တကယ့် ကို သေးသေးမှသေးသေးလေး။ ပြောရရင် sexy လေးပေါ့ဗျာ sexy လေး။

ကျွန်တော်လဲ တစ်သက်လုံးကံမကောင်းခဲ့သမျှ ဒီတစ်ခါ ကံကောင်းပြီဆိုတဲ့စိတ်နဲ့ အပြေးသွားလိုက်တယ်။ အနားရောက်တော့

"ခရစ်စတယ်လား"

သူက လှည့်ကြည့်ပြီး

"ဂျွန်နသန်နော်"

ဘယ်ရမလဲ၊ ကိုယ်ကလဲ တောသားမှန်းသိရင် အလိမ်ခံရ မှာစိုးလို့ ဆံပင်ရှည်ထားရင်း ဂေါ်လီဖြစ်လာတဲ့ကောင်ပဲ။ ဒီလောက် တော့နပ်တာပေါ့။

တစ်ယောက်ကိုတစ်ယောက် အကဲခတ်ကြည့်တယ်။

အတော်လေးကို မဆိုးဘူး။

သူသာ သည်းခံပေါင်းနိုင်ရင် တစ်ပတ်လောက်အရင်ပေါင်း





ကြည့်။ တစ်ပတ်ပေါင်းပြီးလို့ အဆင်ပြေမှ ရက်ရှည်ထပ်ပေါင်း။ အဆင်မပြေဘူးဆိုရင် တစ်ပတ်အတွင်း ပါးနားရိုက်ပြီးမောင်းချ၊ နာတယ် တစ်ခွန်းမှမပြောဘူး။ အဲ အဲဒီလိုရုပ်လေးဗျ။

အစိကျက သူ့ခါးသေးသေးလေးက ညှစ်ချင်စရာ။ ဘောင်း ဘီရှည်အကျပ်ကလေးဝတ်ထားတော့ ပိုသိသွားတာပေါ့။

ကိုယ်ကသာ ပီတိဖြစ်နေတာ ခမျာလေးကတော့ ရှုံ့မဲ့မဲ့။

ဒါကလဲ သိပ်မထူးဆန်းပါဘူး။ မိန်းကလေးတိုင်း ကျုပ်တို့ ရှေ့ကနှာမြင်ရင် ဒီအတိုင်းပဲဟာ။ ဒါနဲ့ပဲ

"ဆိုင်တစ်ဆိုင်ဆိုင် ထိုင်ရအောင်လေ"

ကောင်မလေးမျက်နှာ ဝင်းလက်သွားသယောင်။

"ဟုတ် ထိုင်လေ"

ရွှေ နိပ်ပဟ။ တစ်ခါတည်းစည်းရုံးပြီး တစ်ခါတည်းပါလာ တာ ဒီတစ်ခါရှိတာ။ ဒါနဲ့ပဲ

"အထဲမှာ သွားထိုင်မယ်လေ"

"ဟုတ်"

ကိုယ်က အရှေ့ကသွား၊ သူက အနောက်ကလိုက်ပေါ့။

"ဒီဆိုင်ထိုင်မလား"

အကာအရံမဲ့၊ ဟင်းလင်းပြင်ဆိုင်က တန်ဖက်လှည့်ထား တော့ ရှခင်းကောင်းတာပေါ့။ ဒါပေမယ့် ကောင်မလေးက နှာခေါင်းရှုံ့ပြီး

"ဟင့်အင်း မထိုင်ချင်ဘူး၊ အမိုးမရှိ အကာမရှိ"

ဘယ်လိုပျော်လို့ပျော်မှန်းမသိပါဘူးဗျာ။ အမိုးရှိအကာရှိ လုံခြုံတဲ့နေရာဆိုတာ ချစ်စခင်စ ချစ်သူတွေသာ ထိုင်တတ်တာမျိုး မဟုတ်လားဗျာ။ ဒါနဲ့ပဲ

"ဒါဆို ဟိုဖက်နားသွားရအောင်၊ အဲဒီဆိုင်က လုံခြုံတယ် ကိုယ်သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး အင်မတန်မှ လုံခြုံတဲ့ဆိုင်တစ်ဆိုင်ခေါ်သွားတယ်။ ပန်းခြံထဲကဆိုင်ဆိုတော့ အလုံခြုံကြီးတော့ ဘယ်ဟုတ်ပါ့မလဲ။ ဒါပေမယ့် ထင်သလောက်မဆိုးဘူးပေါ့။

"ကဲ ဘာမှာမလဲ မှာလေ"

ကောင်မလေးက ကျုံ့ကျုံ့ရုံ့ရုံ့ထိုင်ရင်း

"ရတယ် သူမှာတာပဲစားမယ်"

"အေး ဒါဆို ဘီယာတစ်ခွက်"

ကောင်မလေးတွန့်သွားတယ်။ ဇာတိက ချက်ချင်းပေါ်တာကိုး။ ဒါနဲ့မထူးဘူးဆိုပြီး

"အခေါက်ကင်တစ်ပွဲ၊ ခေါက်ဆွဲကြော်တစ်ပွဲ"

ဖြစ်ချင်တော့ ပွဲအားလုံးသုံးထားတဲ့
ဒီအပ်၊ အပ်ကလဲအတုံး။
စုတ်ထိုးတဲ့လူကလဲ မူးနေတဲ့အပြင်
ညနက်လို့ အိပ်ချင်နေပြီဆိုတော့
စုတ်ချက်ကမမှန်ဘူး။

ဖြစ်ချင်တော့ အဲဒီတုန်းက အကြည်တော်နာမည်နဲ့ စာမရေးခင် စောကြည်ဖြူနာမည်နဲ့ ရုပ်ပြဇာတ်လမ်းရေးတာ တစ်ပုဒ်ကို တစ်သောင်းနှစ်ထောင်ရတာကိုး။ ဒါကို ရုပ်ပြထုတ်ဝေသူက ကျွန်တော့်ကို အထင်သေးပြီး

"ရေးနိုင်သလောက်ရေး၊ ချက်ချင်းငွေချေမယ်"

ဆိုတာနဲ့ တစ်ရက်တည်း လေးအုပ်ရေးပြီး သွားအပ်လိုက်တော့ ထုတ်ဝေသူပါ 'လေ' သွားတယ်။ (အဲဒီလေးအုပ်မှာ တစ်အုပ်ပဲထွက်ဖြစ်ခဲ့ပြီး အဲဒီထွက်ဖြစ်ခဲ့တဲ့စာအုပ်က ဗီဒီယိုပြန်ရိုက်ရတယ်၊ ဗီဒီယိုနာမည်က "မင်းအချစ်က သေစေနိုင်တယ်"အဲဒီဇာတ်လမ်းကို





စောကြည်ဖြူနာမည်နဲ့ရေးခဲ့တာပါ)

ဆိုပါတော့ဗျာ။ အမှန်တော့ အဲဒီငွေတွေနဲ့ မရှိတဲ့အိမ်ငှားနေရမှာ။ အဲဒါကို အင်တာနက်ပေါ်တက်ပြီး ကမြင်းလိုက်တာ အခုလို အနေအထားရောက်လာတာ။

အခုတော့ တော်တော်လေးအဆင်ပြေနေပြီ။

"စားလေ မှာထားတာတွေ"

ကောင်မလေးက ဘေးဘီဝေ့ကြည့်ပြီး စားမလိုလုပ်ပြီးခါမှ

"အင်း ဟိုလေ Toilet က ဘယ်နားလဲမသိဘူး"

"ဪ မေးပေးမယ်"

ကောင်မလေးတွေ စိတ်လှုပ်ရှားရင် ဒီလိုပဲ ဖြစ်တတ်တာသိတာပေါ့။ ဒါနဲ့ ကိုယ်လဲ စိတ်ကောင်းချင်ယောင်ဆောင်ပြီး ကိုယ်တိုင်ထမေးကာ

"ဒီမှာတော့မရှိဘူး၊ ဒါပေမယ့် ဒီဖက်ကိုသွားလိုက်၊ အဲဒီမှာ အများသုံးသန့်စင်ခန်းရှိတယ်"

ကောင်မလေးက ဟန်ပင်မဆောင်နိုင်ဘဲ

"အင်း အင်း အဲဒါဆို ခဏသွားမယ်နော် စောင့်နေ"

ဆိုပြီး သူဆောင်လာတဲ့ လက်ကိုင်အိတ်ကလေးချပြီး လိမ်ကျစ်လိမ်ကျစ်နဲ့ ထထွက်သွားတော့တယ်။

ဆိုလိုတာက ပြန်လာမယ်ဆိုတဲ့ သဘောပေါ့ဗျာ။ သူ့အိတ်ကလေးတောင် ချသွားတယ်ဆိုတော့ ထွက်မပြေးပါဘူးဆိုတဲ့သဘောပေါ့။

ဘယ်တတ်နိုင်မှာလဲ။ ကိုယ်လဲ စိတ်ရှည်လက်ရှည်နဲ့ပဲ စောင့်ရတာပေါ့။

ထင်ထားတာထက် နည်းနည်းပိုကြာတယ်။ တစ်ယောက်တည်းကျန်ခဲ့တယ်ဆိုပေမယ့် အိတ်ကိုထားအယုံသွင်းပြီး ထွက်ပြေးပြီလား ပြန်ထင်နေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ထင်နေတုန်းမှာပဲ လိမ်ကျစ်လိမ်ကျစ်နဲ့ ပြန်ရောက်လာတယ်။

"ထိုင်လေ"

"ဟုတ်ကဲ့"

ခုနနေရာလေးမှာပဲ ကျုံ့ကျုံ့ရုံ့ရုံ့ ပြန်ထိုင်တယ်။

နေပုံထိုင်ပုံ လှတယ်လို့ဆိုရမှာပဲ။ မိန်းကလေးပီပီ ခြေလေးချိတ်ပြီး ခပ်မတ်မတ်နေတယ်။

"စားလေ"

"ဟုတ်ကဲ့"

သူ့ခမျာ ဘာမှငြင်းမယ့်ပုံမပေါ်ဘူး။ အရှေ့က ခေါက်ဆွဲကြော်ပန်းကန်ထဲက ခေါက်ဆွဲတစ်ဖတ်နှစ်ဖတ် ယူစားတယ်။ ပြီးတော့ ကျွန်တော့်ကို အခြေအနေကြည့်တယ်။ ပြီးမှ ရှက်ကိုးရှက်ကန်းဟန်နဲ့ ဆံပင်သပ်ပြီး

"ဟိုလေ တစ်ခုမေးလို့ရမလား"

"မေးလေ ဘာမေးမလို့လဲ"

ကျွန်တော် ခပ်မြန်မြန်ပဲဖြေတယ်။ သူက ရှက်ရွံ့ဟန်နဲ့

"ဟိုလေ"

စကားမဆက်ဘူး။ ဒါနဲ့ ကျွန်တော်ကပဲ အလိုက်တသိနဲ့

"ဘာလဲ ကျွန်တော့်အကြောင်းသိချင်လို့လား"

သူက ဘာမှမပြောဘူး။ ဒါနဲ့ပဲ ကျွန်တော်လဲ သူသိချင်မယ်ထင်တဲ့ ကျွန်တော့်အကြောင်းကို တန်းစီပြီးပြောပြလိုက်တယ်။

"ကျွန်တော့်နာမည် စောကြည်ဖြူပါ၊ တောင်ဒဂုံမှာနေပါတယ်၊ ကျွန်တော့်အဖေ ဦးထွန်းနိုင်၊ ပင်စင်စားကြီး ဖြစ်ပါတယ်၊ ကျွန်တော့်အမေ ဒေါ်ညွန့်နွယ်က အလုပ်မလုပ်တာ နှစ်(၆၀)၊ ကျွန်တော့်အစ်ကို ပန်းချီကိုဆန်းက ပန်းချီတွေလဲ ရေးပါတယ်။ ကျွန်တော်





ချင်းလို့ အရက်သောက်ရင် သူငယ်ချင်းတွေလာပါတယ်။ ကျွန်တော်သတ်ရှိပြောင်းတဲ့အလုပ်က တစ်ရာ့ကိုးနဲ့တစ်ရာ့တစ်ဆယ် ရှိ့ရှိ့"

စသည်ဖြင့် ကိုယ့်ရဲ့အကြောင်းကို တစ်နာရီလောက်ထိ ထိုင်ပြောလိုက်တယ်။

သူက ဟိုဖက်လှည့်၊ ဒီဖက်လှည့် နားထောင်ပြီး ရှက်ကိုးရှက်တန်းနဲ့

"ဟိုလေ မေးစရာရှိလို့"

မေးလေ။ ဘာမေးဦးမှာလဲ။ သူက အရှေ့တိုးလာပြီး

"ဟိုလေ ဘောင်းဘီဝတ်ရင်"

ကျွန်တော်သဘောပေါက်သွားတယ်။ သူက ကျွန်တော်ဝတ်တဲ့အဝတ်အစားကအစ သိချင်နေပုံရတယ်။ ဒါနဲ့ပဲ

"ကျွန်တော့်ခါးဆိုဒ်(၃၂)ပါ၊ Black Black ကြိုက်ပါတယ်၊ တစ်ခါတလေလဲ ဘေထုတ်သည်မှာ လိုချင်တာလေးရှာပါတယ်၊ ပိုက်ဆံရှိလို့ ငွေယားတဲ့အခါ လဗိုက်ထည်လေးရှာဝယ်တယ်၊ အကျီကတော့ ဖြစ်သလိုပဲပေ့ါ၊ တစ်ထောင်တန်လဲ ဖြစ်ပါတယ်၊ အိမ်မှာနေတော့ အကျီချွတ်ပြီး ဖြစ်သလိုပဲ နေတတ်တယ်၊ ညဖက်ချိန်ခါ ခြင်တွေကိုက်ရင် လုံချည်ကိုလဲ ခြုံပါတယ် ရှိ့ရှိ့"

စသည်ဖြင့် ရှင်းပြတယ်။ ခရစ်စတယ်က ဂွန်နသန်ရှင်းပြသမျှ နားထောင်တယ်။ ပြီးမှ ရှက်ကိုးရှက်ကန်းနဲ့

"ဟိုလေ"

"မေးစရာရှိရင် မေးလေ"

သူမက မေးမလိုလုပ်ပြီးမှ သတိရသွားဟန်နဲ့

"နောက်မှမေးတော့မယ်၊ ဟိုလေ Toilet ခဏနော်"

ဆိုပြီး လှစ်ခနဲ လိမ်ကျစ်လိမ်ကျစ်နဲ့ ထသွားပြန်တယ်။

ဂျင်းဘောင်းဘီဝတ်ထားတဲ့ သူ့ရဲ့အလှကို မြင်ရတာ အား

www.burmeseclassic.com



မရနိုင်ဘူး။

တကယ်ပါဗျာ။ ခါးသေးတဲ့ မိန်းကလေးများ ဂျင်းဘောင်းဘီအကျပ်ဝတ်ရင် သိပ်လှကိုး။ နောက်ပြီး သူက မိန်းကလေးပီသစွာ ခပ်မတ်မတ်ကလေးနဲ့ လှစ်လှစ်ကလေးသွားတော့ သိပ်လှ။

ဒီတစ်ခါလဲ နည်းနည်းကြာတယ်ခင်ဗျ။ ဒါကလဲ မိန်းမရောဂါပဲထင်တယ်။ မိန်းကလေးများ စိတ်လှုပ်ရှားရင် အဲသည်လို။ အဲသည်လို ဖြစ်တတ်ကိုး။

သူမရှိတုန်း ဒါပြီးရင် ဘယ်ကိုသွားရပ့ါ စဉ်းစားလိုက်တယ်။

ဘုရားတို့ဘာတို့ကလဲ သိပ်ပြီးနိပ်လှတာ မဟုတ်ဘူးလေ။ တခြားဆိုင်ဆိုရင်ရော ကိုယ့်မှာရှိတဲ့ ငွေယားနဲ့ ဘယ်ကိုသွားလို့ သင့်တော်ပ့ါ။

စဉ်းစားနေတုန်း ခပ်သွက်သွက်ပဲ ပြန်ရောက်လာတယ်။ သူ ခပ်မတ်မတ်ပြန်ထိုင်ရင်း သူ့မျက်နှာကို လက်ကလေးနဲ့ ယပ်ခတ်ပြီး

"အိုက်တယ်နော်"

"အေးတဲ့နေရာ ကျွန်တော်သိတယ်"

သိတယ်မဟုတ်လား။ ဒါမျိုးကျသွက်တယ်။

သိပြီလေ။ ဒီလောက်အိုက်တတ်နေမှတော့ အအေးခန်းကပဲ သင့်တော်မှာပေ့ါ။ ဒါပေမယ့် တစ်ခါတည်း ဟိုအအေးခန်းဆို အခွင့်အရေးယူတယ်ဆိုပြီး ပါးချခံရနိုင်တယ်။ ဒါကြောင့် တစ်ဆင့်မြင့်အအေးခန်းဖြစ်တဲ့ ကေတီဗီကို ခေါ်သွားလိုက်တယ်။

"ဘယ်အခန်းယူမလဲဆရာ၊ ခြောက်ထောင်ရှိတယ်၊ ရှစ်ထောင်ရှိတယ်"

"ဘာကွာလဲ"

"ရှစ်ထောင်က အခန်းကျယ်တယ်၊ Toilet ပါတယ်"





"ရှစ်ထောင်ခန်းယူ"

ကောင်မလေးက ဖြတ်ပြောတယ်။ ပြီးမှ သတိရပြီး ရှက်ကိုးရှက်ကန်းနဲ့

"ဟိုလေ ပိုကောင်းမလားလို့"

ကျွန်တော်ကလဲ အလိုက်တသိပြုံးပြီး

"ကဲ သူပြောတဲ့အခန်းကွာ"

ငွေယားက ရှိနေတာကိုး။ ပြောင်ဖြုန်းနိုင်တာပေ့ါ။ ငွေရှင်းပြီးတာနဲ့ အခန်းထဲ ခပ်တည်တည်လှမ်းဝင်လိုက်တယ်။ သူကတော့ ထုံးစံအတိုင်း Toilet ဆီ ပြေးဝင်သွားတယ်။

တို့နဂါးနီသီချင်းတစ်ပုဒ်ဆုံးချိန်လောက်ကျမှ သူပြန်ထွက်လာတယ်။ ပြီးတော့ ကျွန်တော့်နားမှာ ကျုံ့ကျုံ့ရုံ့ရုံ့လေး လာထိုင်တယ်။

"ဘာဆိုမလဲ ဆိုလေ"

သူ့ မိုက်ခွက်ကို လှမ်းကိုင်မလို့လုပ်ပြီးမှ

"ဟင့်အင်း မဆိုချင်ဘူး"

အသီးတစ်ရာ အညှာတစ်ခု တစ်ပုဒ်ထပ်ဆုံးတော့မှ သူမက အနားကပ်ပြီး

"ဟိုလေ တစ်ခုမေးမလို့"

"ဘာမေးမလို့လဲ မေးလေ၊ ကိုယ့်ရဲ့အသံကောင်းမွန်မှုက လေ့ကျင့်တာမဟုတ်ဘူး၊ ဘုရားပေးပေ့ါ ခစ်ခစ်၊ ကိုယ့်ရဲ့မျက်ဝန်းဝိုင်းစက်နေတာကလဲ ဘုရားပေးပေ့ါ ခစ်ခစ်၊ အခုနာမည်ကြီးနေတဲ့ ဘွန်ဂျိုဗီ(အဲဒီခေတ်ပဲထားပါတော့)က ကိုယ့်ထက်နောက်ကျတယ် ခစ်ခစ်၊ ကိုယ်တို့က မလုပ်ရင်အရှင်း၊ လုပ်ရင်လဲ သောက်ဖောင်းချည်းပဲ ခစ်ခစ်"

စသည်ဖြင့်ဗျာ။ ဆိုငိုပြောပေ့ါဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ပြောဆိုတာ သိတယ်မဟုတ်လား။ သီချင်းဆိုစရာရှိ ဆိုလိုက်၊ ပြီးရင်

"ကိုယ့်ဘဝကလေ သိပ်သနားဖို့ကောင်းတာ သိလား၊ ကိုယ်တို့က (၇)ကောင်ကြွက်လေ၊ မိဘကလဲဆင်းရဲ၊ ထမင်းစားစရာမရှိလို့ ဒန်ပေါက်ချည်းပဲစားနေရတာ"

စသည်ဖြင့်ပေါ့ဗျာ။ တစ်ခါတစ်ခါလဲ

"ကိုယ်ကလဲ ဘယ်လိုစန်းတောက်တယ်မသိဘူး၊ ကောင်မလေးတွေ သိပ်ကြိုက်တာ၊ ရွာမှာဆို ကောင်မလေးတစ်ယောက်နွားလှည်းနဲ့လိုက်လို့ မနည်းထွက်ပြေးရဖူးတယ်၊ အခု မြို့ရောက်တော့လဲ နှစ်ယောက်၊ ကိုယ်က စိတ်မဝင်စားပါဘူး၊ သိတယ်မဟုတ်လား၊ ကိုယ်က ရိုးတယ်၊ အရိုးချည်းပဲ ဟီးဟီး"

"ဟိုလေ ပြန်ရမှာကလဲ လှိုင်သာယာဆိုတော့ အဝေးကြီး၊ နောက်ပြီး အိမ်မှာကလဲ ဘယ်သူမှရှိမှာမဟုတ်ဘူး၊ အဲဒါလေ မေးမလို့"

"ရပြီ၊ ကိုယ်သဘောပေါက်ပြီ"

စဉ်းစားကြည့်လေ။ အိမ်ပြန်ရမှာကလဲ ဝေးတယ်။ အိမ်မှာကလဲ ဘယ်သူမှမရှိဘူးဆိုတော့ ဘယ်လိုသဘောလဲ။ ပျော်လိုက်တာကြည့်တောင်မကောင်းဘူး။ သူမမြင်အောင် လက်နောက်ပစ်ပြီး ခိုးရယ်ရသေး။ ပြီးမှ

"ခဏနေလို့ရတဲ့နေရာကို ကိုယ်သိတယ်၊ လာ သွားမယ်"

ဆိုပြီး တည်းခိုခန်းကို လစ်တော့တာပေါ့။ ကောင်မလေးကလဲ မငြင်းရှာဘူး လိုက်လာတာပဲ။

ကျွန်တော်တွေးမိတယ်။ ဒီရုပ်ဒီရည်နဲ့ ဒီလောက်လွယ်ကူနေတာ တွေးလို့တောင်မရဘူး။

နောက်ပြီး ဒီရုပ်ဒီရည်နဲ့ အမှုဖြစ်ရမယ်ဆိုရင်လဲ ဖြစ်ပျော်ဘာပဲလေ။

ဒါနဲ့ပဲ နီးစပ်ရာတည်းခိုခန်းကို ခေါ်သွားတယ်။

"ရှစ်ထောင်ရှိတယ်၊ ခြောက်ထောင်ရှိတယ်ဆရာ"

"ရှစ်ထောင်ခန်း"

ကောင်မလေးက ဖြတ်ပြောတယ်။ ပြီးတော့ ထုံးစံအတိုင်း ရှက်ကိုးရှက်ကန်းနဲ့ လက်ကလေးယှက်ပြီး

"ဟိုလေ ပိုကောင်းမလားလို့"

ပျော်တာဗျာ။ ထောင်စရာရှိတဲ့ဆံပင်ပါ ထောင်တယ်။ အာတွေလဲခြောက်ပြီး ဘယ်လိုဖြစ်နေတယ်မသိဘူး။ ဒါနဲ့ ပိုက်ဆံကိုတမန်းကတန်းရှင်းပြီး အခန်းထဲ သူ့ကိုပါတွန်းထည့်လိုက်တယ်။

အခန်းထဲရောက်တော့ ကောင်မလေးက ရှက်ကိုးရှက်ကန်းနဲ့

"ဟို ဟိုလေ တစ်ခုမေးလို့ရမလား"

ဒီအချိန်မှာတော့ ဘယ်မေးခွန်းမျိုးမှ သည်းမခံနိုင်ဘူးလေ။ ဒါနဲ့ပဲ ခုတင်ပေါ် အတင်းတွန်းလှဲပြီး

"နောက်မှမေး နောက်မှမေး"

ဆိုပြီး သူ့ခါးမှာပတ်ထားတဲ့ ခါးပတ်ကို လှမ်းဖြုတ်လိုက်တော့

"ဖျတ်"

"ဟာ"

ကောင်မလေးရဲ့အော်သံ။ နောက် ကျွန်တော်ဖြုတ်လိုက်တဲ့ခါးပတ်ကို မျက်လုံးကြီးပြူးပြီးပြန်ကြည့်ကာ

"ဘယ်လိုလုပ်လိုက်တာလဲ၊ ဘယ်လိုလုပ်လိုက်တာလဲ"

သူ့အမေးကို ကျွန်တော်လဲကြောင်ပြီး

"ဖြုတ်လိုက်တာလေ၊ ဘာဖြစ်လို့လဲ"






www.burmeseclassic.com

www.burmeseclassic.com



“ဟာ”

သူ့ရဲ့အာမေဋိတ်သံ။ ပြီးတော့ ကျွန်တော့်ကိုလှည့်ကြည့်ပြီး

“ဟာ ကျေးဇူး ကျေးဇူးပဲ၊ ဟာ ရပြီကွ”

ဆိုပြီး အခန်းထဲက toilet ကမန်းကတန်းပြေးဝင်သွားတယ်။ သိပ်မကြာဘူး။ ရှဲခနဲရေဆွဲသံကြားရတယ်။

ကိုယ်လဲ ကြောင်ပြီး ခုတင်ပေါ် ငုတ်တုတ်ပေါ့။ ဘာဖြစ်လို့ ဖြစ်သွားမှန်းမှ မသိတာ။ အထဲကတော့

“ဟီးဟား ဆိုလား ဝါးဆိုလား”အသံတွေ ကြားနေရတယ်။ ဘာဖြစ်မှန်းမသိတော့ ကြောင်ပြီးထိုင်နေမိတယ်။ အတော်ကြာတော့မှ ရေထပ်ဆွဲသံနဲ့အတူ တံခါးဝုန်းခနဲ ပြန်ဖွင့်လာပြီး

“ကျေး ကျေးဇူးပဲနော်၊ အောင်မလေး အဲဒီခါးပတ် မနက်ကတည်းက ဖြုတ်မရတာ မေးမယ် မေးမယ်နဲ့ အခုမှပဲ အဆင်ပြေသွားတော့တယ်၊ အခုမှပဲ ပေါ့သွားတော့တယ်၊ ကျေးဇူးနော် ကျေးဇူး၊ သွားပြီ သွားပြီ တာ့တာ တာ့တာ”

ဆိုပြီး ပြေးထွက်သွားတော့တယ်။

တစ်ယောက်တည်း ငူငူငိုင်ငိုင် ခုတင်ပေါ် ထိုင်ရင်း ကျန်ရစ်ခဲ့ရတယ်။

× × ×





အဖြစ်က ဒီလိုခင်ဗျ။

ကောင်မလေးခမျာလဲ ကျွန်တော်နဲ့ချိန်းပြီး သူ့ဘာသာသူ လုံခြုံအောင် ဘောင်းဘီဝတ်ပြီးတာတောင် ပိုပြီးစိတ်ချရအောင် ခါးပတ်ပါပတ်သွားမှပဲဆိုပြီး ခါးပတ်လိုက်ရှာတာ သူ့ခါးပတ်ကမရှိဘူး။

ဒါနဲ့ပဲ ရှိလေရာ သူ့မောင်လေးခါးပတ် ယူပတ်လိုက်တယ်။

ဖြစ်ချင်တော့ အဲဒီခါးပတ်က ထုံးစံအတိုင်း အပေါက်တွေနဲ့ ထိုးသွင်းရတဲ့ ခါးပတ်မျိုးမဟုတ်ဘဲ ချိတ်ခါးပတ်ခင်ဗျ။ ချိတ်ခါးပတ်ဆိုတာ သိတယ်မဟုတ်လား။ ကြိုးထိုးသွင်းပြီး ကလစ်လိုဟာမျိုးနဲ့ ညှပ်ရတာ။

ဖြစ်ချင်တော့ သူပတ်လာတဲ့ခါးပတ်က အဲဒါအပြင်ကို ဘေးမှာညှပ်ထားတဲ့ အဖုကလေးနှစ်ဖုပါသေးသဗျ။ အဲဒီအဖုကလေးနှစ်ဖုကို ညှစ်လိုက်မှ ခါးပတ်က လျှောခနဲထွက်သွားတာ။ အဲဒီအဖုနှစ်ခုကို စုံမနှိပ်မိရင်လဲ ခါးပတ်က မကျွတ်ဘူးခင်ဗျ။ ဒီလိုခါးပတ်မျိုးကို တော်ရုံ အတွေ့အကြုံမရှိတဲ့ယောက်ျား တွေတောင် မချွတ်တတ်ဘူးခင်ဗျ။ မိန်းကလေးဆိုပိုဆိုး။ အခု သူက အဲဒီလိုခါးပတ်ကြီးပတ်လာမိတော့ ရှူးပေါက်ဖို့ကို ခါးပတ်က ဘယ်လိုမှမဖြုတ်တတ်ဘူး ဖြစ်နေတာ။ ဒီခါးပတ်ကြီး နဲ့ မနက်ကတည်းကဆိုတော့ သူ့ဒုက္ခက မသေးဘူး။ ပြန်ရမှာလဲ လှိုင်သာယာဆိုတော့ နီးလှတာတော့ မဟုတ်ပါဘူး။

နောက်ပြီး ကျွန်တော့်ကိုမေးဖို့ဆိုတာကလဲ အခုမှစတွေ့ဖူးသူဆိုတော့ မေးရလဲခက်။ ဒီကြားထဲ ကျွန်တော်ကလဲ ဗိုင်ကြောင်တွေ လွှတ်နေလေတော့ သူ့ခမျာ မေးဖို့အခွင့်မသာ။ သူ့ခမျာလဲ တွေ့ကရာ အိမ်သာထဲ ဝင်ဝင်ဖြုတ်ပါသေးတယ်။ ဒါပေမယ့် ချက်ကိုမသိတော့ ဘယ်လိုမှဖြုတ်မရ။

နောက်ဆုံး တည်းခိုခန်းရောက်ပြီး ကျွန်တော် တကျော့ခြေ ထမှ ခါးပတ်ပြုတ်သွားပြီး ပျော်သွားရတဲ့ သူမဘဝ။

ဒါကြောင့်ပြောပါတယ်။ sexy post က ထူးဆန်းပါတယ်လို့။

× × ×



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဟောင်းနဲ့ ပြန်ဆုံပါတယ်။ သူငယ်ချင်းက မေးတယ်။

“အဆင်ပြေရဲ့လား”

“ဒီလိုပါပဲ”

“အခုဘာလုပ်နေလဲ”

“အရင်အလုပ်ပဲ”

သူငယ်ချင်းမျက်မှောင်ကြုတ်သွားပြီး

“အရင်ကဘာမှ မလုပ်ဘူးလေ”

သူငယ်ချင်းသဘောပေါက်သွားတယ်။ ပြီးတော့ ပခုံးကို အားရပါးရပုတ်ပြီး





“အင်း မင်းအလုပ်အကိုင်တယ်ကောင်း”

သူအားကျသွားတယ်။ ဟုတ်တယ်လေ။ တစ်သက်လုံး အလုပ်မလုပ်ဘဲ နေလာတဲ့ ကျုပ်တို့ကိုအားမကျ ဘယ်သူ့အားကျရမှာလဲ။

“ဒါနဲ့ မှတ်မိလား၊ တို့ရွာက မုဆိုးမလေ”

သူ့စကားကြောင့် ဇဝေဇဝါ၊ ရွာမှာမုဆိုးမ,ကမနည်း။ ဘယ်နေရာမဆို မုဆိုးမရှိတာကိုး။ ဒါကြောင့်

“ဘယ်ကမုဆိုးမလဲ၊ မုဆိုးမတွေ ရွာမှာ အများကြီးဟာကို”

သူငယ်ချင်းက တရင်းတနှီးပခုံးပုတ်ပြီး

“မင်းကလဲကွာ၊ တို့ရွာမှာ မုဆိုးမဆိုလို့ တစ်ယောက်ပဲရှိတယ်လေ၊ အောင်ဂျမ်းလေကွာ မင်းကလဲ၊ သိပါတယ်”

“မုဆိုးမအောင်ဂျမ်း၊ မုဆိုးမအောင်ဂျမ်း”

အသေအချာ စဉ်းစားတယ်။ ဘယ်လိုမှအစဖော်လို့ မရဘူးဖြစ်နေတယ်။ ရွာမှာကလဲ မုဆိုးမက အများသား။ ဒီကြားထဲ အောင်ဂျမ်းဆိုတဲ့ နာမည်နဲ့ဆိုတော့ ပိုစဉ်းစားရခက်တာပေါ့။ ဒါနဲ့ပဲ

“အောင်ဂျမ်းက ဘယ်သူ့မိန်းမတုန်း”

“အာ၊ မုဆိုးမပါဆိုမှ ဘယ်သူ့မိန်းမရမှာတုန်း၊ မုဆိုးမလေကွာ၊ မုဆိုးမ၊ သူ့ဖာသာသူ မုဆိုးမဖြစ်နေတာ”

ပြောလိုက်မှ ပိုရှုပ်ကုန်တယ်။ မုဆိုးမလဲဆိုသေး၊ လင်လဲမရှိ၊ ဘယ်လိုမုဆိုးမ ဖြစ်မှန်းကို မသိနိုင်တော့။ မုဆိုးမဆိုတာက လင်သေမှဖြစ်တာမဟုတ်လား။ အခုဟာကလင်မသေဘဲ မုဆိုးမဖြစ်နေတာတဲ့။ ဘယ်လိုမုဆိုးမ ဖြစ်တာလဲ။ နာမည်ကလဲ အောင်ဂျမ်း၊ အသေအချာ စဉ်းစားမှ ပြန်မှတ်မိတယ်။

“ဪ သိပြီ မုဆိုးမအောင်ဂျမ်း၊ မုဆိုးမအောင်ဂျမ်း၊ ရွာထိပ်ကမုဆိုးမကို ပြောတာမဟုတ်လား”

“အစစ်ပေါ့၊ မုဆိုးမအောင်ဂျမ်းဆိုလို့ ရွာမှာ ဒီတစ်ယောက်ရှိ

www.burmeseclassic.com



တာ”

ကျွန်တော်လဲ စဉ်းစားတာရလို့ ဝမ်းသာသွားတယ်။ မိတ်ဆွေများလဲ ခုချိန်ထိ မုဆိုးမအောင်ဂျမ်းဆိုတာကို မျက်စေ့လည်နေမယ်ထင်ပါတယ်။ ဒီလိုပါ၊ ဒီလိုပါ။

အောင်ဂျမ်းဆိုတာ ယောကျ်ားပါ။ လုပ်တဲ့အလုပ်ကလဲ မုဆိုး။ ဒါပေမယ့် သူက နည်းနည်းခြောက်နေပါတယ်။ ဒါကြောင့် လုပ်တဲ့အလုပ်ကမုဆိုး။ လူက မ,စိတ်ပေါက်နေတော့၊ သူ့ကိုမုဆိုးမ၊ မုဆိုးမလို့ခေါ်ရင်း လင်မသေဘဲ မုဆိုးမဖြစ်လာသူပါ။

အမှန် မုဆိုးမတို့မည်သည် လင်သေမှသာမုဆိုးမဖြစ်ရမှာ။ အခုတော့ လင်မသေဘဲ မုဆိုးမဖြစ်နေတာ အောင်ဂျမ်းတစ်ယောက်ရှိတာ။ မုဆိုးခြောက်ကိုး။

“အေး ဟုတ်ပါပြီ၊ မုဆိုးမက ဘာဖြစ်တုန်း”

“မုဆိုးမက မိန်းမရသွားပြီလေ”

“ဟာ”

ဒီမှာလဲ ခင်ဗျားတို့ မျက်စေ့လည်သွားဦးမယ်ထင်တယ်။ မုဆိုးမက ဘယ့်နှယ်မအားရမှာလဲ။ အဲ ဒါပေမယ့် မုဆိုးမက အဲလေ၊ အခြောက်မိန်းမရတယ်ဆိုတော့ စဉ်းစားသာကြည့်။

ဒီမှာပြောရဦးမှာပါ။

အောင်ဂျမ်းက မုဆိုးမျိုးရိုးမို့ မုဆိုးဖြစ်တာပါ။ အဖိုးမုဆိုး အဖေမုဆိုးမို့ မုဆိုးဖြစ်ရတာပါ။ ဒါပေမယ့် သူဖြစ်ချင်တာက မိန်းမ။ ဒါကြောင့် တောထဲသွားပြီး အသားငါးရလာရင်၊ စိတ်ရှည်လက်ရှည်ခုတ်ထစ်ပြီး၊ ရေမိုးချိုးအလှပြင်၊ သနပ်ခါးကိုမွှေးနေအောင်လိမ်းပြီး၊ တစ်အိမ်ဝင်တစ်အိမ်ထွက် အသားလိုက်ရောင်းတာ။

အောင်မာ၊ ဒါကို ကာလသားများက အသားဝယ်တဲ့အခါ ပါးကိုင်နားကိုင်ဆို အသားက ပိုပေးတတ်သေး။ အဲဒါကိုမြင်ရင် အဖိုး





အဖေများက လိုက်ရိုက်လို့ ထွက်ပြေးရသေး။ အလုပ်က မုဆိုး။ လူက အခြောက်မကိုးခင်ဗျ။ ဒီလိုမုဆိုးမပေါ့။

“အဲ အဲဒီမုဆိုးမက ဘယ်လို မိန်းမရတာလဲ”

သူငယ်ချင်းကပြုံးပြီး

“မိန်းမရတာမှ နှယ်နှယ်ရရ မိန်းမနဲ့ မဟုတ်ဘူးဟ၊ ရွာက အလှဆုံး”

“ဖြူလေးနွယ်”

“အေး၊ အဲဒီဖြူလေးနွယ်နဲ့ ရတာ”

“ဟာ”

အံ့အားသင့်သွားရတယ်။ ဖြူလေးနွယ်ဆိုတာ နှယ်နှယ်ရရမဟုတ်

မုဆိုးမဆိုတာကလဲ သိတဲ့အတိုင်း
အသားက မဲမဲ။ ဒီကြားထဲ
တောထဲတောင်ထဲ မြွေမကြောက်
ကင်းမကြောက် သွားလာရတော့
အက်ရာအက်ချက်တွေကလဲ ဗရပွပေါ့။

ဘူး။ ရွာမှာတင်မက ရွာနီးချုပ်စပ်မှာပါ နာမည်ကြီး။

တကယ့်ကိုလုံး ကြီးပေါက်လှ။ အသားကဖြူသမို့ ဝင်းနေတာ။

အဲဒီလိုမိန်းမနဲ့မှ ဒီမုဆိုးမက ရတာဆိုတော့ ရင်ထဲတောင်နှမြောသွားတယ်၊ နောက်မှ သိချင်သွားပြီး

“ဆိုပါဦး၊ ဒါနဲ့ မုဆိုးမနဲ့ဖြူလေးနွယ် ဘယ်လိုအကြောင်းပါကြတာလဲ”

“ဖြစ်ပုံက ဒီလိုကွ”

(ဒီနေရာမှာ သူငယ်ချင်းပြောပြတဲ့အတိုင်း ပြန်ပြောတာပါ)

အဲဒီနေ့က မုဆိုးမအောင်ဂျမ်း ဒူးလေးဆွဲပြီး တောထဲဝင်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာဆို အဖေအမေများရှေ့ လွတ်လပ်စွာ ခြောက်ခွင့်မရ လေတော့ လူမရှိတဲ့ တောထဲတောင်ထဲမှာ လွတ်လပ်စွာ ခြောက်ပိုင်ခွင့် အပြည့်အဝရလေအောင် တောတိုးခဲ့ခြင်းသာ ဖြစ်ပါတယ်။

တောထဲရောက်ရင် အမဲသားငါးပစ်ဖို့ အသာထား၊ ပါလာတဲ့ ဒူးလေးကိုချ၊ ပါလာတဲ့ အချစ်တော်ခွေးဂျစ်တူးရှေ့ ဟန်အမျိုးမျိုးလုပ်ပြီး

"ဒီမှာကြည့်စမ်းဂျစ်တူး၊ တို့ကမုဆိုးမ,သာဆိုတယ်၊ မလှဘူးလား၊ ကြည့်စမ်းပါဦး"ဆိုပြီး ပုံစံအမျိုးမျိုးနဲ့ Sexy Pose လုပ်တော့တာပေါ့။

မုဆိုးမ Sexy Pose ပေါ့ဗျာ။

"ဒီမှာကြည့်စမ်း၊ ဟောဒီနှုတ်ခမ်းဖူးဖူးလေးကို နှုတ်ခမ်းနီဆိုးလိုက်ရင် ပိုမလှသွားဘူးလား၊ အာဘွား"

ခွေးခမျာလဲ ခွေးဖြစ်နေလို့သာပဲ။ လူသာဖြစ်ရင်ကိုက်တယ်။

မုဆိုးမဆိုတာကလဲ သိတဲ့အတိုင်း။ အသားကမဲမဲ။ ဒီကြားထဲ တောထဲတောင်ထဲ မြွေမကြောက် ကင်းမကြောက် သွားထားရတော့ ဒဏ်ရာဒဏ်ချက်တွေကလဲ ဗရပွပေါ့။

ဒါကြီးကိုမှ နှုတ်ခမ်းစူပြီး'မုဆိုးမလှလား'ဆိုနေတာ။ ခွေးသာ လူစိတ်ရှိရင် ပါးတက်ချတယ်။ အခုတော့ ဘာမှမတတ်နိုင်တဲ့ ဂျစ်တူးခမျာ

"ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်"

"အောင်မာ၊ ငါဒီလောက်လှတာတောင် နင်ကဟောင်နေသေး ဟုတ်လား၊ ငါကန်လွှတ်လိုက်ရ"

"ဝုတ် ဝုတ် ဝုတ်"

ဘာကြောင့်ရယ်မသိ။ ဒီနေ့မှ ဂျစ်တူးက စူးစူးဝါးဝါးကို ထိုးဟောင်နေတော့တာ။ ကြာလာတော့ မုဆိုးမတင်းလာတယ်။

"ဟဲ့ ဂျစ်တူး နင်ဘာဖြစ်နေတာလဲ ငါကန်လိုက်ရ"





ဂျစ်တူးက သူ့စကားနားမထောင် တစ်နေရာကိုကြည့်လိုက်၊ မွှေးကိုယ်ကို လှည့်ပတ်လိုက်နှင့် စူးစူးဝါးဝါးထိုးဟောင်နေတယ်။ အော်သံကြားတော့ မုဆိုးမအတော် စိတ်ဆိုးလာတယ်။ ဒါနဲ့ပဲ

"ဟာ၊ ဒီလောက်ပြောမရတဲ့ကောင်၊ ကဲကွာ'ဆိုပြီးခွေးကို ဖင်ပိတ်ကန်လိုက်တယ်။

"ကိန်း၊ အိုင်၊ အိုင်"

ဂျစ်တူးက မုဆိုးမကန်ချက်ကိုမခံနိုင်ဘဲ ခုနက သူထိုးဟောင်နေရာဖက် တဟုန်ထိုးပြေးထွက်သွားတော့တယ်။

ဒီတော့မှ မုဆိုးမလဲ ချက်ခြင်းပြုန်မှုချလိုက်ပြီး

"ဟင်း ပြောစကားနားမထောင်တဲ့ကောင်၊ နင်မရှိလဲ ငါ့တစ်ယောက်တည်း လွတ်လပ်စွာခြောက်လို့ရသေးတယ် မှတ်ထား"

ဆိုပြီး လွတ်လပ်စွာ ဆက်ခြောက်နေတယ်။

"တို့က မုဆိုးမဆိုပေမယ့် အများကြီးကျန်သေးတယ်နော်၊ ဟင်း"

သူ့ခမျာ သစ်ပင်ကိုတိုင်တည်လိုက်၊ တောင်စောင့်နတ်ကို တိုင်တည်လိုက်နဲ့ တစ်ယောက်တည်းအူမြူးနေတယ်။

ဒါပေမဲ့ သိပ်မကြာဘူး

"ဝုတ် ဝုတ် ဝုတ် ဝုတ် ဝုတ် ဝုတ်"

ခုနက သူဖင်ပိတ်ကန်လိုက်တဲ့ ဂျစ်တူး။ ဟောင်သံပေးပြီး သူ့ဆီပြန်ပြေးလာတယ်။

"ဟာ"

ကြည့်လိုက်တော့ ပါးစပ်မှာ တစ်ခုခုကိုက်လာသလို။

"ဟာ၊ ဟုတ်ပြီ"

ဂျစ်တူးတစ်ခုခုတော့ ရှာလာပြီ။

ဂျစ်တူးကအမဲလိုက်နေကျခွေးမို့ တော်ရုံအမဲငယ်လောက်ဆို သူ့ဘာသာသူရှာပြီး ကိုက်ချီလာတတ်တယ်။ အခုလဲ ပျော်ရွှင်စွာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြေးလာပုံထောက်တော့ ဂျစ်တူးတစ်ခုခုရလာတာ သေချာပြီ။

မုဆိုးမလဲဝမ်းသာအားရပဲ ခါးကြားထဲထိုးထားတဲ့ အမဲဖျက်ဓား ထုတ်ပြီး အသင့်စောင့်တယ်။

"နိပ်ပြီ ယုန်လား၊ ပဒတ်လားမသိဘူး၊ ရောင်းစားမရလဲ ဟင်းစား တော့ရပြီ"

ဆိုပြီးအသင့်စောင့်တယ်။ ဟုတ်တယ်လေ။ တစ်ခါတလေ ဂျစ်တူးယူလာတဲ့အမဲက အသက်ရှင်နေနိုင်သေးတာကိုး။ ဒါကိုသူက ကိစ္စ တုံးပစ်ရတယ်လေ။

အခုလဲ ဘာကောင်မှန်းမသိ။

"ဝုတ် ဝုတ် ဝုတ်"

သူ့လက်ထဲပါလာတာကိုကြည့်ပြီး
သူမယုံနိုင်အောင်ဖြစ်နေတယ်။
အသေအချာပြန်ကြည့်တယ်။

သိပ်မကြာဘူး။ ဂျစ်တူး သူ့ဆီရောက်လာတယ်။ သူ ဂျစ်တူး ကိုလှမ်းဖမ်းရင်း

"ပေး ပေးစမ်း ဂျစ်တူး ပေးစမ်း" ဆိုပြီးဆွဲယူလိုက်တယ်။

"ဝုတ် ဝုတ် ဝုတ် ဝုတ် ဝုတ် ဝုတ်"

ဂျစ်တူးက ရုတ်တရက်မပေးဘူး။

"ပေးမယ့်သာ ပေးစမ်းပါကွာ"

"ဝုတ် ဝုတ် ဝုတ်"

အတင်းဆွဲယူလိုက်မှ

"ဟာ"





သူ့လက်ထဲပါလာတာကိုကြည့်ပြီး သူမယုံနိုင်အောင်ဖြစ်နေ တယ်။ အသေအချာပြန်ကြည့်တယ်။

ဟုတ်တယ်။ သူ့လက်ထဲပါလာတာ မိန်းမအဝတ်အစားတွေ ချည်း။

"ဟာ"

× × ×



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

သူ့ရဲ့နောက်တော်ပါး အမဲလိုက်ခွေးဂျစ်တူးပါးချောင်ထဲဆွဲလာတဲ့ မိန်းမအဝတ်အစားတွေတွေ့တော့ မုဆိုးမ အံ့အားသင့်နေတယ်။

"ဟယ် ဘယ်လိုလုပ်ရပါ့"

မိန်းမအဝတ်အစားတွေကို ကိုင်ထားပြီး ပထမတော့ ရှက်ကိုးရှက်ကန်းဖြစ်နေသေးတယ်။ နောက်တစ်ခါ အဝတ်အစားတွေပြန်ကြည့်တယ်။ အသည်းယားပြီးတောင် ဖျစ်ညှစ်လိုက်မိသေး။

မိန်းမအဝတ်အစားတွေကိုင်ပြီး တောထဲဘာလုပ်ရမှန်းမသိဘူး။ နောက်မှ





"ဟာ ဟုတ်ပြီ"

တွေးမိပြီး သူပျော်သွားတယ်။ ဟုတ်တယ်။ ရွာမှာဆိုရင် လွတ်လပ်စွာ ခြောက်ခွင့်မရသမျှ အခု တောထဲမှာ အခန့်သင့်မိန်းမအဝတ်အစားတွေနဲ့ ဒီမိုကရေစီနည်းအရ လွတ်လပ်စွာခြောက်ခွင့်ရတော့မှာကိုး။

ရွာမှာဆိုရင် မိန်းမအဝတ်အစား ဝတ်ရဖို့မပြောနဲ့၊ နည်းနည်းလေးနွဲ့မိတာတောင် မိဘကိုယ်တိုင် ဓားနဲ့အလိုက်ခံရတဲ့ဘဝဆိုး။ အခုတော့ တောထဲတောင်ထဲမှာ ခွေးလေးဂျစ်တူးကောင်းမှုနဲ့ မိန်းမအဝတ်အစားလဲရပြီ။ တစ်သက်လုံးမျှော်လင့်ခဲ့တဲ့ မျှော်လင့်ချက်လဲ ပြည့်ပြီပေါ့။ ဒါကြောင့် ဝမ်းသာအားရပဲ

"ဟုတ်ပြီ၊ ဒါ ငါ့ကို သိပ်ဖြစ်စေချင်လို့ သိကြားမင်းကျောက်ဖျာတင်းပြီး မိန်းမအဝတ်အစားတွေ ပစ်ချလိုက်တာပဲ"

လို့တွေးမိပြီး သူ့ရဲ့တစ်သက်တာဆန္ဒကို ဖြည့်ဆည်းဖို့ အကောင်အထည်ဖော်ပါတယ်။ ရှိရင်းစွဲအကျီစုတ်နဲ့ ဝတ်လာတဲ့လုံချည်ကိုချွတ်ပြီး လွှင့်ပစ်ကာ လက်ထဲကအသင့်ရထားတဲ့ မိန်းမအဝတ်တွေကောက်စွပ်လိုက်တယ်။

"ဟာ ကွက်တိ"

မိန်းမအဝတ်အစားတွေက သူနဲ့တိုင်းချုပ်ထားသလားအောက်မှတ်ရအောင် ကွက်တိဖြစ်နေပါတယ်။

မုဆိုးမ အတင်းကို ဝမ်းသာသွားတော့တာ။ တစ်သက်လုံးဝတ်ချင်ခဲ့တဲ့ထဘီနဲ့ ဇာဘော်လီက သူ့ကို အူမြူးစေတယ်။ ဒါကြောင့် ပါလာတဲ့ဒူးလေးကြီးခွပြီး

"ဒီအရွယ် ဂျမ်းဂျမ်းတို့အရွယ် ကျွန်မ ကျွန်မတို့အရွယ် နှစ်ဆယ်ကျော်ငါးနှစ်ပတ်လည် စူးစမ်းတဲ့အရွယ်၊ ရှူးရှုမ်းတဲ့အရွယ်ပေါ့ပဲ၊ အပျိုဖြန်းဆိုမလား အပျိုမဒန်းဆိုမလား ထူးထူးဆန်းဆန်းဆိုကြ



www.burmeseclassic.com

www.burmeseclassic.com



ပြန်တယ်၊ ဟော့ ဒီအရွယ် ဂျမ်းဂျမ်းတို့အရွယ်"

မုဆိုးမကြီးဝမ်းသာတာ ကြည့်တောင်မကောင်းဘူးပေါ့ဗျာ။ မိန်းမအဝတ်အစားအပြည့်အစုံဝတ်၊ ဒူးလေးကြီးပေါင်ကြားခွပြီး တောထဲသီချင်းတညီးညီးနဲ့ လှည့်ပတ်ပြေးနေတော့တာ။ ဒီကြားထဲ တောထဲတောင်ထဲတွေ့တဲ့ပန်းတွေ တထောကြီး ခေါင်းပေါ်ဝေနေအောင် ပန်ထားတော့ပြန်တာပေါ့။

"ကိုကို ကျွန်တော့်ကို ချာတိတ်လို့မခေါ်နဲ့၊ နာမည်ရှိတယ် မကြိုက်ဘူးသိရဲ့လား၊ ကိုကိုနဲ့ကျွန်တော် အရပ်ခြင်းတိုင်းကြည့်မလား မီခါနီးပြီ ဒါကလေးလား အားဟားဟားဟား"

တောထဲတောင်ထဲ မိန်းမအဝတ်အစားကြီးဝတ်ပြီး မုဆိုး

"ဟင် ဒါတော့ ဘယ်ဖြစ်ပါ့မလဲ၊
ရှင့်ကို အဲလေ ခင်ဗျားကို
အကျိုးပေးလိုက်ရင် ကျုပ်က
ဘယ်လိုနေမှာလဲ၊ ကျုပ်က
အပုန်းနော်"

ခြောက်၊ မုဆိုးမဖြည်တာ။ ဖြည်တာ။ တစ်သက်လုံးမျှော်လင့်ခဲ့တဲ့ မျှော်လင့်ချက်။ အဖြစ်ချင်ဆုံးဆန္ဒ။ အခုမှပြည့်တော့ ဒူးလေးကြီးခွပြီး ပျော်နေတာ။

"ခင်ဖုန်းမို ချစ်ပြုံးချိုသာတယ်လေ ဖင်တုန်းကိုကကြီးကြီး ကြီးလှပါသဗျတော်"

သူ့ဘာသာသူလဲ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိတော့ဘူး။ အပျော်လွန်ပြီးဒိုးနေတာ။ ဘယ်လောက်ထိ အပျော်လွန်သလဲဆိုရင် ညနေတောင်စောင်းရောပေါ့။ ဒီလိုနဲ့ ဒူးလေးခွပတ်ပြေးနေရာက စမ်းချောင်းလေးတစ်ခု နံဘေးအရောက်





"မေစစ်ကညာ ဖေချစ်တာရယ်လေ ရွှေမေတ္တာက ကြီး ကြီး လှပါသဗျတော်၊ တစ်ရှာသား"

"ချွတ်ချွတ် ချွတ် ချွတ်"

သူ့သီချင်းမဆုံးခင် စမ်းချောင်းနံဘေးချုံကလေးက အသံကြားတော့ ကြောင်ပြီးရပ်သွားတယ်။ နောက်တော့ လန့်ဖျပ်ပြီး ခွထားတဲ့ဒူးလေးခွလျက်ကြီး လှည့်ချိန်ကာ

"ဟော့ ဘယ်သူလဲ ဘာကောင်လဲ ထွက်ခဲ့စမ်း"

ထွက်ခဲ့စမ်းတဲ့။ ကျားသာဖြစ်နေရင် သေတယ်။ ဒါပေမယ့် သူ့အော်သံကြားတော့ ချုံပုတ်က လှုပ်လာတယ်။ သူလဲ လန့်ပြီး

"ဟော့ ထွက်ခဲ့လို့ ပြောနေတယ်လေ၊ ဘယ်သူလဲ ပစ်ထည့်လိုက်ရမလား"

သူ့အော်သံလဲကြားရော ချုံထဲကအသံက

"ထွက်လာလို့မရဘူး၊ ကျွန်မ ကျွန်မ"

"အာ"

အသံက မိန်းကလေးအသံ။ ဒါနဲ့ မုဆိုးမလဲ ကြောင်ပြီး

"ဟင် ဘာလို့ထွက်လာလို့မရတာလဲ၊ နင်ကဘာဖြစ်နေလို့ ထွက်လာလို့မရတာလဲ"

"ကျွန်မအဝတ်အစားတွေ ရှင်ဝတ်ထားတာကိုး၊ ကျွန်မ ဘယ်လိုထွက်လာလို့ရမှာလဲ"

"ဟာ"

ဒီတော့မှ မုဆိုးမ သူ့ကိုယ်သူပြန်စမ်းမိတယ်။ ဟုတ်တယ်။ ဝတ်ထားတဲ့အဝတ်အစားတွေက မိန်းမအဝတ်အစားတွေကိုး။

"ဟင် ဒါဖြင့် ဒီအဝတ်အစားတွေ ဘာလို့ ကျုပ်ကိုယ်ပေါ် ရောက်နေတာလဲ"

သူ့ရဲ့ကြောင်တောင်တောင်အမေးကို ချုံထဲကအသံက



www.burmeseclassic.com

www.burmeseclassic.com



“ဘာလို့ရောက်ရမှာလဲ ရှင့်ခွေးက စမ်းချောင်းထဲ ကျွန်မ ရေချိုးတုန်းချီပြေးသွားတာကို”

“ဟင်”

ဒီတော့မှ မုဆိုးမ သဘောပေါက်တော့တယ်။ သူဝတ်ထား တဲ့အဝတ်အစားတွေက သိကြားမင်းကျောက်ဖျာတင်းပြီး ကောင်းကင် က ပစ်ချပေးတာမဟုတ်ဘဲ သူ့ခွေးဂျစ်တူး အာချောင်ပြီး သူမျှားရေ ချိုးနေတုန်း အဝတ်တွေ ဝင်ချီလာတာကိုး။ ဒါနဲ့ သူလဲ ဘယ်လိုပြော ရမှန်းမသိဘူး။ ဒါကို ချုံထဲက အမျိုးသမီးက

“အဲဒီတော့ ကျွန်မအဝတ်တွေ ရှင်ဝတ်ထားတာတွေ ပြန် ပေး ဒါပဲ”

“အဲ”

မုဆိုးမယောင်ပြီး သူ့ကိုယ်သူ ပြန်အုပ်မိတယ်။ နောက်မှ ကယောင်ကတမ်းနဲ့

“အို အဲဒီလိုမျိုးတော့ ဘယ်ဖြစ်မလဲဗျ၊ ခင်ဗျားကို ပြန်ချွတ် ပေးလိုက်ရင် ကျုပ်က ဘယ်လိုနေရမှာလဲ”

“ရှင့်ဘာသာရှင် နေချင်သလိုနေပေါ့၊ ဒါနဲ့ ရှင့်အဝတ်အစား တွေကရော”

“ဟို့ . ဟို”

မုဆိုးမလက်ညှိုး တောင်ထိုးမြောက်ထိုး ဖြစ်သွားတယ်။ နောက်မှ သတိရပြီး

“ဒါဖြင့် ခဏစောင့်၊ ကျုပ်အဝတ်အစား သွားပြန်ယူလိုက် ဦးမယ်”

ဆိုပြီး ခြေလှမ်းအပြင်

“ဟင် ရှင့်အဝတ်အစားတွေက ဘယ်မှာကျန်ခဲ့လို့လဲ”

“တောဖျားမှာ”





“ဟာ တောဖျားဆို အဝေးကြီး၊ ညကလဲမှောင်တော့မယ်၊ ကျွန်မ ဒီမှာမနေရဲတော့ဘူး”

“အဲ”

သူပြောတာလဲ ဟုတ်ပါရဲ့။ ညက မှောင်ရိပ်သန်းနေပြီဆို တော့ တောထဲ မိန်းကလေးတစ်ယောက်တည်း နေခဲ့လို့မဖြစ်နိုင်။ ဒါကြောင့် တစ်မျိုးစဉ်းစားပြန်တယ်။

“ဒါဖြင့် ခင်ဗျားဒီမှာနေခဲ့၊ ကျုပ်ရွာပြန်ပြီး အဝတ်အစား ပြန်ယူမယ်”

“အို ဒါလဲ ဖြစ်မလား၊ ရွာကလူတွေက ကျွန်မအဝတ်မပါ ဘဲ တောထဲမှာ တစ်ယောက်တည်းဆို ပြောစရာဖြစ်ရော့မယ်၊ နောက် ပြီး ညကြီးမိုးချုပ် ကျွန်မတစ်ယောက်တည်း တောထဲမနေရဲပေါင်”

“ဒါလဲဟုတ်သား”

ရွာပြန်သွားဖို့ဆိုတာကလဲ အလှမ်းဝေးသား။ နောက်ပြီး ညမှောင်မှောင်မှာ သူ့တစ်ယောက်တည်း နေခဲ့ဖို့မပြောနဲ့၊ တောထဲ ပြန်တက်ဖို့တောင် လွယ်လှသည့်ကိစ္စတော့မဟုတ်။

“ဒါ ဒါဖြင့် ဘယ်လိုလုပ်မလဲ”

နှစ်ယောက်သား ငြိမ်သက်သွားကြတယ်။ နောက်မှချုံထဲက မိန်းကလေးက

“ကဲ ဒါဆိုလဲ ရှင်ဝတ်ထားတဲ့ကျွန်မအင်္ကျီ ကျွန်မကိုပြန်ပေး”

မုဆိုးမ လန့်သွားတယ်။ သူဝတ်ထားတဲ့အင်္ကျီကို ပြန်ကိုင် ပြီး

“ဟင် ဒါတော့ ဘယ်ဖြစ်ပါ့မလဲ၊ ရှင့်ကို အဲလေ ခင်ဗျားကို အင်္ကျီပေးလိုက်ရင် ကျုပ်က ဘယ်လိုနေမှာလဲ၊ ကျုပ်က အပုန်းနေ”

“ရှင့်မှာ ကျွန်မဇာဘော်လီကျန်တာပဲ၊ ဇာဘော်လီနဲ့နေပေါ့”

“အဲ”



www.burmeseclassic.com

www.burmeseclassic.com



သူပြောတာက သဘာဝကျနေသလို။ အင်္ကျီနဲ့ဇာဘော်လီ ရှိသည့်ကြားက တစ်ခုတော့မှျထားသင့်တာပေ့ါ။ နောက်ပြီး ဒီပစ္စည်းတွေက ကိုယ့်ပစ္စည်းတွေမဟုတ်။ သူ့ပစ္စည်းတွေလေ။

ဒါနဲ့ မတတ်သာတဲ့အဆုံး ဝတ်ထားတဲ့အင်္ကျီကို ဗျစ်ဗျစ်နဲ့ ချွတ်ပြီး ချုံထဲပစ်ပေးလိုက်တယ်။

"ရော့ အဲဒီမှာအင်္ကျီ"

ချုံကလေး တလှုပ်လှုပ်ဖြစ်သွားတယ်။ ခဏကြာမှ

"လုံချည်ပါဟထား"

မုဆိုးမလန့်သွားတယ်။ ချုံထဲကအသံက

"လုံချည်၊ အဲ ထဘီဟ,ထားလို့ပြောတာ"

"တးဝရောလား၊ သူများက ပါကင်
အဲလေ အပုန်း၊ သခွား သီး
ခရမ်းသီးမုန်းလွှန်းလို့ ဟွန်း"

"ဘာ ဘာလုပ်ဖို့လဲဟင်၊ ဘဝပျက်မှာလား"

"ရှင်လျှာမရှည်နဲ့၊ ပြောတဲ့အတိုင်းလုပ်"

မုဆိုးမခမျာ အားနာနာနဲ့ပဲ ဝတ်ထားတဲ့ထဘီဟ,ပေးလိုက်တယ်။

သိပ်မကြာဘူး။ ချုံပုတ်လှုပ်သံ၊ ခြေသံများနဲ့အတူ သူဝတ်ထားတဲ့ထဘီ လှုပ်သွားတာ သတိထားမိတယ်။ နောက် သူမရဘူးသောအနံ့တချို့။

"ဟင်"

သူလဲ လန့်ပြီးလှည့်ကြည့်လိုက်တော့





"အောင်မလေး ဘာကြီးလဲ"

ရုတ်တရက်ဆိုတော့ သူလဲလန့်သွားတယ်။ သူနဲ့ မျက်နှာချင်းဆိုင် ထဘီတစ်ကွင်းထဲမှာ မြင်လိုက်ရတာက သူတို့ရွာက အလှဆုံးဆိုတဲ့ ကွမ်းတောင်ကိုင်ဖြူလေးနွယ်။

ဖြူလေးနွယ်ကိုမြင်တော့ သူလန့်သွားတယ်။

"ဟင် နင် နင် ဘာလုပ်တာလဲ"

သူ့အမေးကို ဟိုကလဲမခံ

"ဘာလုပ်ရမှာလဲ၊ ကျွန်မထဘီထဲ ကျွန်မပြန်ဝင်လာတာလေ"

"ဟင်"

ကြည့်လိုက်တော့

"ဟင် ဟင် ရှင်ဘာကြည့်တာလဲ၊ ပါးချထည့်လိုက်လို့"

ဟိုကစကားကို သူလဲ ရှက်ကိုးရှက်ကန်းနဲ့

"ဟုတ်လားလို့ကြည့်တာပါ၊ အောင်မလေး မိန်းမချင်းကိုများ"

ပြောမယ့်သာပြောရတာ။ သူလဲ ရွာကအလှဆုံးမိန်းကလေးနဲ့ သေးငယ်ကျဉ်းမြောင်းတဲ့ ထဘီတစ်ကွင်းထဲ နှစ်ယောက်အတူရှိနေတော့ ကတုန်ကယင်ပေ့ါ။ ဒါကို ဟိုကလဲမခံဘူး။ ပြန်ပက်တယ်။

"ဟင် ဘာမိန်းမချင်းလဲ ဘာမိန်းမချင်းလဲ"

"ဘာလို့လဲ"

"ဘာဖြစ်ရမှာလဲ၊ မိန်းမချင်းလဲပြောသေး၊ ခါးနားမှာ ဖုဖုကြီးက ဘာကြီးလဲ"

မုဆိုးမ ခေါင်းမွေးကအစ ထောင်ကုန်တယ်။ ပြီးတော့ ထံတွေးမြို့ချပြီး

"အဲ အဲဒါ ဒူး ဒူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဒူးလဲ ဘာဒူးလဲ"

"ဘာလာလာဒူး အဲလေ"

"ဘာ ဘာပြောတယ်၊ ဒူးက ဒီအရွယ်မဟုတ်ဘူး၊ နောက်ပြီး ဒူးက ချက်အောက်တက်မပေါက်ဘူး"

ဟိုက ချက်ကျလက်ကျ ပြောနေတော့ မုဆိုးမ ပျာတောက်သွားတယ်။ နောက်မှ သူ့ဟာသူစမ်းပြီး

"ဟို ဟိုလေ ဒူး ဒူးဆိုတာ ဒူးလေး ဒူးလေး"

ဟိုက မျက်မှောင်ကြုတ်သွားတယ်။ ပြီးမှ

"ဟင် ဒူးလေးကြီး ပေါင်ကြားညှပ်ပြီး ဘာလုပ်နေတာလဲ"

"ပျော် ပျော်လို့၊ ဒူးလေးမြင်းလုပ်စီး၊ အဲ ဒူးလေးမြင်းစီး"

ဖြူလေးနွယ် မျက်မှောင်ပိုကြုတ်သွားတယ်။ နောက်မှ

"ဒူးလေးမြင်းစီးနေတယ် ဟုတ်လား၊ မှန်းစမ်း ဟုတ်မဟုတ် စမ်းကြည့်မယ်"

ဟိုကလဲ စပ်စုတတ်တဲ့ မိန်းမဖြစ်မယ်။ ထဘီကြားလက်နှိုက်ပြီး စမ်းတော့

"အောင်မလေး"

ဖြူလေးနွယ်အော်သံကြောင့် မုဆိုးမ ပျာပျာသလဲဖြစ်သွားတယ်။

"ဘာ ဘာစမ်းမိလို့လဲဟင်၊ ဘာစမ်းမိလို့လဲ"

ဟိုက ရွံ့ရှာဟန်နဲ့ လက်ကြီးပြန်တက်လာပြီး

"ဘာကြီးလဲ၊ ဒူး ဒူးလေးလဲ ပြောသေး၊ ထိပ်ကလဲ ချွန်ချွန်ကြီး၊ အထစ်ကြီးလဲပါသေး၊ အဲဒါဘာကြီးလဲ၊ အဲ အဲဒါပဲဆို ငါထင်တာမှန်တယ်နော် မှန်တယ်"

မုဆိုးမလဲ ထဘီကြားပြန်ငုံ့ကြည့်ပြီး

"အာ အဲဒါ ဒူးလေးမှာတပ်ထားတဲ့မြားပါ၊ ဒါကြောင့် ထိပ်





ချွန်ပြီး အထစ်ပါတာပေါ့"

ဒီတော့မှ ဖြူလေးနွယ်လဲ

"ဒါဆိုလဲ အဲဒီဒူးလေးကြီး ထုတ်လိုက်တော့လေ၊ ထုတ်လိုက်တော့"

မုဆိုးမလဲ သူပြောတဲ့အတိုင်း ဆွဲထုတ်လိုက်တယ်။

"ဟင် တကယ်ဒူးလေးကြီး"

တကယ် ဒူးလေးကြီးမြင်တော့ ဖြူလေးနွယ်အံ့အားသင့်နေတယ်။

"ဒူးလေးပါဆို"

နောက်မှ မျက်မှောင်ပြန်ကြုတ်ပြီး

"မြား မြားကျန်ခဲ့လား"

မုဆိုးမ ကြောင်တောင်တောင်နဲ့ သူ့ဒူးလေးကြီးပြန်ကြည့်တယ်။

"ပါတယ်လေ၊ ဒီမှာ မြားကတန်းလန်း"

ဟုတ်တယ်၊ ဒူးလေးမှာ မြားတုံးကြီးကတန်းလန်း။

"ဟင် ဒါ ဒါဆို ငါ့လက်ထဲမှာဘာကြီးလဲ"

မုဆိုးမလဲ ဘာပြောရမှန်းမသိ။ နောက်မှ

"ဘယ် ဘယ်သိမလဲ၊ နင့်လက်ထဲကဟာ နင်ပဲသိမှာပေါ့"

"မှန်းစမ်း"

ဆွဲထုတ်လိုက်တော့

"အောင်မလေး"

ဒီတစ်ခါ ထအော်မိတာက မုဆိုးမ။ ဖြူလေးနွယ်လက်ထဲ မြင်လိုက်ရတာက

"သခွားသီး"

အရွယ်တော်သခွားသီးကြီးမြင်တော့ မုဆိုးမ ကြက်သီးထ



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။

"ဟင် ကိုယ်လုံးတီးနဲ့ သခွားသီး နင် နင်ဘာလုပ်"

သူ့အမေးကို ဖြူလေးနွယ်လဲ ပျာပျာသလဲနဲ့

"ဟာ ဘာလုပ်ရမှာလဲ၊ တစ်နေကုန် တောထဲပုန်းနေရတာ ဗိုက်ဆာလို့ ချိုးစားတာပေါ့၊ ဘာလဲ နင်ရောစားချင်လို့လား"

မုဆိုးမတွန့်သွားတယ်။ ပြီးမှ

"စားစရာလား၊ သူများက ပါကင် အဲလေ အပုန်း၊ သခွားသီး ခရမ်းသီးမုန်းလွန်းလို့ ဟွန်း"

"မုန်းတာမမုန်းတာမလုပ်နဲ့၊ ထဘီတစ်ထည်၊ ဒူးလေးတစ်လက်၊ သခွားသီးတစ်လုံးနဲ့ အိမ်ဘယ်လိုပြန်ကြမလဲ"

ဟိုကလဲ ငယ်ကြောက်ဆိုတော့
မိန်းမများနဲ့က နီးနီးကပ်ကပ်နေဖူးတာလဲ
မဟုတ်ဘူးလေ။ ဒါကြောင့်
တစ်လှမ်းနှစ်လှမ်းလျှောက်ပြီးတာနဲ့
ပြဿနာက စတော့တာပဲ။

ဒီတော့မှ စဉ်းစားစရာဖြစ်လာတယ်။ ထဘီကလဲ ကွင်းကျဉ်းကျဉ်းလေးဆိုတော့ လူနှစ်ယောက်တောင် ပူးကပ်နေရတာ။

"နင်အရှေ့ကသွား၊ ငါအနောက်ကနေမယ်"

မုဆိုးမစကားကို ဖြူလေးနွယ်က

"အို နင့်ကို ယုံရလို့လား"

ဒီစကားကို မုဆိုးမကတင်းပြီး ခါးပေါ်လက်ထောက်ကာ

"အောင်မာ ငါ့ကိုမယုံဘူးလေး ဘာလေးနဲ့၊ အပြောရိုးလို့ တောတိုးနေတဲ့ ဇော်ရှိုးအခြောက်ဟဲ့ သိပြီလား"

"အခြောက်မကလို့ ဘာပဲဖြစ်ဖြစ် နင့်မှာလက်နက်ပါတာ





ပဲ မဟုတ်လား"

"ဒီမှာကိုင်ထားတယ် ဒူးလေး"

"အေး နင်အနောက်ကနေ ငါ့ကိုကြံလိုက်ရင် ဘယ်လိုလုပ်မလဲ၊ ဒါကြောင့် နင်အရှေ့ကသွား၊ ငါအနောက်ကလိုက်မယ်"

"အောင်မလေး"

မုဆိုးမတွန့်သွားတယ်။

"ဟင် ဖြစ်မလား၊ နင့်မှာက အရွယ်တော်သခွားသီးကြီးနဲ့ ငါပွင့်သွားမှာပေါ့"

"ပွင့်စရာလား၊ ဒါမျိုးလွယ်တာမှတ်လို့၊ သွား အရှေ့က၊ ယောက်ျားဖြစ်ပြီးသခွားသီးကြောက်သေး"

"မသွားဘူး၊ မသွားဘူး၊ တွေးရုံနဲ့တင် ကြက်သီးဖြန်းနေပြီ၊ နင် သခွားသီးလွှင့်ပစ်လိုက်"

"ပစ်စရာလား၊ ဒီသခွားသီးရဖို့ မနည်းကြိုးစားထားရတာ"

"နင်သခွားသီးမပစ်ရင် ငါမလှည့်နိုင်ဘူး၊ ဒါပဲ"

နှစ်ယောက် ဘယ်လိုမှညှိမရဖြစ်နေကြတယ်။ နောက်မှ မုဆိုးမက

"ဒါဖြင့် ဒီလိုလုပ်၊ လုံခြုံရေးအရစိတ်ချရအောင် နင်လဲ ဟိုဖက်လှည့်၊ ငါလဲ ဒီဖက်လှည့်ပြီးသွားမယ်၊ ဘယ့်နှယ်လဲ"

"ဟာ နှစ်ယောက်လုံး ကျောခိုင်းထားတော့ လမ်းကို ဘယ်လိုလျှောက်မှာလဲ"

ဒါဆိုတော့လဲ ဟုတ်နေတာပါပဲ။ နှစ်ယောက်လုံး ကျောခိုင်းထားတော့ လမ်းကဘယ်လိုမှ လျှောက်လို့ရတော့မှာမဟုတ်။

"ဒါဖြင့် ဘေးချင်းယှဉ်သွားရင်ရော"

"အို အခုတောင် လူကကပ်နေရတာ ဘေးချင်းယှဉ်သွားဖို့ဆိုတာ ဘယ်လိုဖြစ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်လိုလုပ်မှာလဲ"

နှစ်ယောက်သား ငြိမ်သွားပြန်တယ်။ ညကလဲ တဖြည်းဖြည်းတော့နက်လာပြီ။ ဒီအချိန်မှ မပြန်ရင်လဲ မဖြစ်တော့တဲ့အခြေအနေ။ ဒါကြောင့်

"ဒါဖြင့် ဒီလိုလုပ်၊ ဒီအတိုင်းပဲ မျက်နှာချင်းဆိုင်ပဲ ဘေးတိုက်သွားမယ်၊ ဒါမှ လုံခြုံရေးအရ စိတ်ချရမှာ"

"ကောင်းပြီလေ၊ ဒါဆိုလဲ ဒီလိုပဲ သွားကြတာပေါ့"

နှစ်ဦးသဘောတူပြီး ခြေလှမ်းစတယ်။ နှစ်ယောက်သားကြီး ပူးကပ်နေတာဆိုတော့ စဉ်းစားသာကြည့်။ ဟိုကလဲ ငယ်ခြောက်ဆိုတော့ မိန်းမများနဲ့က နီးနီးကပ်ကပ်နေဖူးတာလဲ မဟုတ်ဘူးလေ။ ဒါကြောင့် တစ်လှမ်းနှစ်လှမ်းလျှောက်ပြီးတာနဲ့ ပြဿနာက စတော့တာပဲ။

"ဟဲ့ ဟဲ့ ခါးနားမှာ ဘာကြီးလဲ၊ ဘာကြီးလဲ"

"ဟာ နင့်ဘာသာနင် သခွားသီးကြီးကိုင်လာတဲ့ဟာကို"

"ဟင် သခွားသီးက အနွေးမြန်လှချည်လား၊ ဟင် ဟင် ဒါဒါက"

"ဒူး ဒူး အဲ ဒူးလေး"

"ဟင် ဒူးလေးက နင်ကိုင်ထားတာလေ၊ ဟဲ့ဟဲ့ ဘာ ဘာလို့ရှေ့တိုးလာတာလဲ၊ ငါ ငါ သခွားသီးနဲ့ ဆောင့်ထိုးလိုက်ရ၊ ဟယ် ဟယ် မြား မြားက"

ဘယ်လိုမှတားမရ။ မုဆိုးမ မိန်းမပျိုရဲ့ အထိအတွေ့ကြောင့် တစ်မုဟုတ်ချင်း မုဆိုးစိတ်ပေါက်သွားပြီ။ ဒီကြားထဲ နှစ်ယောက်သား ခလုတ်တိုက်ပြီး မှောက်အလဲ

"အို အမေ့"

ဒီလိုနဲ့ပေါ့။





မနက်လင်းတော့ မိဘများက သားသမီးပျောက်လို့ လိုက်ရှာတော့ တောထဲမှာ ထဘီတစ်ကွင်းတည်း အိပ်ပျော်နေတဲ့ မုဆိုးမတို့စုံတွဲ တွေ့ရတော့တာပါပဲ။

ပထမတော့ ဖြူလေးနွယ်တို့မိဘများ ရင်ထုပြီးခွဲဖို့လုပ်တယ်။ ဒါပေမယ့် ထဘီတစ်ကွင်းထဲဆိုတော့ ဘယ်လိုခွဲလို့ရမှာလဲ။ နောက်ပြီး လက်ပူးလက်ကြပ်ကြီးလေ။

ဒီလိုနဲ့ပဲ မုဆိုးမအောင်ဂျမ်း အိမ်ထောင်ကျသွားတော့တယ်။

အခုဆို ကလေးတောင်အတော်ကြီးပေါ့။ ဒါပေမယ့် အောင်ဂျမ်းကို သခွားသီးတော့ ပြလို့မရဘူး။ ကြက်သီးထတုန်းမို့ပေါ့။

ဒီလိုနဲ့ပဲ မုဆိုးမရဲ့ sexy postတစ်ခန်းရပ်တယ်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဒါက သမားရိုးကျဖြစ်စဉ်တစ်ခုလို့ ဆိုချင်လဲဆိုပေါ့။ ဒါပေမယ့် မသိသူတွေအတွက်က ထူးဆန်းတဲ့ sexy post ဖြစ်နေနိုင်တယ်။

ကျွန်တော်တို့အချင်းချင်းမှာတော့ ဒီကိစ္စတွေက ဖြစ်ရိုးဖြစ်စဉ်မို့ သိပ်ပြီးတော့ ထူးဆန်းလှတာတော့မဟုတ်ဘူး။ ဒါပေမယ့် ကျွန်တော်တို့အကြောင်း မသိတဲ့သူတွေအတွက်ကတော့ အထူးအဆန်းဖြစ်နေနိုင်တယ်။

ရိုးရိုးပဲဆိုကြပါစို့။

အရိုးဆိုတာကို သိမှာပေါ့။ အရိုးဆိုလို့ ကြောင်ရိုး၊ ကြက်ရိုး၊ စသည်ဖြင့် စဉ်းစားချင်စဉ်းစားနေလိမ့်မယ်။ ကျွန်တော်ပြောတာက လူရိုး။





လူရိုးဆိုလို့ လူတွေအရိုးကို ပြောတာလဲမဟုတ်ဘူး။ အရိုးဆိုတဲ့လူ။

ဒါဆို တေးရေးတေးဆို စာရေးဆရာ ဟာဟီရအစုံလုပ်တဲ့ အရိုးကို ပြေးမြင်မိမှာပါ။ နာမည်နဲ့လိုက်အောင် တစ်ကိုယ်လုံးမှာ အရိုးနဲ့အမွှေးပဲ ပါတဲ့သူပေါ့။

ဒီကောင်နဲ့ ကျွန်တော်တို့ခင်တာ အခုမှမဟုတ်ပါဘူး။ ဟိုးအရင်ကတည်းကပါ။ အရိုးခမျာလဲ သီချင်းမဆိုသေး၊ ကျွန်တော်တို့လဲ စာမရေးသေး၊ အဲဒီအချိန်ကတည်းကပေါ့။ အရိုးက ဆောက်လုပ်ရေးမှာလုပ်ရင်း ကျွန်တော်တို့အိမ်ရှေ့လမ်းတွေ ကန်ထရိုက်နဲ့ခင်းရင်းခင်ကြတာပါ။

အဲဒီကစလို့မှ သူလဲသီချင်းတွေရေး၊ ကျွန်တော်လဲ စာတွေရေးရင်းက အခုအချိန်ထိ ခင်မင်ခဲ့ကြတာပါ။

ကျွန်တော့်ရဲ့ညီနဲ့ ဆရာတပည့်လို ဖြစ်နေတဲ့အပြင် သူ့ရဲ့ စီးရီးဖြစ်တဲ့ 'လူလည်အာရှသား'စီးရီးကို ကျွန်တော်က ပရိုဂျူဆာလုပ်ပြီး ထုတ်ခဲ့တာပါ။

ဒီမှာ ရယ်စရာပြောပြပါ့မယ်။

သူ့ရဲ့သီချင်းကိုစပြီး ရွေးချယ်တာကအစ အရိုးရယ်၊ ဓီရာမိုရ်ရယ် ကျွန်တော်ရယ် စုပြီးရွေးခဲ့ပါတယ်။

အဲဒီမှာ အားလုံးအကြိုက်နဲ့ကိုက်ညီတာ အခုနာမည်ကြီးနေတဲ့ 'ဥ'ဆိုတဲ့ သီချင်းပါပဲ။

'ဥ'သီချင်းဟာ အကြောင်းအရာ၊ စာသား၊ သံစဉ် ထူးခြားတဲ့အပြင် တခြားတေးရေးတွေ ရေးလေ့မရှိတဲ့သီချင်းလေးဖြစ်တဲ့အတွက် ကြိုက်ကြတာပါ။

အဲဒီသီချင်းကို အသံသွင်းစဉ်ကလဲ တကယ့်ကြက်အစစ်သံကိုရဖို့ ဘေးအိမ်ကကြက်ဖကြီးမောင်နီကို အော်ဒီယိုထဲထည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နေကုန်အောင် ကြက်ဖကြီးအသံဖမ်းခဲ့ရတာလဲ အမှတ်တရပါပဲ။

သီချင်းတွေအားလုံးပြီးတော့ အရိုးရဲ့စီးရီးအတွက် ခေါင်းစဉ်သီချင်းကို ရွေးဖို့လုပ်ကြပါတော့တယ်။ အဲဒီမှာတင် အားလုံးအကြိုက်ဖြစ်တဲ့ 'ဉ'ဆိုတဲ့သီချင်းကိုပဲ ခေါင်းစဉ်တင်ဖို့ လုပ်ကြပါတော့တယ်။ အားလုံးရွေးချယ်ပြီးမှ စဉ်းစားမိတယ်။

"နေဦးကွ 'ဉ'ဆိုတဲ့ နာမည်လေးက ကောင်းပေမယ့် လူနာမည်က 'အရိုး' ခေါင်းစဉ်က 'ဉ'ဆိုတော့ 'အရိုးရဲ့ဉ'ဆိုတာ ကြားမကောင်းဘူးထင်တယ်"

အဲဒီတော့မှ အားလုံးစဉ်းစားမိကြတော့တယ်။ ဒီတော့မှ

"ဟုတ်တယ်ဗျ၊ စီးရီးခွေထွက်ရင်တောင် 'အရိုးရဲ့ဉ'ထွက်ပြီဆိုရင် လူကြားလို့မကောင်းဘူး"

"ဟုတ်တယ်၊ စီးရီးက အဆင်မပြေရင်တောင် လူတွေက 'အရိုးဉကွဲပြီ'ဆို ကြားရတာ ဘယ်လိုမှ အဆင်မပြေဘူး"

"ဒါတင်လားကွာ၊ မင်းခွေက အရမ်းအောင်မြင်သွားရင်တောင် လူတွေက ပြောကြမယ်။ 'အရိုးရဲ့ဉပန်းပန်ဆဲ'ဆို အတွေးထဲမှာတင် တွေးမကောင်းဘူးဗျ"

"အရိုးဉပေါက်ပြီ ဆိုလဲ ခံစားရတာ မသက်သာဘူး"

ဒီလိုနဲ့ အရိုးဉထွက်တာလဲမကောင်း၊ အရိုးဉပေါက်တာလဲမကောင်း၊ အရိုးဉကွဲတာလဲမကောင်း၊ အရိုးဉပန်းပန်တာလဲ အခြေအနေမကောင်း၊ အရိုးဉအခြေအနေကောင်းရင်လဲမကောင်း၊ အရိုးဉအများပါးစပ်ဖျားမှာ ရေပန်းစား၊ အရိုးဉကိုလူငယ်များအကြိုက်တွေ့၊ ပစ်ပယ်လူထုအရိုးဉ စသည် စသည်ဖြင့်ပေါ့ဗျာ။ ဘယ်ဟာမှ လူကြားမကောင်းတဲ့ နောက်ဆုံး ဉဆိုတဲ့ခေါင်းစဉ်ကြိုက်ပါသော်လည်း သင့်တော်တဲ့ 'လူလည်အာရှသား'ဆိုတဲ့ခေါင်းစဉ်ကို ပြန်ပြောင်းလိုက်ကြရတယ်။





အခုတော့လဲ အရိုးဉ အကယ်ဒမီရသွားပါပြီ။

ထားပါတော့။ အဲဒီအကယ်ဒမီရတဲ့ အရိုးဉနဲ့ အဲလေ အဲဒီအရိုးနဲ့ ကျွန်တော့်ရဲ့ sexy post အကြောင်းပြောပြပါမယ်။

ထူးဆန်းနေလိမ့်မယ်လို့ ထင်ပါတယ်။

အရိုးနဲ့အမွေးပဲပါတဲ့သူနဲ့၊ သားရည်နဲ့အကြောပါတဲ့သူနှစ်ယောက်က sexy post ဖြစ်တယ်ဆိုတာ မယုံမရှိပါနဲ့။ တကယ်။

ဒီကောင်တွေ အရိုးတို့လင်မယားဟာ ထူးခြားတဲ့ပုံစံရှိတယ်။

ဆိုပါတော့။ လင်မယားဖြစ်သူတွေဟာ ရုပ်ချင်းအနည်းငယ်ဆင်လေ့ရှိပါတယ်။

အစပိုင်းမှာ မဆင်ပေမယ့် လင်မယားသက်တမ်းကြာလာ

အရိုးမျက်နှာအခွက်ကြီးထဲ
သူ့မိန်းမမျက်နှာအခုံးကြီး
စွပ်ထည့်လိုက်၊
ကွက်တိပဲ။

ရင် အကြိုက်ချင်းတူလာရာကနေ ရုပ်ချင်းပါ အနည်းငယ်တော့ ဆင်တူသယောင်တော့ ရှိကြတာပါပဲ။ ဒါပေမယ့် ဒီလင်မယားကတော့ အင်မတန်မှကို ထူးခြားပါတယ်။ ရုပ်ချင်းကို တစိမှမတူတဲ့အပြင် ဘာမှမတူပါဘူး။

အရိုးက ပိန်ပိန်ရှည်ရှည်ခွက်ခွက်၊ သူ့မိန်းမက ပုပုဝဝခုံးခုံး။ အရိုးက အစားအစာဆို ဘာမှမစားဘူး။ တစ်နေ့လုံးနေမှ ထမင်းတစ်ပန်းကန်တောင် အနိုင်နိုင်။ သူ့မိန်းမက အစားနဲ့လက် ပြတ်တယ်ကို မရှိပါဘူး။

ဒါကြောင့် တစ်ယောက်မှာ လိုအပ်နေတာ တစ်ယောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပိုနေတာကြောင့်ပဲ ပေါင်းသင်းလို့ရနေတယ်ထင်ပါတယ်။

ဆိုပါစို့။ အရိုးမျက်နှာအခွက်ကြီးထဲ သူ့မိန်းမမျက်နှာအခုံးကြီးစွပ်ထည့်လိုက်၊ ကွက်တိပဲ။ ဒါကြောင့် တစ်ယောက်မှာလိုနေတာ တစ်ယောက်မှာပါနေတယ်။ တစ်ယောက်မှာပိုနေတာ တစ်ယောက်မှာလိုနေတယ်။ ဒီလိုနဲ့ပဲ မြဲနေကြတယ်ဆိုပါစို့ဗျာ။

ဒါပေမယ့် လူခန္ဓာကိုယ်သာ မတူပေမယ့် စိတ်ဓာတ်ကတော့ တစ်ထပ်တည်းခင်ဗျ။

ယောကျ်ားသွားလေရာ မိန်းမကလိုက်ပြီး မိန်းမလုပ်တာမှန်သမျှ ယောကျ်ားကလဲလိုက်လုပ်တဲ့ လင်မယားခင်ဗျ။

ညဖက် ကျွန်တော်တို့ဆိုင်ထိုင်ရင်လဲ သူ့မိန်းမကပါလိုက်ပြီး ထိုင်ပေးတတ်တယ်။ ကျွန်တော်တို့ကသောက်၊ သူ့မိန်းမက စားပေါ့။

နောက်ပြီး အတော်သောက်ကျင့်တူတာက သူတို့နဲ့လမ်းခွဲပြီး ကျွန်တော်တစ်နေရာရာ သွားတော့မယ်ဆိုတာနဲ့ နောက်ကနေ တိတ်တိတ်လေးလိုက်ပြီးတော့ကို လိုက်ချောင်းတော့တာပါပဲ။

ဆိုပါတော့။ ကျွန်တော်က လူပျိုလူလွတ်ဖြစ်တဲ့အတွက် အရက်မူးလာရင် သွားချင်ရာကို သွားတော့တာပါပဲ။ အဲဒီတုန်းကဆို အများဆုံးသွားဖြစ်တာက အနှိပ်ခန်းပေါ့ခင်ဗျ။

အနှိပ်ခန်းသွားရင် သူ့မိန်းမပါနေတဲ့အတွက် ကျွန်တော်က သူတို့လင်မယားကို မခေါ်ဘူးခင်ဗျ။ အဲဒီတော့ ကိုယ့်အားကိုယ်ကိုးပြီး တစ်ယောက်တည်းသွားရတာမျိုး။ အဲဒီတော့ကျရင် အဲဒီလင်မယားက အနောက်ကနေ တိတ်တိတ်လေးခိုးလိုက်လာပြီး ဒုက္ခပေးတတ်တော့တာ။

ဥပမာ အနှိပ်ခန်းမှာ ကျွန်တော်က အနှိပ်ခံနေတယ်ဆိုပါတော့။





"အညောင်းရောပြေရဲ့လား"

"ဟင်းဟင်း ပြေတာပေါ့ ဟီဟီ"

"ခြေသလုံးလေးနှိပ်မယ်နော်"

"အို ဘယ်နေရာနှိပ်နှိပ် ဒါနဲ့ နာမည်ဘယ်လိုခေါ်လဲဟင်"

"လမင်းဖြူပါရှင့်"

"ဘယ်ကလာပြီး အလုပ်လုပ်တာလဲ"

"ဧရာဝတီတိုင်းပါ။ နာဂစ်ဖြစ်တော့ အိမ်ကလေးက ဖုန်းခနဲ ဖုန်းခနဲလွင့်ပြီး မိဘတွေလဲပျောက်၊ မောင်လေးကလဲ ရေထဲမျောပြီး သမီးတစ်ယောက်တည်း အဟင့်"

လူကလဲ သနားတတ်တဲ့အမျိုးမဟုတ်လား။ အစကတည်းက မိန်းကလေးဆို ကြဲဖန်သနားတတ်လေတော့ အခုလို ဒုက္ခရောက်လာသူတွေဆို ပိုတောင်သနားမိသေး။

"ပက်လက်လှန်လိုက်ပါလား ဦးရယ်"

သူပြောမှ သတိရပြီး ပက်လက်လှန်လိုက်မှ

"ဟင် မင်း မင်းတို့"

ခေါင်းပါကြီးသွားတယ်။ မြင်လိုက်ရတာက အရိုးတို့လင်မယား။ ဟိုကောင်မလေးကိုယ်စား ဝင်နှိပ်နေတာ။

"ဟီးဟီးဟီး ကိုကြည်ခံလိုက်ရပြီမဟုတ်လား"

ကိုယ့်မှာတင်းထားစိတ် ပြန်လျော့ပြီး

"မင်းတို့ကွာ လုပ်စရာရှားလို့"

သူတို့လင်မယားက တဟီးဟီး တဟားဟားပေါ့။ ကျွန်တော့်မှာလဲ အဲဒီလိုခံရပေါင်းများပြီ။

တစ်ခါတလေ သူတို့နဲ့လမ်းခွဲရင်း ထွက်ပါပြေးယူရတယ်၊ သူတို့မမြင်အောင် တစ်လမ်းဝင်တစ်လမ်းထွက်သွားပြီးမှ လိုရာကို သွားရတာ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး အရိုးမှာက ထူးခြားတဲ့အမှုအကျင့်ရှိတယ်။ ဒီကောင်က မူးရင်ဖက်နမ်းတော့တာပါပဲ။ ကျန်တဲ့သူတွေတော့ မသိဘူး။ ကျွန်တော့်ကိုဆိုရင်တော့ ဖက်နမ်းတော့တာပဲ။

ဒါပဲလားဆို မဟုတ်ဘူး။ သူ့မိန်းမကပါ အားပေးအားမြှောက်နဲ့

"ဟဲ့ အရိုး၊ ကိုကြည့်ကို တစ်ချက်လောက် ဖက်နမ်းလိုက်စမ်း"

ဆို ဟိုကောင်ကလဲ အားရဝမ်းသာပဲ

"ရတာပေါ့"

ဆိုပြီး အားရပါးရ နမ်းတော့တာပါပဲ။

အဲဒီအနမ်းကြောင့် ကျွန်တော်တို့နှစ်ယောက် လူကြားသူ

လမ်းလယ်ဓာတ်တိုင်အောက်မှာ
ဆံပင်ရှည်ရှည်၊ အရပ်ရှည်ရှည်
ငတိနှစ်ကောင်က
တစ်ယောက်ကိုတစ်ယောက်
ဖက်ပြီးဆွဲနေတာဆိုတော့

ကြားထဲ ဒုက္ခရောက်ဖူးတယ်။

အဲဒီနေ့ကလဲ တာမွေလမ်းဆုံမှာ အတူသောက်ပြီး ညနက်တော့ လမ်းခွဲဖို့လုပ်ကြတယ်။ သူတို့လင်မယားက တာမွေ၊ ကျောက်မြောင်းပြန်မှာ၊ ကျွန်တော်က တာမွေလမ်းဆုံကတစ်ဆင့် တောင်ဒဂုံကားငှားပြန်မှာ။

"ကျွန်တော်ပြန်လိုက်ပို့မယ်"

ဒီကောင်တွေ ပြန်လိုက်ပို့မယ်ဆိုရင် ကျွန်တော့်မှာ လန့်နေရတယ်။ အနောက်က ပြေးလိုက်တာတို့ အာဘွားရှုတာတို့ ဖြစ်တတ်လွန်းလို့။





ဒါနဲ့ပဲ

"ရပါတယ်ကွာ၊ ငါ့ဘာသာငါ ပြန်ပါ့မယ်"

ဆိုပြီးထွက်ပြေးတာ။ ဒါကို သကောင့်သားက ပြေးလိုက်လာပြီး တာမွေမီးပွိုင့်ရဲ့လမ်းလယ်ကြီးမှာမီတော့ အတင်းလက်ဆွဲပြီး

"ကိုကြည်ကြီးပြေးတာ ချစ်စရာကြီး လာစမ်း ရွှီးရွှီး"

ဆိုပြီး ရှုလူးတာ။ ကိုယ်ကလဲ လမ်းလည်ခေါင်ဓာတ်တိုင်အောက်ကြီးဆိုတော့ ဘယ်ကကြည့်ကြည့် ထင်းထင်းကြီးမြင်နေရတော့ ကိုယ်လဲရှက်ပြီး

"ဟေ့ကောင် မလုပ်နဲ့ကွ၊ မလုပ်နဲ့လေ လူမြင်ကွင်းကြီး"

ကိုယ်တားလို့မရဘူး။ ဒီကောင်က သူ့မေးကောက်ရှည်လျားကြီးအသုံးပြုပြီး

"နေပါ ဘာဖြစ်လို့လဲ ကိုကြည်ကလဲ ရွှီးရွှီး"

နဲ့ဆွဲတာ။ ကားတွေကလဲ ကျွန်တော်တို့ကိုငေးတာ ယာဉ်တိုက်မှုတောင် ဖြစ်မတတ်ပဲ။ စဉ်းစားကြည့်လေ။ လမ်းလယ်ဓာတ်တိုင်အောက်မှာ ဆံပင်ရှည်ရှည်၊ အရပ်ရှည်ရှည် ငတိနှစ်ကောင်က တစ်ယောက်ကိုတစ်ယောက် ဖက်ပြီးဆွဲနေတာဆိုတော့

"ဟေ့ကောင် လူတွေကြည့်ကုန်ပြီကွ၊ မလုပ်နဲ့ကွ"

"အာ ကြည့်ပါစေပေါ့ ကိုကြည်ကလဲ ရွှီး"

ဘယ်လိုမှပြောမရဘူး။ အဲဒီအချိန်မှာပဲ ပြေးလာတဲ့ခြေသံတွေကြားရတယ်။

"အစ်ကို အစ်ကိုတို့လိုမလား လိုမလား"

အနားကပ်ပြီး မေးသံကြားတော့ လန့်ပြီးကြည့်မိတယ်။ ကောင်လေးတစ်ယောက်။ ဘာမှန်းမသိတာနဲ့ ကြောင်ပြီးပြန်မေးမိတယ်။

"ဘာလဲ ဘာပြောတာလဲ"

www.burmeseclassic.com



ဆိုတော့ ကောင်လေးက ပြုံးပြီး

"အစ်ကိုတို့အတွက် သေချာပေါက်လိုမှာပါ"

ဆိုပြီး လက်ထဲပါလာတာ ဖြန့်ပြတော့

"ကွန်ဒုံး"

ကွန်ဒုံးတွေသာမက အားတိုးဆေးတွေပါမြင်မှ နှစ်ယောက်သားလန့်ပြီး ခွာမိတယ်။ ဒီတော့မှ ကျွန်တော်လဲတင်းပြီး

"မင်း ငါတို့ကို ဘယ်လိုကောင်ထင်လို့လဲ သွား မလိုဘူး"

ဆိုတာကို ကောင်လေးကပြုံးပြီး

"အခုခေတ်က ဘယ်သူ့မှယုံရတာမဟုတ်ဘူး အစ်ကိုရဲ့၊ ဒါဆောင်ထားတာ စိတ်အချရဆုံး"

အဲဒီတော့မှ သဘောပေါက်ပြီး

"မင်းကွာ တောက်"

ဟုတ်တယ်လေ။ လမ်းလယ်ကြီးမှာ လူရှေ့သူရှေ့ဇာရှောင်ဖက်နမ်းတာဆိုတော့ ဒါတွေပဲမှတ်ပြီး ဒါတွေလာရောင်းတာပေါ့။

"သွားပြီကွာ သွားပြီ"

ဆိုပြီး ထွက်ကိုပြေးရတာ။

အဲဒါကြောင့်ပြောတာ။

ဒါက သမားရိုးကျဖြစ်စဉ်တစ်ခုလို့ ဆိုချင်ဆိုပေါ့။ ဒါပေမယ့် မသိသူတွေအတွက် ထူးဆန်းတဲ့ sexy postဖြစ်နေတာပေါ့။

sexy post ဖြစ်တာကလဲ တစ်ယောက်တည်းမဟုတ်ဘူး။ အရိုးနဲ့ကျွန်တော် နှစ်ယောက်ပူးကြီး တာမွေလမ်းဆုံမှာ။

× × ×





မိန်းမတစ်ယောက်ရဲ့Sexy Postကို မြင်လိုက်ရတဲ့အချိန်မှာ ထောင်နေတဲ့အမောက်ပါ ငေါက်ခနဲငိုက်ကျသွားတယ်ဆိုရင် ယုံမလား။

မယုံမရှိနဲ့ကိုယ်တွေ့။

ဘဝတစ်သက်တာမှာ စိတ်နှလုံးညှိုးချုံးဖွယ်အဲဒီ Sexy Post ကို မြင်လိုက်ရတဲ့အချိန်မှာ အစားအသောက်ပျက်တာ အသာထား။

"လူပါးဝလိုက်တဲ့ မျက်လုံးကွာ၊ ဒီမဖွယ်မရာကြီးမှသွားကြည့်ရလားဆိုပြီး ကိုယ့်မျက်လုံးတောင်ကိုယ် ပါးပိတ်ရိုက်ချင်တယ်"

ဘယ်လိုသည်းခံစိတ်နဲ့ ဒီမျက်လုံးက မျက်နှာပေါ်တက်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်နေရသလဲဆိုတာတောင် စဉ်းစားကြည့်လို့မရဘူး။

မျက်လုံးနဲ့မျက်ခွက် လမိုင်းမကပ်တာ အဲဒီတစ်ခါပဲ ကျေးဇူးတင်ဖူးတယ်။

ဖအေတူအမေကွဲလိုဖြစ်နေတဲ့ မျက်ခွက်နဲ့မျက်လုံး ဒီထက်ဆွေမျိုးဝေးရင်တောင် ပိုကောင်းဦးမယ်လို့ ဆုတောင်းဖူးတယ်။

ဘယ့်နှယ်ဗျာ။ ကြည့်စရာရှားလို့ ဒီမဖွယ်မရာကြီးမှ သွားကြည့်ရတယ်လို့။ သူမို့လို့ မရှက်မကြောက်။

ကိုယ့်မျက်လုံးကို ကိုယ်ပြောတာနော်။ သူများမဟုတ်ဘူး။ ကမြင်းမမျက်လုံး။ သူမို့ကမြင်းပြီးသွားကြည့်တယ်။

ဒီမဖွယ်မရာကိုမှသွားကြည့်တဲ့မျက်လုံး သူအရင်ဆုံး သွေးဆုံးပါစေ။

အေး အဲဒီလိုကိုစိတ်နာခဲ့တာ။

ဘယ့်နှယ်ဗျာ။

တစ်သက်နဲ့တစ်ကိုယ် တသသလုပ်လာရတဲ့မျက်လုံး။ ကိုယ့်စိတ်ထဲမှာတော့ ဒီမျက်လုံးကို 'ဩော် ကိုယ့်သွေးသားလိုကို ဂရုစိုက်ခဲ့တာ'

အေပေး။ အရှယ်ရောက်မှ သစ္စာဖောက်ပြီး ဘာတွေ လျှောက်ကြည့်မှန်းကို မသိဘူး။ ဒီတော့မှ ကိုယ့်မျက်နှာ ဒီမျက်လုံး အမျိုးမတော်မှန်းသိတယ်။

တကယ်။ အဲဒီတစ်ခါ ကိုယ့်မျက်နှာကိုယ်စိတ်နာသလောက်ကိုစိတ်နာခဲ့တယ်။ ဟုတ်တယ်လေ။ ရုပ်က နှာဘူးရုပ်။ ကြည့်တာက မဖွယ်မရာ။

ဖြစ်ပုံကဒီလို။

ကျွန်တော်လုံးချင်းဝတ္ထုတွေစထွက်စ၊ လူပျိုကြီးပေါက်စအရွယ်ပေါ့ဗျာ။ ငတုံးမှန်းသိအောင် တယ်လီဖုန်းကို သိန်းသုံးဆယ်





နဲ့ဝယ်ပြီး ကိုင်ကာစပေါ့။ သောက်လုပ်မရှိ သောက်ကိုင်မရှိ အောင်မာဝရိသတ်ကများ မိတ်ဆက်ရင် ပျော်ရတာအမော။

တယ်လီဖုန်းဆိုတာကလဲ သိတော်မူတဲ့အတိုင်း ရုပ်ကလဲမမြင်ရ။ အသံလေးချိုနေရင် စိတ်ကူးယဉ်ပြီး ထိပ်ဖူးပြင်ကြည်နူးရတာအမော။ (ဘိုကေလေးသ,ကာ သ,ကာပေါ့ဗျာ။)

"ဆရာ့စာအုပ်တွေ သိပ်ကြိုက်တာပဲ"

လူကလဲ ဝမ်းတွင်းရူး၊ မြှောက်ပေးရင် တက်စရာရှိသမျှအကုန်တက်အောင်ကတဲ့လူမျိုးကိုး။(ကိုယ့်ဖာသာကိုယ်ပြောတာနော်။)

ဖုန်းလေးများလာပြီ။ ကောင်မလေးအသံလေးများကြားရင်

"ဟော့ကောင်တွေ ကွန်ပျူတာရုစ်လုံး မီးပွင့်နေတယ်။ အဲယားတွန်းပိတ်ဦး"

လူက ထမင်းဘိုးတောင်ရှိတာမဟုတ်ဘူး။ မရှိတာတွေ ရှိချင်ယောင်ဆောင်ပြီး ပြောရတာအမော။

ဖုန်းပြောပြီးရင်

"ဟော့ကောင် ငါဖုန်းပြောတာ တကယ်ဖုန်းနဲ့ရောတူရဲ့လားဟင်'

ပြန်မေးရသေး။ ဟုတ်တယ်လေ။ ရုပ်က ဖုန်းကိုင်နိုင်တဲ့ရုပ်မှမဟုတ်တာ။ ဖုန်းကိုင်ထားလဲ"ဒီလူကြီး မကြီးမငယ်နဲ့ ဖုန်းအတုကြီးကိုင်ထားတယ်"လို့ထင်မှာလဲ စိုးရတာကိုး။

ထားပါတော့ဗျာ။

အဲဒီလိုဗျာ။ တယ်လီဖုန်းတစ်လုံးနဲ့ မြှောက်ကြွမြှောက်ကြွဖြစ်နေတဲ့အချိန်မှာ တယ်လီဖုန်းတစ်လုံးလာတယ်။

"ဟယ်လို ကိုကြည်ဖြူလား"

ကိုယ့်ရဲ့နာမည်ရင်းတောင်သိတော့ ကြည်နူးသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ စောကြည်ဖြူပါခင်ဗျာ"

"ဒီလဘာစာအုပ်ထွက်လဲ"

"မထွက်သေးဘူးခင်ဗျ၊ စာအုပ်ထွက်ဖို့ ရုံးတင်ထားတုန်းရှိသေးတယ်"

"ဘာစာအုပ်လဲဟင်"

"ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်းပါ"

"ဖတ်ပြီးသွားပြီလေ"

"ဗျာ"

ကိုယ်က စာအုပ်တောင်မထွက်သေးဘဲ။ သူကဖတ်ပြီးနေပြီဆိုတော့ ကြောင်ပါကြောင်သွားတယ်။

ရှက်တာပေါ့ဗျာ။
မိန်းမနုံနုံတော်တော်ကြီးက
ကိုယ့်ကို လာဖက်ထားတာ
မရှက်ဘဲ နေပါ့မလား။
လူရှေ့သူရှေ့မှာဗျာ။

"အင်၊ ကျွန်တော်မှ စာအုပ်မထွက်သေးတာ ဘယ်လိုဖတ်ပြီးသွားတာလဲ"

"ရုံးကဝယ်ဖတ်တာပေါ့"

"ဟင်"

အဲဒီတော့မှ သိတော့တယ်။ ကျွန်တော်တို့စာအုပ်တွေ အချောရိုက်ပြီးရုံးတင်ရတာ။ သူတို့က သိမ်းထားဖို့မှတ်တာ။ တချို့က ထုတ်ရောင်းကြတာကိုး။ (မယုံမရှိနဲ့ တကယ်ပါခင်ဗျ၊ အဲဒီတုန်းကပေါ့။)

ဘာပဲပြောပြော၊ ကိုယ့်စာအုပ်ကို မထွက်ခင်ကတည်းက ကြိုတင်အားပေးနေသူဆိုတော့ စဉ်းစားသာကြည့်။





"ကျွန်မက ရွှေမိုးသည်းကိုသိပ်ကြိုက်တာ၊ ကျွန်မအပြင်မှာလဲ ရွှေမိုးသည်းလိုပဲနေတာ"

"ဩော်"

ကျွန်တော့်ဝတ္ထုဖတ်ဖူးတဲ့သူတွေဆို သိမှာပါ။ ရွှေမိုးသည်းဆိုတာ ပိန်ပိန်ဖြူဖြူကလေးနဲ့ ပျော်ပျော်နေတတ်တဲ့ ကောင်မလေးပေါ့။ သေခြင်းတရားကိုတောင် ပျော်ပျော်ပါးပါး ဖြတ်သန်းသွားတတ်သူပေါ့။

"အဲဒီလိုပုံမျိုးလေးဆို ကျွန်တော်ကသိပ်ချစ်တာ"

အခု ရွှေမိုးသည်းလိုကောင်မလေးနဲ့ တွေ့ပြီဆိုတော့ စဉ်းစားသာကြည့်၊ ဒီလိုနဲ့ တယ်လီဖုန်းတွေ ပြောဖြစ်တာပေါ့ဗျာ။

တယ်လီဖုန်းပြောရတာဆိုတာ သိပ်လွယ်လှတာမဟုတ်ဘူး။ အိမ်ပေါ်မှာကလဲ လူတွေကများလွန်းလို့ အိမ်ရှေ့ထွက်ပြောရတယ်။ ဖြစ်ချင်တော့ အိမ်ရှေ့တည့်တည့်မှာက ဘယ်ကဘယ်လိုပုံသွားမှန်းမသိတဲ့ အမှိုက်ပုံကြီးကရှိနေတာ။ နေ့နေ့ညည အဲဒီအမှိုက်ပုံကြီးကိုခွပြီး ဖုန်းပြောရတာ။ မသိရင် ခွေးကြီး တယ်လီဖုန်းရထားတဲ့အတိုင်းပဲ။

ဒီလိုနဲ့ ပြောရင်းဆိုရင်းနဲ့ တယ်လီဖုန်းထဲမှာ ရင်းနှီးခဲ့ကြတာပေါ့။ ပြောရမယ်ဆိုဗျာ။ ရုပ်ကလေးစုံစမ်းပြီးရင်အလုပ်ဖြစ်ပြီ ဒါပဲ။ ကျွန်တော်တို့ကလဲ ဖုန်းသာ ကမြင်းပြီးပြောတာ။ ကျန်တာကတော့ တိကျသဗျ။ ဖုန်းပြောပြီဆိုတာနဲ့

"အင်္ဂါစုံရဲ့လား၊ မျက်စိရောတည့်ရဲ့လား၊ အရပ်ဘယ်လောက်ရှိလဲ၊ ဘာတွေကိုကြိုက်တတ်လဲ"စသည်ဖြင့် အခြေခံ လိုအပ်ချက် အတော်များများကို မသိမသာမေးထားပြီးသား။ ဒါမှသေချာမှာလေ။

ဒီလိုနဲ့ အပြင်မှာတွေ့ကြဖို့ ချိန်းကြတာပေါ့။

အဲဒီတုန်းက သူက တက္ကသိုလ်တစ်ခုမှာ တက်နေတာဆိုတော့ သူတို့ကျောင်းကိုပဲ ချိန်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က,ဗျာ၊ မှတ်မိပါရဲ့။ ကိုယ့်ရဲ့ပုံကို မနည်းပြုပြင်ထားလိုက်မိတယ်။ ဘာလို့လဲဆိုတော့ ရွှေမိုးသည်းလိုကောင်မလေးက ကျွန်တော့်ကိုမြင်ရင် မကျမှာစိုးလို့။

ကျောင်းရောက်တယ်ပေါ့ဗျာ။ ကျောင်းရဲ့အဆောင်တွေကလဲ ရှာရ ခက်ပေ့ါဗျာ။ ဒီကြားထဲ ကိုယ်က သူ့ကိုမမြင်ဖူးတော့ ဘယ်လိုရှာရမှန်းမသိဘူး။ ဒါနဲ့ ဖုန်းဆက်လိုက်တော့

"ဒုတိယထပ်ကကြော်ငြာသင်ပုန်းရှေ့မှာ စောင့်နေတယ်"

အားရဝမ်းသာပါပဲ။ ဒုတိယထပ်က ကြော်ငြာသင်ပုန်းရှေ့ ပြေးတက်သွားတော့

"ဟာ"

ပြောရမယ်ဆိုဗျာ။ ကျွန်တော် ပေါက်ကရ အင်မတန်ရေးတတ်ပြောတတ်တဲ့ကောင်ပါဗျာ။ ကိုယ့်မျက်နှာကိုယ်ကြည့်ပြီးကို ဖျစ်ဖျစ်နှစ်နှစ်ရေးတတ်တဲ့ကောင်ပါ။ ဒါပေမယ့် ကောင်မလေးရဲ့ပုံကို ကျွန်တော် ဘယ်လိုပုံစံမျိုးနဲ့ ရေးရမယ်ဆိုတာ အခုချိန်ထိ စဉ်းစားလို့မရဘူး။ ထောင်နေတဲ့ အမောက်ပါ ငေါက်ခနဲ ငိုက်ကျပါတယ်ဆိုနေ။

ဘယ်လိုပြောရမလဲဗျာ။ ကျွန်တော် စကားလုံးရှာမတွေ့ဘူး။ ဆိုဗျာ အသားမဲတယ်ဗျာ။ နောက်ပြီး ဘယ်လိုပြောရမလဲဗျာ။ ဘောင်းဘီမတော်တရော်ကြီး ဝတ်ထားတယ်။ ဘောင်းဘီက သူ့ထက် အဆမတန်ကြီးနေတော့ဗျာ။ ခါးမှာ ခါးပတ်ကြိုးနဲ့ အတင်းကာရော ပြန်စည်းထားတယ်။ အဲဒါကိုမှ အပေါ်ကခါးတိုဝတ်ထားတယ်ဆိုတော့ စဉ်းစားကြည့်၊ ကြိုးနဲ့စည်းထားတာဆိုတော့ ဟိုနေရာက ခေါက်ပြီးမြင်ရ၊ ဒီနေရာက ဟ,ပြီးမြင်ရ၊ ဒီကြားထဲဗျာ။

ဘယ်လိုပြောရမှန်းကိုမသိပါဘူးဗျာ။ အတော်လေးကိုကြည့်ရတာ အဆင်မပြေဘူးပဲ ထားပါတော့ဗျာ။

ဖြစ်နိုင်ရင် ထွက်ပြေးချင်တဲ့ အနေအထား။





ဒါပေမယ့်ဗျာ။ ကိုယ်ကလဲ ဖြော် ကိုယ့်ပရိသတ်ပဲဆိုတော့ နောက်ဆုတ်ချင်တဲ့ ခြေလှမ်းကို ကိုယ့်ခါးကိုယ်ပြန်ဆွဲပြီး ဆွဲခေါ်ရတယ်။

အနားရောက်တော့

" . . . ထင်တယ်"

ကျွန်တော့်စကားကြားတော့ ဆတ်ခနဲ ငေ့ကြည့်တယ်။ ထင်တာထက် ပိုဆိုးပါတယ်ဗျာ။ ဒါကို အဲဒီမျက်နှာကြီးနဲ့ သူလွယ်ထားတဲ့ လွယ်အိတ်အညစ်ကြီးပစ်ပြီး

"ရော့ အဲဒါလွယ်လာခဲ့"

"ဟင်"

ပြောင်ကြီးဗျာ။ သူ့လွယ်အိတ်နံ့နံ့စော်စော်ကြီး လွယ်ရတယ်။ ပြီးတော့ သူကိုယ်တိုင်ဦးဆောင်ပြီး အခန်းတစ်ခန်းထဲ ဝင်သွားပြီး

"ဟော့ ဒီမှာလေ၊ အကြည်တော်ဆိုတာ"

ဆိုပြီးပိုစိုးပိုင်းနင်းဗျာ၊ ပခုံးကြီးဖက်ပြီး ဆံပင်တွေဖွလိုဖွ၊ ကလိထိုးလိုထိုးနဲ့

ကိုယ်ကရှက်ပြီး

"အို အဲဒီလိုမလုပ်နဲ့လေ"

ဆိုတော့ မျက်နှာမာကြီးနဲ့

"ဘာလဲ ရှက်လို့လား'

ရှက်တာပေ့ါဗျာ။ မိန်းမနံ့နံ့စော်စော်ကြီးက ကိုယ့်ကို လာဖက်ထားတာမရှက်ဘဲ နေပါမလား။ လူရှေ့သူရှေ့မှာဗျာ။ ဒါပေမယ့် ကိုယ်လဲ ဘယ်ပြောရဲပါ့မလဲ။

ဒါနဲ့ တစ်ခန်းဝင်တစ်ခန်းထွက်လုပ်လာတော့ ရှက်လာတာပေ့ါ။ ဒါနဲ့ပဲ

"ပြန်တော့မယ်ဗျာ၊ အလုပ်ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး လွယ်အိတ်ပြန်ပေးတော့၊ အောင်မာ ထွက်ပြေးသဗျ။ ခစ်ခစ်ခစ်နဲ့တောင်နေသေး။ သူ့စိတ်ထဲမှာ ကျွန်တော်က သူ့လွယ်အိတ်ကို ပျော်ပျော်ပါးပါး လိုက်ပြေးပေးမယ်ထင်တာကိုး။

တကယ်လဲပြေးပြီး အတင်းပြန်လိုက်ပေးရတာ။

စဉ်းစားကြည့်ဗျာ။ ကိုယ့်ပုံကလဲ မကိုး မကား။ သူ့ပုံကလဲ အဲဒီလိုဆိုတော့ ကျောင်းထဲမှာ အရှုံလင်မယား လိုက်တမ်းပြေးတမ်း ကစားသလို ဖြစ်နေတာ။ ထားတော့ဗျာ။ သူ့လွယ်အိတ် ပြန်စွပ် ပေးတော့

"အိမ်ကိုရောလာလည်လို့ရလား"

ကျွန်တော်ကလဲ ပြီးပြီးရောသဘောနဲ့

အိမ်ထဲမှာက မိန်းမနှစ်ယောက်
Sexy Post အပြည့်အဝကြီးနဲ့
ဒူးထောင်ပေါင်ကားပြီး
ဝက်တော်သေါ်နေတာ။

"ရပါတယ်"

"တယ်လီဖုန်းထဲမှာပြောတဲ့လိပ်စာပဲမဟုတ်လား"

"ဟုတ်တယ်"

"လာလည်မယ်"

"လည်ပေါ့"

အမြန်အမြန်ပေါ့ဗျာ။ နောက်ဆယ့်ငါးမိနစ်လောက်ကြာရင် ကျွန်တော်အသက်ရှူကြပ်ပြီး သေရင်သေ။ မဟုတ်ရင် အသက်အောင့်ပြီး သေမိတော့မှာ။ ဒါနဲ့ပဲ ကိုယ့်အသက်ကိုယ် နှမြောတသစွာနဲ့ အမြန်ပြန်ပြေးထွက်ခဲ့မိတယ်။ လမ်းမှာလဲ အစကပြောခဲ့တဲ့အတိုင်း





"သေချင်းဆိုးမျက်လုံး၊ သောက်သုံးကို မကျဘူး၊ ဒါမျိုးတွေဘာလို့လိုက်ကြည့်မိတာလဲ၊ အခုငါပါးပိတ်ချရ"

စသည်ဖြင့် ကိုယ့်မျက်လုံးကိုယ် ပြန်ကျိန်ဆဲရင်း ပြန်လာရတယ်။

အဲဒီနေ့မှာ ဘယ်သူနဲ့မှ စကားပြောလို့ မရတော့ဘူး၊

ကျောင်းကြော်ငြာသင်ပုန်းမှာ ချိုင်းမွေးကအစ အတောင်အလက်အပြည့်အစုံပါတဲ့ ဘောင်းဘီဖင်ချောင်Sexy Post ကြီး မျက်လုံးထဲမှာ အရိပ်မဲကြီးတစ်ခုလို စွဲထင်နေတော့တာ။

ထွက်သင့်သလောက်ထွက်နေတဲ့ ဗိုက်မဲမဲပူပူ။ ပြားလဲပြားကားလဲကားနေတဲ့ တင်ပါးဆုံ။ ဘယ်လောက်ထိလဲဆို အမဲရောင်ဂစ်တာကြီးဖောက်ထိုးထားရင် ပြေးကန်ချင်စိတ်တွေပေါက်နေတယ်။ စိတ်ကိုမနည်းထိန်းပြီး 'အိပ်တာပဲကောင်းပါတယ်လေ' ဆိုပြီး အဲဒီနေ့က စောစောအိပ်လိုက်တယ်။ ကောင်းကောင်းလဲမအိပ်ရဘူးဗျ။ အိပ်မက်ထဲမှာ ကတ္တရာပုံးတွေ ကိုယ့်ဆီပြေးပြေးလာလို့ ရှောင်ရတာအမော။

ဒီလိုနဲ့ပေါ့။

"ကိုကြည်၊ ကိုကြည် ထပါဦး ထပါဦး"

အိမ်က တစ်ယောက်လာနှိုးလို့ လန့်နိုးလာရတယ်။ ကြည့်လိုက်တော့ မနက်ဝေလီဝေလင်းကြီး

"ဘာ၊ ဘာဖြစ်လို့လဲကွ၊ အိပ်ကောင်းတုန်း"

"ဧည့်သည်ရောက်နေလို့၊ မြန်မြန်ထမှရမယ်"

"ဘယ်ကဧည့်သည်လဲ ငါဒီနေ့ ဘယ်သူမှချိန်းမထားပါဘူး"

"မသိဘူး၊ သူပြောတဲ့ပုံကတော့ ကိုကြည်နဲ့ အတော်ရင်းနှီးတဲ့ပုံပဲ"

"ဘယ်သူလဲကွာ"

ကယောင်ကတန်းနဲ့ အိပ်ယာကထပြီးကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

အမဲတုံးကြီး။ မနက်အိပ်ယာက မနိုးခင်ကို သူလိုသူငယ်ချင်း တစ်ယောက်နဲ့ အိမ်ရောက်နေတာ။

"တယ်အိပ်ပါလား၊ ဒါလူအိပ်တဲ့အချိန်မဟုတ်ဘူး၊ လုပ်လုပ် ဘာစားစရာရှိလဲ စားမယ်၊ စားမယ် ဗိုက်ဆာနေပြီ"

အံ့အားသင့်လွန်းလို့ ဘာပြောရမှန်းတောင် မသိဘူး။ သိပ် မကြာပါဘူး။ အိမ်ပေါ်က အိပ်နေတဲ့လူတွေကို ကျော်ခွပြီး မီးဖိုချောင် ထဲဝင် တွေ့ကရာကိုယ့်အိမ်ကိုယ့်ရာလို ကြော်လှော်စားတော့တာ။ စားပြီးတာနဲ့

"ဝါး ဗိုက်ပြည့်သွားလို့လားမသိဘူး အိပ်ချင်သွားပြီ"

ဆိုပြီး သူများအိပ်နေတဲ့ကြားထဲ ဝင်အိပ်လို့ တရှုန်းရှုန်းနဲ့ ထပြေးကြရတာ။

အဲဒါ ကျွန်တော် မျက်နှာမသစ်ရသေးဘူးနော်။ အဲဒီ အချိန်လေးအတွင်းမှာဖြစ်သွားတာ။ ဘဝပျက်မယ်ဆိုပျက်လို့ရတယ်။

ထားပါတော့။

အားလုံးအိမ်အပြင်ရောက်ပြီး ခေါင်းချင်းဆိုင်ကုန်တယ်။

အိမ်ထဲမှာက မိန်းမနှစ်ယောက် Sexy Post အပြည့်အဝ ကြီးနဲ့ ဒူးထောင်ပေါင်ကားပြီး စက်တော်ခေါ်နေတာ။

"ဘာကြီးတွေလဲဟင်"

ကိုဆန်းရဲ့ ကြောင်တောင်တောင်အမေး။ သူလဲ ဒါမျိုးကြီး မမြင်ဘူးတော့ အံ့အားသင့်နေပုံရတယ်။ အိပ်နေတဲ့ပုံကလဲဗျာ။ ပွဲကျ ဈေးမှာ ဘေထုတ်ရောင်းသူက အော်သလို

"ဒါမျိုးကြီးတွေရမယ်၊ဟေ ဒါမျိုးကြီးတွေရမယ်"

ဆိုပြီး လက်ညှိုးထိုးပြီး အော်ရုံသာကျန်တာ။ တကယ်ကို 'ဒါမျိုးကြီးတွေနော်' ဆိုပြီး မကြေညာရုံတမယ်။





"ဝေ့ါတ္တိ၊ အများဆုံးအိမ်သာသာ ပြေးထိုင်လိုက်ချင်တယ်"

အားလုံး အစားအသောက်တွေ ပျက်ကုန်တယ်။

"ကဲ၊ ဒါဖြင့် ဒါကြီးတွေကို ဘယ်လိုလုပ်မှာလဲ"

"ဒီလိုလုပ်"

ကိုယ်တိုင်လုပ်ထားတဲ့အရှုပ်မို့ ကိုယ်တိုင်ပဲရှင်းရမှာပေါ့။

"ကိုယ်အပြင်ထွက်သွားလိုက်မယ်၊ သူတို့မေးရင် အလုပ်ကိစ္စ နဲ့ အပြင်ထွက်သွားတယ်၊ တော်ရုံပြန်လာမှာမဟုတ်ဘူးလို့ ပြောလိုက်၊ ဒါဆို ကိုယ့်ကိုမတွေ့ရင် သူ့ဖာသာသူပြန်သွားလိမ့်မယ်"

"အေး အဲဒီအကြံမဆိုးဘူး"

ဆိုပြီး အိမ်ကနေရှောင်နေလိုက်တယ်။ သိပ်မကြာဘူး ဖုန်း ဝင်လာတယ်။

"ကိုကြည်ပြန်မလာမချင်း မပြန်ဘူးတဲ့"

"ဟင်"

ဘာပြောရမှန်းမသိဘူး။ ဒါနဲ့ပဲ

"တစ်ပတ်ဆယ်ရက်လောက် ကြာမယ်ပြောကွာ"

"ပြောပြီးပြီ၊ သေတဲ့အထိစောင့်မယ်တဲ့"

"ဟင်"

ဘယ်လိုပြောရမှန်းမသိတော့ဘူး။ အကြံလဲ မထွက်တော့ဘူး။

'မဟုတ်ဘူးလေ၊ ယောကျ်ားတွေ အများကြီးအိမ်မှာ"

"ပျော်တယ်တဲ့၊ အားကောင်းမောင်းသန်တွေဒီလောက်စုနေ တာ တစ်ခါမှ မမြင်ဖူးဘူးတဲ့"

"မဟုတ်ဘူးလေ ဘဝပျက်"

"ပျက်ပါစေလို့ မျှော်လင့်ရပါတယ်တဲ့"

"ဟာ"

ဒေါင့်ကိုစေ့နေတာ။ အိမ်ကိုရောက်ကတည်းက သူတို့



www.burmeseclassic.com

www.burmeseclassic.com



အသာချည်းပဲလို့ တွက်ထားတော့ ဘာဆက်ပြောရမှန်းမသိဘူး။

"ဒါဆို အိမ်ရှေ့က ဖွားစမ်းတို့ခေါ်ပြီး"

"ရောက်နေပြီ၊ ဘယ်လိုမှနားချလို့မရဘူး"

"မင်းတို့က နားချည်းချနေတော့"

"ကိုယ့်ဆရာကလဲ နားပဲချလို့ရမှာပေါ့၊ ကျန်တာဆိုအမှုဖြစ်မှာ"

ဟုတ်သား၊ ကိုယ်ပဲ ဒူးနဲ့မျက်ရည် သုတ်ရမယ့် အကွက်မျိုး။

"အဲဒါ ကိုယ့်ဆရာသာပြန်ခဲ့ပြီး ဖြေရှင်းမှရမယ်"

မတတ်သာတဲ့အဆုံး

"အေး၊ ငါပဲပြန်လာခဲ့ပါမယ်"

ဆိုပြီး အိမ်ပြန်တော့ အောင်မာ ငတိမျက်ဟောက်က သန်းဥတောင်ဆွဲနေသေး။

အသက်ကိုဝအောင်ရှူလိုက်တယ်။
ပြီးတော့ သူ့ရုပ်ကိုလဲ စိတ်ထဲမှာ
ကိတ်ဝင်းစလက်အဖြစ်
အသွင်ပြောင်းလိုက်တယ်။

ကျွန်တော့်ကိုလဲမြင်ရော

"ညည့်သည်ကိုပစ်ပြီး ဘယ်လျှောက်သွားနေတာလဲ၊ ညည့်ဝတ်မကျေလိုက်တာ၊ အိမ်ကလူတွေကလဲ အလိုက်ကိုမသိဘူး၊ ဒီ လောက်ဖြူကား အိပ်နေတာတောင် ဖိုဖိုဖိဖိကို မရှိကြဘူး၊ တကတည်း"

ဒီလိုနဲ့ ညှိရတာပေါ့။

"မဟုတ်သေးဘူး ညီမတို့ အစ်ကိုတို့အိမ်ဆိုတာကလဲ ယောကျ်ားတွေချည်းပဲ"

"အဲဒါကိုပျော်တာ"

"ပျော်တာကပျော်တာပေါ့လေ၊ ဒါပေမယ့် အများအမြင်





တလဲရှိသေးတော့"

စသည်ဖြင့် ညှိတာပေါ့ဗျာ၊ ညှိတော့ ညိရော၊ ဈေးနှုန်းက 'ဘွားတစ်ချက်ပေး၊ တက္ကစီငှားပေး ဒါဆိုပြန်မယ်"

ဒီအချိန်မှာ ငွေကုန်ချင်သလောက်ကုန်ဗျာ။ အကုန်ခံနိုင်တယ်။ ဒါပေမယ့်ဗျာ။ ဒါကြီးကို ဘွားဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး။ နောက်ပြီး ခုန အိမ်ထဲမှာပိုးလိုးပက်လက်နဲ့ 'ဒါမျိုးကြီးတွေရမယ်' ဆိုတဲ့ sexy post အစစ်ကြီးကို မျက်ဝါးထင်ထင် မြင်ထားရတော့ သူပြောသလို ဘွားလိုက်ဖို့မပြောနဲ့ အသက်ရှူဖို့တောင် အတော်ခက်နေတဲ့ အနေအထား။ ဒါ့အပြင် ဒါကြီးကို လူရှေ့သူရှေ့တစ်ချက် ဘွားလိုက်ရင် တစ်သက်လုံးအတွက် သိက္ခာ ကုန်းကောက်စရာတောင် ကျန်မှာမဟုတ်တော့ဘူး။

ဒါကြောင့်ပဲ

"ညီမ ကျန်တာတော့ဖြစ်နိုင်တယ်၊ တက္ကစီခအပြင် တစ်နေ့တာ စားသောက်သမျှ အကုန်လုံးဘာမှမပြောဘူး၊ ဒါပေမဲ့ ဘွားဖို့ဆိုတာ"

"ဘွားရင်ပြန်ဘူး"

"မဟုတ်သေး"

"ဘွားရင်ပြန်ဘူး"

တော်တော်လေးကိုညှိပါတယ်ဗျာ။ ကျွန်တော် ညာပြောတာမဟုတ်ပါဘူး။ တော်ရုံတန်ရုံစိတ်နဲ့ဆို ဘွားထည့်လိုက်ပါတယ်။ ဒါမှမဟုတ် ယမတာလေးဂလုပြီး ကျူးထည့်လိုက်တယ်။ တကယ်အခုဟာက အရက်ဘယ်လောက်မူးမူး မဖြစ်နိုင်တဲ့ ကိစ္စကြီးကို။ ဒါပေမဲ့ ဘယ်လိုမှ မတတ်နိုင်ဘူး။ မဘွားရင်မပြန်ဘူးဆိုတာကြောင့် ဘွားမှကို ဖြစ်တော့မယ်။ ဒါနဲ့ပဲ ကဲ သမိုင်းမှားလဲ မတတ်နိုင်ဘူး။ နောက်မှရေဆေးဖျက်တော့မယ် စိတ်ဆုံးဖြတ်ပြီး

"ဘွားရင် တကယ်ပြန်နော်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ချက်ဆိုရပြီ၊ ရပ်ကွက်ထဲပြန်ကြွားမယ်၊ အကြည်တော်ကြီး ဘွားတာဆိုပြီး"

သူ့ဖာသာပြန်ကြွားချင်လဲ ကြွားတော့ မတတ်နိုင်ဘူး။ အမြန်ဘွားမှ ကိစ္စကအေးမှာမို့။

အသက်ကိုဝအောင်ရှူလိုက်တယ်။ ပြီးတော့ သူ့ရုပ်ကိုလဲ စိတ်ထဲမှာ ကိတ်ဝင်းစလက်အဖြစ် အသွင်ပြောင်းလိုက်တယ်။ မုဒ်လာမှ မျက်စိမှိတ်ပြီး

"ကဲ ဘွားပြီ"

ဆိုပြီး နှာတစ်ဖျားအရှိန်နဲ့ပြေးအသွား

"ကကျွပ်"

ထင်မှတ်မထားသော အဖြစ်အပျက်ကြောင့် လန့်သွားတယ်။ နောက် ပြောင်ထိသွားသောနှုတ်ခမ်းကိုပိတ်ပြီး

"ဟင် ဟင် ဘာလုပ်တာလဲ ဘာလုပ်တာလဲ"

အမဲတုံးကြီး ပြုံးစစလုပ်ပြီး

"ကကျွပ်လိုက်တာလေ"

"ဟင် ဘာလို့ကကျွပ်တာလဲ၊ စာချုပ်ထဲမှာ ဘွားတာပဲပါတယ်လေ၊ မကကျွပ်ရဘူး"

"ကကျွပ်ပြီးစလစ်နံပါတ်တစ်၊ ဘာဖြစ်လဲ"

"ဟာ သေပါပြီ ထွီ ထွီ လူပျိုရည်တော့ ပျက်ပါပြီ၊ ငါ့ကို ဘယ်သူမှ ကကျွပ်ဖူးတာမဟုတ်ဘူး ထွီ ထွီ"

အားလုံးကလဲကြက်သေသေပြီး ကြောင်နေတယ်။ မိတ်ဆွေတို့လဲသိမှာပါ။ ဘွားတာနဲ့ ကကျွပ်တာ အဓိပ္ပာယ်လဲကွာသလို နေရာဒေသလဲကွာပါတယ်။ ဘွားတယ်ဆိုတာက ကလေးများလို 'အာဘွား' ဆိုပြီး ပါးကိုဘွားရတာပါ။ ကကျွပ်တာက သိတဲ့အတိုင်း ကကျွပ်ရတာပါပဲ။ ဒါကိုသူက





"သိဘူး သိဘူး ကကျွပ်ပြီးပြီ တက္ကစီငှားပေးတော့၊ သွားမယ်"

ဆိုပြီး အင်မတန်ကျေနပ်သွားတဲ့ ရုပ်ကြီးနဲ့ပြေးထွက်သွားတော့တာပါပဲ။ ကဲ ကိစ္စပြီးပြီဆိုပါတော့။

ဒါပေမဲ့ မပြီးသေးတာက သူကကျွပ်သွားတဲ့နှုတ်ခမ်းပါပဲ။ တစ်နေကုန် တရှူစိစိနဲ့ ယားနေပြီး ဘာမှစားလို့မရတော့တာပါပဲ။ ရေသောက်ရင်တောင် တပို့ပို့နဲ့မို့ အလွန်နေရခက်နေပါတော့တယ်။

ထားတော့။ အဲဒီအထိစိတ်မနာသေးပါဘူး။ စိတ်နာတာ နောက်တစ်နေ့မှာပါပဲ။

တစ်နေကုန်ဝမ်းသွားတာ ဘယ်လိုမှ မရပ်ပါဘူး။ ဒါနဲ့ ဆေးခန်းတောင်မသွားနိုင်လို့ ဆရာဝန်အိမ်ပင့်ပြီး ဆေးအလုံးကြီးနှစ်လုံးသွင်းရတဲ့အထိပါပဲ။

ပြန်စဉ်းစားတယ်။ ငါဘာများအစားမှားလဲလို့။ စဉ်းစားလို့ မရဘူး။ ထွေထွေထူးထူးလဲ ဘာမှစားမိတာမရှိဘူး။

အသေအချာစဉ်းစားတော့မှ ရေးရေးပေါ်လာတယ်။

မစားဘဲမှားတာ တစ်ခုပဲရှိတယ်။ မျက်စိတမှိတ် လျှက်တပြက်မှာ အမဲတုံးကြီး ကကျွပ်ထည့်လိုက်တာပါပဲ။

ဟုတ်တယ်။ ဒါကြောင့်ဝမ်းပျက်တာ အဲဒီတုန်းက ကျွန်တော်တို့ အသိုင်းအဝိုင်းမှာ စကားပုံတစ်ခုတောင်ပေါ်လာခဲ့တယ်။

"နှုတ်ခမ်းစုပ်ရင်း ဝမ်းနှုတ်ရအောင်"

အဲဒီ sexy post ကြီးကြောင့် ဝမ်းပျက်တာ။

နာမည်ပါ ခဏပြောင်းလိုက်ရတယ်။

"အလွမ်းမောင်မောင် ပန်းမောင်မောင်"

ဟုတ်တယ်လေ။ လွမ်းလည်းလွမ်းရ၊ ပန်းလည်းပန်းရ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဖြင့် ရယ်တောင်ရယ်ချင်သေးတယ်။sexy post ဖြစ်ဖို့ အမျိုးမျိုးကော့ပြ၊ ကောက်ပြလုပ်နေကြတာ။ ဒီကြားထဲ ပဲမြစ်ဖက်ရှင်ဆိုတာက ပေါ်လာသေး။ ကျွန်တော်ဖြင့် ရယ်တောင်ရယ်ချင်သေး။

ကျွန်တော်တို့မွေးတုန်းက sexy post အပြည့်နဲ့မွေးလာတာ ဆိုတာ ယုံမှာတောင်မဟုတ်ဘူး။ မယုံမရှိနဲ့။

အားလုံးသိတော်မူကြတဲ့အတိုင်း အချိန်တိကျတဲ့ ကျွန်တော့်အဖေဟာ ကျွန်တော်တို့ ညီအစ်ကို၊ မောင်နှမခုနစ်ယောက်ကို နှစ်နှစ်ခြားတစ်ယောက် အချိန်မှန်မှန် မွေးချလိုက်ပါတယ်။ အဖေက သူ့တွက်ကိန်းနဲ့သူ မွေးချလိုက်တဲ့အခါ အဝတ်အစားကို အကြီးဆုံး





တစ်ယောက်ကိုပဲ ဝယ်ပေးရပါတယ်။ ဆိုပါတော့ အစ်ကိုကြီးတစ်ယောက်တည်းကိုပဲ အသက်အရွယ်အလိုက် ဝတ်စုံဝယ်ပေးရပါတယ်။ ကျန်တဲ့သူတွေကို လုံးဝ,ဝယ်ပေးစရာ မလိုတော့ပါဘူး။

ဘာလို့လဲဆိုတော့ အစ်ကိုကြီးက နှစ်နှစ်ကိုရောက်သွားတော့ အစ်ကိုလတ်ကို မွေးလာ၊ အစ်ကိုလတ်က အစ်ကိုကြီးဝတ်သွားတဲ့ အဝတ်ကိုပြန်ဝတ်၊ ကွက်တိ။ အစ်ကိုလတ် နှစ်နှစ်ရောက်သွားရင် အစ်ကိုငယ်မွေးလာ၊ အစ်ကိုအကျီပြန်ဝတ်၊ ကွက်တိ။

ဆိုပါတော့။ ဝတ်စုံအားလုံးကို အစ်ကိုကြီးတစ်ယောက်ကိုပဲ ဝယ်ပေးရတယ်။ နောက်လူတွေကို ဝယ်ပေးစရာမလိုတော့ဘူး။ တစ်ခေါင်းနင်း တစ်ကောင်ဆင်းတွေဆိုတော့ ဆင့်ကဲ ဆင့်ကဲ ဝတ်သွားရုံပဲရှိပါတယ်။ အဖေကလည်း ဒီတွက်ကိန်းနဲ့ပဲ နှစ်နှစ်ခြားတစ်ယောက် အချိန်မှန်မွေးပေးခဲ့တာထင်တယ်။

အဲ အဲဒီမှာ ထူးခြားတာက အစ်ကိုကြီးတွေက တစ်ယောက်အကျီ တစ်ယောက်ဝတ်လာတော့ မထူးခြားပေမယ့် ကျွန်တော်တို့ အငယ်သုံးယောက်အတွက်တော့ ပြဿနာရှိလာတာပေါ့။

အားလုံးလည်းသိတဲ့အတိုင်း ကျွန်တော်တို့ အငယ်သုံးယောက်ရဲ့အထက်မှာ မိန်းမအဖြစ် တစ်ယောက်တည်းပါလာတဲ့ အစ်မ မချော ရှိနေတယ်လေ။ အဲဒီမှာ ဘာပြဿနာတက်လဲဆိုတော့ အစ်မက အစ်ကိုတွေအကျကိုပဲ ဝတ်တယ်။ ဟုတ်တယ်။ ဒါပေမဲ့ သူက မိန်းကလေးဖြစ်နေတော့ မိန်းမပီပီ အစ်ကိုတွေအဝတ်တွေကို အထက်ဆင်တွေတပ်၊ ဒေါက်တွေတပ်ပြီးပြန်ဝတ်တာ။ သူဝတ်သွားတာ ပြဿနာမရှိပေမယ့် ကျွန်တော်တို့ အငယ်တွေက သူ့အကျပြန်ဝတ်ရတာကိုး။ အဲဒီတော့စဉ်းစားကြည့်ဗျာ။ ကျောင်းနေတုန်းက ကျွန်တော်တို့က မျက်နှာမှာ မုတ်ဆိတ်နဲ့ခင်ဗျ။

ဒါကြောင့် မျက်နှာကြည့်တော့အတည်၊ ဖင်မှာကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်နဲ့ဆိုတော့ ဆရာမက သူ့ကိုနောက်ရမလားဆိုပြီး ပိုအရိုက်ခံရတယ်ဗျ။

ဒါကြောင့် မွေးကတည်းက လုပ်ယူစရာမလိုဘဲ sexy post က သူ့အလိုလို ဖြစ်ပြီးသား။ အခုခေတ် တမင်လုပ်ပြနေကြရတာ။ ကျွန်တော်ဖြင့် ရယ်တောင်ရယ်ချင်သေး။

နောက်ပြီး ကျွန်တော့်အထက်က ပန်းချီကိုဆန်းဆိုရင်လည်း မွေးရာပါ sexy post နဲ့ဗျ။

ရုပ်ကတော့ဗျာ ခပ်ဝဝဖိုင့်ဖိုင့်ပေါ့။ ဆံပင်ကလည်း ကောက်ခွေခွေနဲ့။

အဲ မျက်နှာကတော့တစ်မျိုး။ ဟိုဗျာ စိတ်မရှည်တဲ့ ဘိန်းမုန့်

ကြာပေါ့ဗျာ။ ယောကျ်ားကြာပေါ့။
မိန်းကလေးမြင်ရင် သူ့မျက်လုံးက
အလိုလိုကြာထွက်လာတာပေါ့။
သူ့များမြင်လား။
မမြင်လားတော့မသိဘူး။

သည် မကျက်တကျက် ဘိန်းမုန့်ထဲကို နှမ်းနှစ်စက်ကြဲပက်လိုက်သလို မျိုး။ ဘုရားစူး မျက်လုံးပါလို့ ကျိန်ပြောရမယ့် မျက်လုံးမျိုး။ မျက်နှာပေါ်ပါလာရုံလေး။ အဲဒီပါလာရုံမျက်လုံးကိုပဲ သူက အမြဲ ပြာကညို့ ပြာကညိုလုပ်နေတာ။

ကြာပေါ့ဗျာ။ ယောကျ်ားကြာပေါ့။ မိန်းကလေးမြင်ရင် သူ့မျက်လုံးက အလိုလိုကြာထွက်လာတာပေါ့။ သူ့များမြင်လား၊ မမြင်လားတော့မသိဘူး။ သူ့ကိုယ်သူတော့ မြင်တယ်ဆိုပဲ။ ထားပါတော့။ အခုတော့ သူလည်း မယားကောင်မပေါ်ဘဲ ကလေးနှစ်ယောက်ရနေပြီ။





မယားကောင်မပေါ်ဘဲ ကလေးနှစ်ယောက်ရနေတယ်ဆိုလို့ အံ့ဩနေလား။ တကယ်ပြောတာ။

သူ့မိန်းမက ကျွန်တော်တို့တောင် သိပ်မမြင်ဖူးဘူး။ ဘယ်တစ်ယောက်လဲဆိုတာလည်း မသေချာဘူး။ ဒါပေမဲ့ တစ်ယောက်ပြီး တစ်ယောက် ကလေးတွေခေါ်လာတာ။ အဲဒါ သူ့ကလေးတွေတဲ့။ ဒါကြောင့် မယားကောင်မပေါ်ဘဲ ကလေးနှစ်ယောက် မွေးထားတာလို့ပြောတာ။

အဲဒီကိုဆန်းကြီး ကလေးမရခင်က sexy post အကြောင်းလေး ပြောပြချင်လို့ဗျ။ ကျွန်တော်တို့အမျိုးကိုက sexy postကို တမင်လုပ်စရာမလိုဘူး။ သူ့အလိုလိုဖြစ်တာ။ ဖြစ်ပုံကဒီလို။

ကိုဆန်း တစ်နေ့မှာ ဘောင်းဘီအဖြူတစ်ထည် ဝယ်လာတယ်။

ပန်းချီဆရာ၊ ဒီဇိုင်နာဆိုတော့ဗျာ ကောင်းကောင်းကန်းကန်းတော့ ဘယ်ဝယ်နိုင်ပါ့မလဲ။ သင့်ရုံပေါ့။ ဒါပေမဲ့ သူနဲ့ အင်မတန်လိုက်ဖက်တယ်လို့ဆိုရမှာပဲ။

သူကမေးတယ်။

"ဘယ့်နှယ်လဲ"

ခေါင်းညိတ်တယ်။ လက်မထောင်ပြလိုက်တယ်။

"မိုက်တယ်"

သူကပြုံးပြီး

"ကွန်ပျူတာက ကောင်မလေးတွေ သွားမြှူဆွယ်လိုက်ဦးမယ်"

ဆိုပြီး မြို့ထဲ ဝမ်းသာအားရထွက်သွားတယ်။

အဲဒီတုန်းက ကွန်ပျူတာပေါ်ဦးစဆိုတော့ အတော်များများဟာ ကွန်ပျူတာ မသုံးတတ်ကြသေးဘူး။ ကိုဆန်းတို့ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာကျွမ်းကျင်သူတွေနဲ့ ပေါင်းပြီး ဂရပ်ဖစ်ပန်းချီကို သင်ယူနေတုန်းဆိုတော့ လိုချင်တဲ့အရောင်တွေကို ကွန်ပျူတာသမားကိုပြောပြီး လုပ်နေရတုန်းပေါ့။ ဒါကြောင့် အလုပ်လုပ်ရင် ကွန်ပျူတာသမားက မရှိမဖြစ်လိုအပ်တယ်။ ကွန်ပျူတာသမားတွေကလည်း မျှော်လင့်ချက်နဲ့သာ ဆိုင်ဖွင့်ထားရပေမယ့် ကိုဆန်းတို့လို အလုပ်များတဲ့ပန်းချီဆရာတွေကို လက်မလွှတ်ရဲဘူး။ သူတို့တွေရှိမှ အလုပ်များများ ရှိမှာကိုး။

ဒါကြောင့် ကွန်ပျူတာသမားတွေက ကွန်ပျူတာပညာတတ်ပေမယ့် ပန်းချီဆရာ၊ ဒီဇိုင်နာတွေကို လေးစားရတယ်။ ပ,စားပေးထားရတယ်။ စာစီစာရိုက်လောက်သာဆို ဘယ်လောက်မှမရတာကိုး။ ဒီမှာတင် ကိုဆန်းတို့ မယားကောင်မပေါ်မယ့်ကိစ္စဖြစ်ဖို့ တရားဝင်လိုင်စင်နဲ့ ပိုးခွင့်ရတာပေါ့ဗျာ။ နော်။

ယောကျ်ားပျို့တို့ရဲ့ထုံးစံအတိုင်း ကိုယ်နဲ့တွဲဖက်လုပ်မယ်ဆိုရင် မိန်းမလှလေးတွေနဲ့ပဲ တွဲလုပ်ချင်ကြတာပေါ့။ ကိုဆန်းကလည်း ဒီအတိုင်းပါပဲ။ အဲ သူက နည်းနည်းတောင်ပိုပါတယ်။ သူနဲ့တွဲဖက်ကွန်ပျူတာသမားသာမက တစ်ရုံးလုံး မိန်းကလေးတွေချည်းရှိတဲ့နေရာကိုရွေးပြီးမှကို အလုပ်လုပ်တယ်။

အဲဒီနေကလည်း သူက ဘောင်းဘီ အဖြူဖြူဆွတ်ဆွတ်ကြီးနဲ့ဆိုတော့ ကြွားရွားပြီး အလုပ်ကိုရောက်သွားတယ်။ ဘောင်းဘီအသစ်ကြီးနဲ့ဆိုတော့ ခုံမှာတောင် မထိုင်ဘဲ sexy post ဖြစ်အောင် ကွန်ပျူတာ ကောင်မလေးခုံမှာ မင်းသားဝင်းဦးအိုက်တင်နဲ့ တင်ပါးလွှဲလေး မခို့တရို့မှီပြီး အပိုင်ကြံတော့တာ။

"မဟုတ်သေးဘူးလေ ညီမလေး၊ အဲဒီအရောင် မဟုတ်သေးဘူး"

သူအလုပ်လုပ်တဲ့ခုံကလည်း ထိပ်ဆုံးခုံဆိုတော့ အနောက်က





အလုပ်လုပ်နေတဲ့ ကောင်မလေးတွေအားလုံးက သူ့ကိုမြင်နေရတယ်။ သူကလည်း အဲဒီခုံကို တမင်ရွေးထားတာ။ အလုပ်လုပ်တဲ့ ကောင်မလေးအချောဆုံးကလည်း အဲဒီမှာပဲ ရှိတဲ့အပြင် အနောက်က မိန်းမပျိုများကလည်း သူ့ရဲ့ခန္ဓာကိုယ် နောက်ကျောအလှကို ကွက်ကွက်ကွင်းကွင်း မြင်ရအောင်ပေါ့။ ဒါကြောင့် ရှိစုမဲ့စု အသုံးပြုလို့မရတဲ့ တင်ပါးကို နောက်ပစ်ပြီး ကွန်ပျူတာကောင်မလေး ထိုင်နေတဲ့ခုံပေါ် ခြေတော်တင်ပြီး

"မရသေးဘူး၊ အရောင်ကို နည်းနည်းထပ်တင်ဦး"

ဂိုက်ပေးကြမ်းနေတာ။

အနောက်ကကောင်မလေးတွေက သူ ဂိုက်ပေးကြမ်းနေပုံကို ပထမတော့ ပြုံးစိစိနဲ့ပေါ့။ နောက်တော့ အလုပ်တောင်မလုပ်တော့ဘဲ အလျှိုလျှိုနဲ့ ထ,ထွက်သွားကြတယ်။

ကိုယ့်လူကလည်းရိပ်မိတယ်။ သူကလည်း ဒီကွန်ပျူတာက ကောင်မလေးကို ကြိုက်နေ၊ ကြိတ်ကြံနေမှန်းသိလို့ ကျန်တဲ့သူတွေကို ရှောင်ပေးကြမှန်း။ အထာပေးပြီပေါ့။ ကိုဆန်းတို့ကလည်း အထာပေးရင် ဆရာလေးတောင်မရှောင်။ အဲ အထာပေးရင် ဆရာကြေးတောင် ယူတာမဟုတ်ဘူး။

လူပျိုသက်ပဲ နည်းလှတာမဟုတ်တဲ့အပြင် အလှပြင်တစ်ကြော၊ ဗိုလ်ချုပ်ဈေးတစ်ကြောမှာ ကျင်လည်ကြက်စား၊ အဲ ကျက်စားခဲ့သူဆိုတော့ ချက်ဆိုဗိုက်ကပ်နေတာ။

နှစ်စေ့ထဲပါသော နှမ်းစေ့နဲ့ ပတ်ဝန်းကျင်ကို ကွက်ရှိုးလိုက်သေးတယ်။

လူရှင်းပြီ။ ချက်ဆို ဗိုက်ကပ်ရုံမက ဗိုက်အောက်ကိစ္စတောင် စဉ်းစားလို့ရပြီ။ လာနေပြီ။

သူ့ကွန်ပျူတာကောင်မလေးကြည့်တော့လည်း တပျို့ပျို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



အနံ့ချင်နေတဲ့ပုံ။

"ဘာတွေအစားမှားလို့လဲ"

ကောင်မလေး မျက်နှာလေးရဲပြီး ခေါင်းခါတယ်။

သေချာပြီ။ ကောင်မလေးတွေ စိတ်တွေလှုပ်ရှားလွန်းရင် ဒီလိုဖြစ်တတ်ကြတယ်လေ။

နှမ်းစေ့နှစ်စေ့နဲ့ လှည့်ရှိုးလိုက်သေးတယ်။ သေချာပြီ။ ဒီအနေအထားဆို အမှုဖြစ်လို့ရပြီ။

သူလည်းရင်ခုန်သွားတယ်။ ဒါနဲ့ပဲ စိတ်လှုပ်ရှားနေပြီ။

"ခဏလေးနေဦး၊ အပေါ့သွားလိုက်ဦးမယ်"

ဆိုပြီး Toilet ထဲ အမြန်ပြေးဝင်လိုက်တယ်။ စိတ်ငြိမ်အောင်

အဲဒီဖင်ပြကြီးနဲ့ သူများခုံမှာ
တင်ပါးလွှဲထိုင်ပြီး
ကုန်းကုန်းကွကွ
လုပ်ပြနေတာဆိုတော့
စဉ်းစားသာကြည့်။

ဆိုပြီး အသက်ခပ်ပြင်းပြင်းရှူလိုက်သေးတယ်။ အနည်းငယ်စိတ်ငြိမ်မှ

"သေချာသွားအောင် အပေါ့သွားလိုက်ဦးမယ်"

ဆိုပြီး ဘောင်းဘီအသစ်စက်စက်ကို ဘေးမသီရန်မခ ချွတ်ချလိုက်မှ

"ဟာ "

ဘောင်းဘီချွတ်ချလိုက်တာတောင် အိမ်သာခွက်လှမ်းမြင်နေရတယ်။

ဘောင်းဘီကို ပြန်မ,လိုက်တယ်။ မြင်ကွင်းက ခုနကအတိုင်း။ ပြန်ချွတ်တယ်။ ဒီအတိုင်းပဲ။





"သွားပြီ"

ဒီတော့မှ ခေါင်းရှေ့တပ်ထားတဲ့ ဘိန်းမုန့်ဆီကနေ ချွေးသီးချွေးပေါက် ပလောက်ပလောက်နဲ့ကျလာတယ်။ မသေချာလို့ ဘောင်းဘီကို ပြန်ငုံ့ကြည့်လိုက်တယ်။ မြင်ကွင်းက ဘာမှမထူးခြား။

"သွား သွားပြီ"

နှမ်းစေ့လောက်ဆိုပေမယ့် မြင်ကွင်းကရှင်းတယ်။

ဘောင်းဘီ အနောက်ချုပ်ရိုးကနေ ခါးနားထိ ထွာဆိုင်သာသာလောက် အပေါက်ကြီး။

ဘယ်ထဲက ချုပ်ရိုးပြုတ်ပြီး ပြနေမှန်းမသိ။

အဲဒီဖင်ပြကြီးနဲ့ သူများခုံမှာ တင်ပါးလွှဲထိုင်ပြီး ကုန်းကုန်းကွကွလုပ်ပြနေတာဆိုတော့ စဉ်းစားသာကြည့်။ အနောက်ကလူတွေကို ဘယ်လောက်ထိဖင်ဖြပြနေတယ်ဆိုတာ။

ဒီတော့မှ ကိုယ့်လူလည်း သဘောပေါက်တော့တယ်။ အနောက်က ကောင်မလေးတွေ ပြုံးစိစိနဲ့ အလျှိုလျှိုပျောက်သွားကြတာ အထာပေးပြီး ထွက်သွားကြတာမဟုတ်ဘဲ သူဖင်ဖြပြတာမခံနိုင်လို့ ထွက်သွားကြမှန်း။

နောက်ပြီး ကျွန်တော်တို့အမျိုးကိုက ယောကျ်ားအားလုံးအတွင်းပလိန်းသမားတွေ။ 'တစ်ထပ်ဝတ်ပြီး နောက်တစ်ထပ် ထပ်ဝတ်တာကို ပကာသနတွေပါ' လို့ထင်တဲ့အမျိုး။ နောက်ပြီး ကျွန်တော်အရှေ့ကပြောပြီးသား၊ ကိုဆန်းက ဆံပင်ကအကောက်။ ဒါကြောင့် အနီးကပ်နေနေရတဲ့ ဟိုကောင်မလေး ပျို့ပျို့နေတာပေါ့။ ဆိုင် မဆိုင်တော့ မသိဘူး။

ကိုဆန်းလည်း သူ့အခြေအနေ သူသဘောပေါက်ပြီး Toilet ထဲက မထွက်ရဲတော့ဘူး။ ဘောင်းဘီဖင်ကွဲတာ မျက်နှာပူတာကြောင်း သူသိသွားပြီ။ ဒါနဲ့ပဲ မထွက်ရဲ ထွက်ရဲနဲ့ အပြင်ပြန်ခိုးချောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်။

"ဟ "

ကွန်ပျူတာဆိုင်တစ်ဆိုင်လုံး လူတစ်ယောက်မှမရှိတော့ဘူး။ စောစောက သူ့ကို ကွန်ပျူတာရိုက်ပေးနေတဲ့ ကောင်မလေးတောင် တပျို့ပျို့ တအန်အန်နဲ့ ဘယ်ထွက်ပြေးသွားမှန်းမသိဘူး။

"ဗိုး"

အားလုံးရှင်းသွားပြီဆိုမှ သူ ချွေးသုတ်ရဲတယ်။ ပြီးတော့ တစ်ဆိုင်လုံးဝေ့ကြည့်တယ်။ လူလည်းမရှိဘူး။ အားလုံးရှင်းပြီး သံဘာဂျာတံခါးပါ စေ့သွားတယ်။

ကိုယ့်လူလည်း အပြင်မထွက်ရဲဘူး။ ဒီပုံကြီးနဲ့ တစ်မြို့လုံးဖင်လှည့်ဖြပြဖို့ ဆိုတာ မလွယ်ဘူးလေ။

အဝတ်အစား တွေ့လိုတွေ့ငြား ရှာကြည့်တယ်။

တွေ့တယ်။

ဒါပေမဲ့ ထဘီတွေ။ ကွန်ပျူတာဆိုင်က မိန်းမတွေချည်းရှိတာဆိုတော့ ဒါတွေပဲတွေ့မှာပေ့ါ။

ထပ်ရှာတယ်။

ထပ်တွေ့တယ်။ အမျိုးသမီး အတွင်းခံတွေ။

ဝါသနာကြောင့်မဟုတ်ဘဲ ယူကြည့်သေးတယ်။ ဒါပေမဲ့ သူ့ဆိုက်မဟုတ်တော့ အလုပ်မဖြစ်ဘူး။ ပြန်ချထားခဲ့တယ်။

ဘယ်သူမှမသိအောင် ထဘီခြုံပြန်ရကောင်းမလား သူစဉ်းစားသေးတယ်။ ဒါပေမဲ့ မလွယ်ဘူးလေ။ ဒီခေတ်ကိုက ထဘီခြုံလင်းတမဖြစ်ဘဲ လင်းတနဲ့ ခပ်ဆင်ဆင် ကြက်ဖြစ်သွားမယ့်ခေတ်။ ယောက်ျားရင့်မာကြီးဖြစ်လျက်နဲ့ ကြက်တော့ အဖြစ်မခံနိုင်ဘူးဆိုပြီး အဲဒီအစီအစဉ်ကောင်းပါလျက် လက်လျှော့လိုက်တယ်။

ဟိုဟာနဲ့ကွယ်သွားဖို့ စဉ်းစားသေးတယ်။ ဒါပေမဲ့ သူ့ဆိုက်





မဟုတ်တော့လည်း အဆင်မပြေပြန်ဘူး။

ဒါနဲ့ ဟိုနား ဒီနားမှာရှာကြည့်တော့ သူပန်းချီရေးဖို့ဆောင်ထားတဲ့ ရေဆေးတွေတွေ့တယ်။

သူ့မျက်နှာပေါ်က နှမ်းစေ့နှစ်စေ့ ဝင်းလက်သွားတယ်။

"ဟုတ်တယ်၊ အဲဒီအကြံမဆိုးဘူး"

အကြံအစည် အကောင်အထည်ဖော်ဖို့အတွက် ဆေးပုလင်းတွေကို ဖွင့်လိုက်တယ်။

ပြီးတာနဲ့ သူ့ဖင်ကို သူစိတ်ကြိုက်ဆေးခြယ်တော့တာပါပဲ။ ဒါမှ ရုတ်တရက် လူတွေကြည့်ရင် အတွင်းဘောင်းဘီလို့ ထင်မှာလေ။ ဘောင်းဘီအကွဲပေမယ့် အတွင်းခံတော့ ပါတယ်ဆိုပြီး အထင်ရောက်အောင်ပေ့ါ။

ပန်းချီဆရာဆိုတော့ဗျာ။ ပန်းချီရေးရရင် ဈာန်ဝင်တတ်တယ်မဟုတ်လား။ ဒါနဲ့ပဲ ကိုယ်ရေးနေတာ ကိုယ့်ဖင်ဆိုတာတောင်မေ့ပြီး ပန်းရောင်အသည်းပုံလေးတွေ ကြယ်လေးတွေ ဆွဲမိသွားသေးတယ်။ အသည်းမှာ အစိမ်းရောင်မြားလေး စိုက်လို့ပေ့ါ။

နောက်မှ သူပြန်ပြောပြတယ်။

"ပန်းချီရေးတဲ့ပညာထဲမှာ ကိုယ့်ဖင်ကိုပြန်ရေးရတာ အခက်ဆုံးကွ"

ဟုတ်တယ်လေ။ ကိုယ့်ဖင်ကိုယ် ပန်းချီရေးတယ်ဆိုတာ ကုန်းပြီး ဇောက်ထိုးတစ်မျိုး၊ ကော့ပြီး ပက်လက်တစ်မျိုး ရေးရတာတလား။ ရေးပြီးတော့ သူ့ကိုယ်သူ ယုံကြည်မှုတော့ နည်းနည်းပြန်ရှိလာတယ်။ ဒါပေမဲ့ ဒီမှာလည်း သူဆက်မနေရဲဘူး။ တော်ကြာ ကွန်ပျူတာက ကောင်မလေးတွေပြန်လာရင် နီရဲနေတဲ့ မျက်နှာ ဘိန်းမုန့်ကြီး လောင်ကျွမ်းသွားလိမ့်မယ်။

နောက်ဆုံးတော့ အရဲစွန့်ပြီး ပါလာတဲ့လွယ်အိတ်လေးပဲ



www.burmeseclassic.com

www.burmeseclassic.com



ခါးမှာပိတ်ချည်ပြီး ခပ်တည်တည်နဲ့ ဆိုင်ထဲကထွက်လိုက်ရတယ်။ ဒါတောင် ရဲရဲထွက်တာမဟုတ်ဘူး။ အနောက်မှာ လူခြေသံကြားပြီ ဆိုတာနဲ့ အုတ်နံရံပြေးကပ်ရတာအမော။

အနောက်က သူ့ဘာသာသူ ရယ်သံကြားရင်တောင် ငါ့ကို မြင်များသွားပြီလားဆိုပြီး ကောက်ကွေးကွေးဆံပင်ပါ ထောင်ထောင် သွားရတာလည်းအမော။

လေပြည်ပက်ဖြန်းလို့ အကွဲနေရာအတွင်းသား အေးခနဲဖြစ် သွားရင်တောင် တာဝန်မကျေရကောင်းလားဆိုပြီး ချည်ထားတဲ့ လွယ်အိတ် ဆွဲဆိတ်ရတာလည်း အမော။ ဒါပေမဲ့ သူ ရေဆေးနဲ့ ဆွဲထားတဲ့ အတွင်းခံပါတာပဲဆိုပြီး နည်းနည်းတော့ စိတ်လုံတာပေါ့။

နောက်ကတွယ်သွားတာဆိုတော့
ကားပေါ်ပါလာသူတွေ ကြည့်တော့
အမြင်မရိုင်းဘူးလေ။
အနောက်ကတော့ လေတွေဟပ်ပြီး
လွယ်အိတ်ကြီးက

အမှန်တော့ သူထင်တာပါ။ သူရေးထားတဲ့ဆေးကိုက ရေဆေးဆို တော့ နေပူတာနဲ့တင် ချွေးတွေစီးပြီး ပုံပျက်နေပြီလေ။

ထားပါတော့ဗျာ။

ဒီလိုနဲ့ အိမ်ပြန်တဲ့ကားဂိတ်ရောက်တယ်ဆိုပါစို့။

အဲဒီခေတ်ကလည်း တက္ကစီဆိုတာ သိပ်ရှိလှတာမဟုတ်ဘူး။ ရှိလည်း ငှားမစီးနိုင်ဘူး။

ဒါထက်ပိုခက်တာက အိမ်ပြန်ဖို့စီးရမယ့်ကားက ဒတ်ဆန်း ကားတွေ။

ဒတ်ဆန်းကားတွေက သိတဲ့အတိုင်း ကားထဲဝင်ရင် ကုန်း





ပြီးတော့ကို ဝင်ရမှာ။ ကုန်းပြီးဝင်တာနဲ့ သိတော်မူတဲ့အတိုင်း အားလုံး တိုဖင်ဖြဲပြီးသားဖြစ်ပြီ။

ကားက သိပ်မကျပ်ပေမယ့် အနေခက်စေမှာက အသေ အချာ။ ကားဂိတ်ရောက်မှ ဘာဆက်လုပ်လို့ လုပ်ရမှန်းမသိဘူး။ ရန်ကုန်မြို့ ပေါ်မှာကလည်း အသိမရှိ။

နောက်ဆုံးတော့ 'ကားထဲမှာ ကုန်းကုန်းကွကွဝင်တာနဲ့ စာ ရင် အနောက်က တွယ်စီးသွားတာက ပိုပြီးသက်သာမယ်'လို့ တွေး မိပြီး ကားအထွက်ကိုသာ စောင့်လိုက်တယ်။

"လိုက်ရင်လာ လိုက်ရင်လာ၊ ဆွဲဆရာရေ့"

ကားထွက်တော့ ကမန်းကတန်း ကားနောက်ခြေနင်းခုံပေါ် ပြေးတက်လိုက်တယ်။ စပယ်ယာက သူ့ကိုလှမ်းထိန်းရင်း

"အစ်ကို အထဲဝင်စီး၊ အထဲမှာချောင်တယ်"

ဆိုပြီး ကားထဲအတင်းထိုးထည့်တယ်။ သူလည်းကြောင်ပြီး အင်းဆိုပြီး ခြေနင်းကအတက်မှာ အနောက်က အေးခနဲဖြစ်သွားမှ သတိရပြီး

"ဟာ ရပါတယ်၊ နောက်တက်မယ့်သူတွေကိုသာ နေရာပေး လိုက်ပါ"

ဆိုပြီး အနောက်မှာသာ ခပ်တည်တည်တွယ်ပြီး လိုက်သွား တယ်။ အနောက်ကတွယ်သွားတာဆိုတော့ ကားပေါ် ပါလာသူတွေ ကြည့်တော့ အမြင်မရိုင်းဘူးလေ။ အနောက်ကတော့ လေတွေဟပ်ပြီး လွယ်အိတ်ကြီးက ဘတ်လပ်ဘတ်လပ်ပေါ့။

မှတ်တိုင်တစ်မှတ်တိုင်ရောက်တိုင်း ကားမရပ်ခင် ကမန်း ကတန်းခုန်ဆင်းပြီး လူမသိအောင် sexy postနဲ့ ကားဘေးမှီပြီး ဆင်းပြီး နေရတယ်။ ကားဘီးလှိမ့်တာနဲ့ ကမန်းကတန်း ပြန်ပြေးတက်တာ ပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



လူတွေကလည်း တစ်မှတ်တိုင်ပြီး တစ်မှတ်တိုင် ဆင်းလိုက် တက်လိုက်နဲ့ပါပဲ။ ကားကလည်း လူချောင်လိုက်၊ ကျပ်သွားလိုက်နဲ့ ပါပဲ။ ပြန်ရမှာကလည်း တောင်ဒဂုံထိဆိုတော့ နီးလှတာမဟုတ်ဘူး။ ဒီလိုပဲ ဆင်းလိုက်၊ တက်လိုက် လုပ်နေရတာ။

လူတွေကလည်း ကိုယ့်အပူနဲ့ကိုယ်ဆိုတော့ သိပ်လည်း သတိ မထားမိကြဘူး။ တစ်နေရာရောက်မှ

"ဟေ့ကောင် မောင်စိုး"

"ဗျာ ဆရာ"

"အတွယ်တွေအထဲသွင်း၊ အတွယ်တွေအထဲသွင်း၊ ရှေ့မှာ ဘဲဥတွေ၊ ဟင်းချက်ကျွေးနေရဦးမယ်၊ မြန်မြန်သွင်း"

ဒီတော့မှ စပယ်ယာကလည်း ဟျာဟျာသလဲနဲ့

"ကဲ နောက်ကတွယ်တဲ့အစ်ကို အထဲဝင်၊ အထဲမြန်မြန်ဝင်၊ တော်ကြာ အဖမ်းခံနေရဦးမယ်"

ဆိုပြီး အတင်းလက်ဆွဲပြီး အထဲကိုထိုးအသွင်း၊ မတတ်သာ တဲ့အဆုံး ကိုယ့်လူကလည်း ကုန်းကုန်းကွကွနဲ့လှမ်းအဝင် အဲဒီတော့မှ

"ဟာ"

"ဘာကြီးလဲဟ"

"အောင်မာ အသည်းပုံမြားစိုက်နဲ့၊ ငါ လှမ်းရိုက်လိုက်ရ"

"ထွီ ရွံစရာကြီး"

ကားတစ်စီးလုံး အသံတွေဆူညံကုန်တယ်။

"တောက် အထဲဝင်ခိုင်းတာမကြိုက်ရင်လည်း ပါးစပ်နဲ့ ပြော လေဗျာ၊ အခုတော့ ဖင်ပါဖြုပြုသွားတယ်၊ တောက် အမည်းကြီးနဲ့များ"

စပယ်ယာက စိတ်အနာဆုံး။ ဖြစ်ချင်တော့ ခုံကလည်း အလယ်တန်းရဲ့ ရှေ့ဆုံးခုံထိဝင်ရတာဆိုတော့ စဉ်းစားသာကြည့်။ အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စိတ်တိုကုန်





ကြတယ်။

ကိုဆန်းကတော့ မသိချင်ယောင်ဆောင်ပြီး ကားခေါင်းကို မျက်လုံးပို့ထားလိုက်တယ်။

"လိုက်ရင်လာ လိုက်ရင်လာနော်၊ ငါစိတ်တိုနေတယ်၊ လိုက် မှလာ၊ မကျေနပ်ရင် ပါးစပ်နဲ့ပြော၊ အမူအရာနဲ့မပြနဲ့ ပြောနေရင်း ကွာ တောက်'

စပယ်ယာကလည်း အမူအရာပြောင်းသွားတယ်။ ခရီးသည် တွေလည်း စိတ်တိုပြီး

"ဟေ့ကောင် အစားအသောက်ပျက်တယ်၊ မြန်မြန်မောင်း ကွာ၊ ဘာလဲ မင်းတို့က"

'ဟိုမသာမကြီး တိတ်တိတ်နေစမ်း၊ စိတ်တိုနေရတဲ့ကြားထဲ၊ ဒီလိုမှန်းသိရင် ငါးခုတ်တဲ့ဓားယူခဲ့တယ်"

ကားတစ်စီးလုံး စိတ်တိုကုန်တယ်။

ဟုတ်တယ်။ ဖြစ်လည်း ဖြစ်ချင်စရာ။ ဘောင်းဘီကွဲနေပါတယ် ဆိုမှ အထဲမှာ ရေဆေးပန်းချီကားပါ ရေးထားတာဆိုတော့ စဉ်းစား သာကြည့်တော့။

လူတွေကသာဖြစ်နေကြတာ။ ကိုယ့်လူက ရှိုစုမဲ့စု မျက်လုံး လေးလှန်ပြီး နှုတ်ခမ်းကိုပါ ပလပ် ပလပ်လုပ်နေသေး။

"ဆွဲဆရာရေ ဂိတ်ဆုံးကိုမောင်း၊ ဘယ်နေရာမှမရပ်နဲ့၊ ပိုက်ဆံလည်း မလိုချင်တော့ဘူး၊ မြန်မြန်ရောက် အေးရော"

"အာ ဒီကောင်၊ ဘာတွေလောနေတာလဲ၊ လူတင်ဦးဟ"

"ဟာ ဆရာမှမမြင်တာ၊ ကျုပ်ပြောတဲ့အတိုင်းသာ မြန်မြန် မောင်းဗျာ၊ မဟုတ်ရင် ကျုပ်ရဲ့ ဒေါသလက်သီး ဆရာမြည်းလိုက် ရမယ်"

အဲဒီကတည်းက ကားကတော့ ဝိုင်းဒိုင်းကျဲပြီး မောင်းတော့



www.burmeseclassic.com

www.burmeseclassic.com



တာ။ ကိုယ့်လူကတော့ စလယ်ဝင် ဖင်မမည်းခင်မှာပင် ဖင်ပြဲသွားတဲ့ ဘောင်းဘီဖြူကြီးနဲ့ နှလုံးမြေကျထိုင်ပြီး ပြုံးပြီးလိုက်လာရတယ်။ မပြုံးထားလို့လည်း မဖြစ်ဘူးလေ။ ဒီအခြေအနေမှာ ဒီလိုလုပ်ရမှာပေါ့။

ဒီလိုနဲ့ ကားဂိတ်ရောက်တော့ လူအားလုံးအဆင်းကို စောင့်လိုက်တယ်။ အားလုံးကုန်မှ ထိုင်ထားတဲ့ခုံလေးပါ ဟန်မပျက်မပြီး ကွတကွတနဲ့ ကားထဲက ထွက်ရတယ်။

စပယ်ယာကတော့ စိုက်ကြည့်နေတယ်။ ဒီကောင် ခုံကြီးနဲ့ ဘာလုပ်မလဲပေါ့။ ကိုယ့်လူလည်း မြေကြီးပေါ်ရောက်မှ ဖင်ပိတ်ထားတဲ့ခုံလေး ပြန်ထုတ်လိုက်တယ်။ ပြီးတော့ လွယ်အိတ်ထဲက

ဟုတ်တယ်။
သူ့ဖင်မှာရေးထားတဲ့
ရေဆေးတွေက
ခုံပေါ် ဖိထိုင်ထားလို့
ပန်းချီကားလိုဖြစ်နေတယ်။

ဘောလ်ပင်ထုတ်ပြီး ဆိုင်းထိုးလိုက်တယ်။ စပယ်ယာက သူ့ကိုငေးနေတုန်း။

ကိုယ့်လူက လက်မှတ်ထိုးထားတဲ့ခုံကို စပယ်ယာကို ကမ်းပေးလိုက်တယ်။

"ရော့ ပန်းချီကား"

ဟုတ်တယ်။ သူ့ဖင်မှာရေးထားတဲ့ ရေဆေးတွေက ခုံပေါ် ဖိထိုင်ထားလို့ ပန်းချီကားလိုဖြစ်နေတယ်။

"နောက်ဆို တန်ဖိုးရှိတယ်၊ ဆိုင်းပါတယ်"

စပယ်ယာက ကြောင်တောင်တောင်နဲ့ လှမ်းယူတယ်။ ကိုယ့်





လူကတော့ ခပ်တည်တည်ပဲ လွယ်အိတ်ကြီး ဘတ်လပ်ဘတ်လပ်နဲ့ ကောက်ကက်ထွက်သွားတယ်။

စပယ်ယာကတော့ sexy post ပန်းချီကားတစ်ချပ် လက်ဆောင်ရသွားတာပေါ့။

ကျွန်တော်ပြောသား။ ကျွန်တော်တို့အမျိုးက sexy post တို့ ဖန်တီးနေစရာမလိုဘူး။ အလိုလိုဖြစ်တာပါဆို။

ဒီတစ်ကြိမ်တည်းမဟုတ်ဘူး။ နောက်တစ်ကြိမ်လည်းရှိသေး။

× × ×



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ် ကျွန်တော့်အစ်ကို ကိုဆန်းရဲ့ sexy post အကြောင်း ပြောပြမယ်။ အားလုံးသိတော်မူကြတဲ့အတိုင်း ကျွန်တော်တို့ ရန်ကုန်ရောက်ခါစက တယ်ပြီးအဆင်မပြေလှပါဘူး။ ကျွန်တော့်အမေ ငွေတစ်သောင်းနဲ့ဝယ်ထားပေးတဲ့ ရန်ကုန်မြို့ပြင်တစ်နေရာမှာ တဲထိုးနေရတာကိုးခင်ဗျ။ ခက်တာက တဲထိုးပြီး အိမ်ရံအကာတောင် မနည်းဖျစ်ဖျစ်မြည်အောင်ကာရတော့ အရေးကြီးတဲ့အိမ်သာကိုမိုးဖို့မပြောနဲ့ ကာဖို့တောင် တာလပတ်စက မလောက်တော့ဘူး။ အပေါ်က လုံအောင်ကာရင် အောက်ပိုင်းကလွတ်နေတာ။ အောက်ပိုင်းကလုံရင် အပေါ်ကလွတ်နေဗျာ။





ဆိုတာကဗျာ။ မျက်နှာလုံချင်ရင် ကျန်တဲ့အစိတ်အပိုင်းက ပေါ်နေမှာ။ အဲ ကျန်တဲ့အပိုင်းလုံချင်ရင် မျက်နှာတစ်ပိုင်းက ပြူးဖြီးဖြီးကြီးပေါ်နေမှာ။ အဲဒီတော့ ဘယ်လိုလုပ်ရမှန်းမသိဘူး။ ဒါနဲ့တိုင်ပင်ကြတာပေါ့။

"ကဲ ဒီကိစ္စ ဘယ်လိုဖြေရှင်းမလဲ"

အားလုံးခေါင်းကုတ်တယ်။ ဒါကို ကိုဆန်းက

"ဒါဘာခက်လို့လဲကွာ၊ အိန္ဒိယမှာလား၊ ဘာလား ငါ တစ်ခါစာထဲမှာဖတ်ဖူးတယ်၊ ဝန်ကြီးတစ်ယောက်က ရွာကိုဖြတ်ပြီး ရထားစီးသွားတုန်းက မိန်းမပျိုတစ်ယောက် ရထားလမ်းဘေး လယ်ကွင်းတန်သင်းရိုးမှာ အီးအီးထိုင်ပါနေတာတွေ့လို့ ဝန်ကြီးက ရထားရပ်ပြီးစကားဆင်းပြောရာက ချစ်ကြိုးသွယ်မိပြီး ဝန်ကြီးနဲ့ အဲဒီမိန်းကလေးညားခဲ့ကြလေသတဲ့"

ဟုတ်လား၊ မဟုတ်လားမသိ နားထောင်နေမိတယ်။

"အဓိကရှက်တာက မျက်နှာပဲမဟုတ်လား၊ ဒီတော့ မျက်နှာလုံဖို့ပဲလိုတယ်၊ ခုန သာဓကအရဆိုရင် သူဌေးမတွေ ဘာတွေဖြတ်သွားတုန်း အမြင်မတော် ဆင်းပြောရာက ချစ်ကြိုးသွယ်နိုင်သားမဟုတ်လား၊ နောက်ပြီး မျက်နှာမပေါ်တော့ ပေါ်နေတာ ဘယ်သူမှန်းသိမှာမဟုတ်ဘူး"

သူပြောတဲ့အတိုင်းပဲ အိမ်သာကိုကာလိုက်ပါတယ်။

ဘယ့်နှယ်ဗျာ သူပြောတဲ့သူဌေးမနဲ့မတွေ့ဘဲ ကလေးတွေ သားရေကွင်းနဲ့ လက်တည့်လာစမ်းကြလို့ မခံနိုင်တာနဲ့ဘဲ ရရာပိုက်ဆံနဲ့ အိမ်သာအပြည့် ပြန်ကာလိုက်ရတယ်။

ဆင်းရဲသားရပ်ကွက်ဆိုတော့ဗျာ ကလေးတွေကလည်း ဆိုးသလားမမေးနဲ့။ အဲဒီsexy post ကြီးမြင်ရင်ကိုမနေနိုင်ဘူး။ အိမ်သာပေါ်ကပြေးဆင်းလာပြီး သားရေကွင်းနဲ့ကို ထွက်ဆွဲတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



ထားပါတော့ဗျာ။

ကျွန်တော် အဓိကပြောချင်တာက အဲဒီအကြောင်း မဟုတ်သေးဘူး။ ဆိုလိုချင်တာကပေါ့။ အိမ်သာတောင် ဖြစ်သလိုဆောက်ထားရတော့ ရေချိုးခန်းဆိုတာ ဘယ်ရှိနိုင်ပါ့မလဲ။ ကိုယ့်တဲအိမ်ရှေ့ရှိသမျှ တိုင်ကီတစ်လုံးချပြီး ဒီလိုပဲ အမိုးမရှိ၊ အကာမရှိ ရေကို ဖြစ်သလိုချိုးရတာ။ ရေကလည်း တစ်စည် သုံးဆယ်ဆိုတော့ တဝုန်းဝုန်းနဲ့လည်းမချိုးနိုင်ဘူး။ အားလုံးက ဘုရား၊ တရား၊ သံဃာ သုံးခွက်ပဲချိုးကြတာ။

ကဲ ဒီလောက်ဆို ကျွန်တော်တို့ရဲ့အခြေအနေကို သဘောပေါက်လောက်ပြီထင်တယ်။

ဘောင်းဘီအသစ်ကြီးနဲ့ ကိုဆန်းက
လောဆော်ပါတယ်။ ညဘက်ကျမှ
သောက်တတ်သော ကျွန်တော်တို့
အံ့အားသင့်ရပါတယ်။

ဆိုကြစို့။

အဲဒီနေ့ကလည်း ကိုဆန်း ဘောင်းဘီအသစ်ကြီးတစ်ထည်ဝယ်လာတယ်။ ဘောင်းဘီတံဆိပ်က Black' Black ခင်ဗျ၊ ဆိုရရင် အနည်းငယ်တန်ကြေးရှိတဲ့ ဘောင်းဘီပေါ့။ ဘောင်းဘီက အနက်ရောင်ကြီး။ တော်ရုံတန်ရုံအကောင်းစားမို့ ပြောင်လက်နေတာပေါ့ဗျာ။ အလုပ်ကပြန်လာပြီး ဝယ်လာတဲ့ဘောင်းဘီဆိုတော့ ဝတ်စရာ အခွင့်အရေးက မရှိတော့ဘူး။ အမှန်တော့ အဝတ်အစားအသစ်ဆိုတာမျိုးက မြို့ထဲတွေ ဘာတွေ သွားမှဝတ်ရမှာမျိုး။

ဒါပေမယ့် ကိုဆန်းက သူ့ဘောင်းဘီအသစ်ကြီးကို ဝတ်ဖို့





အချိန်မစောင့်နိုင်တော့ဘူး။ အမှန်တော့ ဒီလိုဘောင်းဘီအသစ်ကြီးဆိုတာမျိုးက ရန်ကုန်မြို့ထဲ သွားတဲ့အခါကျမှ ရှူးနဲ့ စမိုးနဲ့ဝတ်ရမှာ။ ဒါပေမဲ့ ဒီလောက်စျေးကြီးကြီးနဲ့ဝယ်ထားတဲ့ ဘောင်းဘီအသစ်ကြီးကို ဝတ်ဖို့အချိန်မစောင့်နိုင်တော့ဘူး။ ရပ်ကွက်သစ် ရွာထဲမှာတောင် ရွှံ့တွေဗွက်တွေကို ခုန်ကျော်လွှားပြီး ဘောင်းဘီအသစ်ကြီးနဲ့ ရှိုးထုတ်ဖို့ပြင်တယ်။

ကျွန်တော်တို့အိမ်ရဲ့ ရပ်ကွက်စျေး၊ လူစည်ကားရာနေရာကလည်း တစ်မိုင်ပတ်လည်တောင်ဝေးပါတယ်။ တစ်မိုင်နီးပါး လယ်ကွင်းတွေကိုဖြတ်ပြီးမှ လူစည်ကားရာနေရာ၊ ကျွန်တော်တို့ထိုင်နေကျဆိုင်ကလေးဆီကိုရောက်ပါတယ်။ တစ်ဆိုင်တည်းရှိသော ခပ်ညံ့ညံ့ဆိုင်လေးပါ။ ရပ်ကွက်ထဲမှာ တစ်ဆိုင်တည်းရှိတဲ့အပြင် တစ်နှစ်လုံးသောက်သုံးပြီး နှစ်ကုန် သင်္ကြန်ရာသီရောက်ရင် ကျန်ခဲ့သမျှအကြွေးအားလုံးကို လျှော်ပေးတဲ့အတွက် သံယောဇဉ်ဖြစ်စရာဖြစ်နေပါတယ်။

"ကဲ ဆိုင်သွားကြရင်ကောင်းမယ်"

ဘောင်းဘီအသစ်ကြီးနဲ့ ကိုဆန်းက လောဆော်ပါတယ်။ ညဘက်ကျမှ သောက်တတ်သော ကျွန်တော်တို့ အံ့အားသင့်ရပါတယ်။

"ဘယ့်နှယ်လဲ အစောကြီး ကိုဆန်းရ"

ကိုဆန်းက သူ့ဘောင်းဘီအသစ်ကြီး လူမမြင်မှာစိုးလို့ ပုတ်ပြပြီး

"ဒါလေးလှည့်ကြွားရဦးမယ်လေ၊ လူတွေမြင်အောင်ပေါ့"

"ဟင်း ဟင်း"

ကျွန်တော်တို့လည်း ဘာမှမပြောသာတော့ဘူး။ သူ့ရဲ့ကြွားချင်စိတ်ကို ပါရမီဖြည့်တဲ့အနေနဲ့ပဲ အိမ်ကအတူထွက်လာခဲ့တယ်။ ဗွက်



www.burmeseclassic.com

www.burmeseclassic.com



တွေ ချိုင့်တွေကြားမှာ သူ့ဘောင်းဘီအသစ်လေးပေမှာစိုးလို့ ကိုဆန်းခမျာ ခုန်ပျံသွားလိုက်တာ တကယ့်လိပ်ပြာလေးအလားပါပဲ။ သူ့မှာလည်း ဘောင်းဘီအသစ်ကြီးပေမှာစိုးရကိုး။ ရပ်ကွက်ဗွက်နဲ့ ဘယ်အပေခံနိုင်ပါ့။

× × ×





ဒီလိုနဲ့ ဆိုင်ကိုရောက်ရောပေါ့။ သင့်ရာနေရာယူပြီး သင့်ရာမှာပြီးမှ ကိုဆန်းက

"ဒီဆိုင်ကအစားအစာတွေစားရတာ ပျင်းတယ်ကွာ၊ နည်းနည်းထူးဆန်းတာလေး အပြင်က မှာစားရင်ကောင်းမယ်"

သူ့စကားကို အတူပါလာတဲ့ မျိုးထူးထက်က

"ဒီနားမှာ ထူးထူးဆန်းဆန်းဆိုရင် အမဲအူသုတ်ဆိုင်တစ်ဆိုင်တော့ရှိတယ်၊ တစ်ပွဲ ၁၅ ကျပ်ဆိုတော့ ဈေးလည်းသင့်တယ်၊ အဲဒါပေမယ့် အဲဒီကောင် တစ်ဇွန်းစားလိုက်တာနဲ့ အိမ်ကိုမနည်းပြန်ပြေးရတယ်၊ ကျွန်တော်စမ်းကြည့်ပြီးပြီ၊ တစ်ဇွန်းစားရုံနဲ့ ဝမ်းသွားတာ အူတောင်ပြုတ်မကျရုံတမယ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



မျိုးထူးထက်စကားကို ကိုဆန်းက ရှိုရှုမဲ့ စူမှတ်မှောင်ကြုတ်ပြီး
"ဟုတ်ရဲ့လား၊ မင်းကလဲ"
"ကျွန်တော် စမ်းပြီးပါပြီဆို ကိုယ့်ဆရာကလဲ"
ကိုဆန်းက မဲ့ပြုံးပြုံးပြီး
"ရပါတယ်ကွာ၊ ဘောင်းဘီသစ်ဖွင့်ပွဲပေါ့၊ တစ်ပွဲမှာလိုက်"
သူ့စကားကို ကျွန်တော်ကလဲ
"မလုပ်နဲ့နော်ကိုယ့်ဆရာ၊ ကိုယ်တွေအမျိုးက အပွင့်မျိုး"
ကိုဆန်း ကျွန်တော့်ကိုပြုံးကြည့်ပြီး
"မင်းကလဲ၊ တစ်ဖွန်းစားရုံနဲ့ အဲသည်လောက်ပွင့်နေရင် ဒီရပ်ကွက်ကလူတွေ သေကုန်ပြီပေါ့"
"မတူဘူးနော်၊ သူတို့ကခံနိုင်ရည်ရှိပြီးသား၊ ဆေးယဉ်နေပြီ"
"မှာသာမှာလိုက်စမ်းပါကွာ"
ဒီလိုနဲ့ပဲ အဲဒီ အမဲအူပြုတ်တစ်ပွဲ မှာလိုက်တယ်ဆိုပါတော့။ အမဲအူကို ဘယ်လိုအချဉ်မျိုးနဲ့ သုပ်ထားတယ်မသိဘူး ရပ်ထွက်က အင်မတန်ညှီတယ်။
ကျွန်တော်တို့က မျိုးထူးထက် စကားကိုယုံပြီး မစားရဲသေးဘူး။ ကိုဆန်းကသာ ဖတ်ခနဲဖွန်းယူပြီး
"Black' Black ဘောင်းဘီသစ်အမှတ်တရ"
ငွတ်ခနဲပြိုင်တူသောက်ချပြီး ကိုဆန်း တွန့်ခနဲဖြစ်ပြီး မျက်လုံးပြူးသွားတယ်။ ပြီးတော့ ဖန်ခွက်ကို ဂွပ်ခနဲစားပွဲပေါ်ဆောင့်ချပြီး "မဆိုးဘူးကွ"ဆိုပြီး ဝုစ်ခနဲ ဆိုင်ထဲကပြေးထွက်သွားတယ်။
ကျွန်တော်တို့ကလည်း သူဘာဖြစ်တယ်မသိဘူး။ နောက်မှ
"ဪ သူပိုးနေတဲ့ကောင်မလေး ဆိုင်ရှေ့ကဖြတ်သွားတာ မြင်လို့ ပြေးလိုက်သွားတာဖြစ်မယ်လေ"
ထင်ပြီး အရှိန်မပျက် ဆက်လက်လည်ပတ်နေတော့တယ်။





ဒီလိုနဲ့ ညနက်သည်အထိ ကိုဆန်း ပြန်မလာဘူး။ စိတ်ထဲမှာလဲ
"ဪ ကောင်မလေးနောက်ကိုလိုက်သွားတဲ့ ကိုဆန်းကြီး အလုပ်ဖြစ်လို့ပြန်မလာတော့တာနေမှာ"
လို့ပဲမှတ်ထားလိုက်တော့တယ်။ ဟုတ်တယ်လေ။ ဒါမျိုးက ဖြစ်နေကျဆိုတော့ သိပ်မဆန်းဘူး။ သူ့အလှည့်ကျရင် သူပေါ့၊ ကိုယ့်အလှည့်ကျ ကိုယ်ပေါ့။ သိပ်ထူးဆန်းလှတာမှမဟုတ်တာ။ ဒီလိုနဲ့ အချိန်ကပိုပြီးလင့်လာတယ်။ ဒါနဲ့ပဲ. .
"ကဲ ကိုဆန်းကတော့ ပြန်လာမယ်မထင်ဘူး၊ ရှင်းပြီးပြန်ရအောင်"
ပိုက်ဆံရှင်းပြီး ပြန်လိုက်ကြတယ်။

"ခွင်တည့်သွားလို့
ဘောင်းဘီမကောက်နိုင်တာလားမှ
မသိတာ၊ ကဲ
အိမ်အမြန်သွားကြည့်ရအောင်"

လကသာတာမှ ဝင်းနေတယ်။ မီးမပေးတဲ့ရပ်ကွက်မို့ လမင်းအလင်းရောင်ကိုပဲ အားကိုးပြီး လမ်းလျှောက်ရတာပေါ့။ ရွှံ့တွေ ဗွက်တွေ၊ ချိုင့်တွေ ကန်သင်းရိုးတွေ ပျော်ပျော်ပါးပါး ကျော်လွှားခဲ့ရတယ်။
အိမ်ရောက်ဖို့ လမ်းတစ်ဝက်လောက်အရောက်မှ မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် အံ့အားသင့်သွားတယ်။ လမ်းမှာကျနေတဲ့ ဘောင်းဘီအနက်တစ်ထည်။
"ဟာ"
ပထမတော့ မဟုတ်နိုင်ပါဘူးဆိုပြီး ကျော်သွားဖို့လုပ်သေး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ နောက်မှ မသင်္ကာတာနဲ့

"အဲဒါ ကိုဆန်းဘောင်းဘီမဟုတ်လား"

အားလုံးဇဝေဇဝါ။ မျိုးထူးထက်က

"အေး၊ တူတော့တူသလိုပဲ၊ ဒါပေမယ့် မဖြစ်နိုင်ဘူးထင်တယ်၊ ကိုဆန်းဘောင်းဘီဆို ကိုဆန်းက ဘောင်းဘီချွတ်ပြီး ဘာလို့ထားခဲ့မှာလဲ၊ အခုမှ သူ အသစ်ကြီးဝယ်လာတာ"

အားလုံးမသဲကွဲဘူး။ ဒါနဲ့ မသေချာတာနဲ့ပဲ

"မှန်း ဘောင်းဘီကောက်ကြည့်လိုက်မယ်"

ဆိုပြီးကောက်ကြည့်လိုက်တော့

ဟုတ်တယ်။ Black' Black ကိုဆန်းဘောင်းဘီ။

"ဟုတ်တယ်ကွ၊ ကိုဆန်းဘောင်းဘီပဲ၊ သူဘာလို့လမ်းမှာချွတ်ခဲ့တာလဲ"

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြတယ်။ နောက်မှ ပြုံးမိပြီး

"ခွင်တည့်သွားလို့ ဘောင်းဘီမကောက်နိုင်တာလားမှ မသိတာ၊ ကဲ အိမ်အမြန်သွားကြည့်ရအောင်"ဆိုပြီး ဘောင်းဘီကောက်ပြီးအမြန်ပြန်တော့

"ဟင်း ဘာကြီးလဲ"

"ဘာဖြစ်တာလဲ"

မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် အားလုံးခြေလှမ်းတန့်ပြီး ကြက်သေ သေကုန်တယ်။

ဟုတ်တယ်။ လရောင်ဝင်းဝင်းမှာ ပြောင်ပြောင်ဝင်းဝင်းကြီးနဲ့ အိမ်ရှေ့ရေတိုင်ကီမှာ ဖားပျံကပ်နေသလို ဆောင့်ကြောင့်ကြီးကပ်နေတဲ့ ကိုဆန်း။ သူ့ခမျာ ရေတိုင်ကီဘက်ခေါင်းဝှက်ပြီး မတ်တတ်တောင်မရပ်နိုင်ရှာဘူး။ သူ့အနောက်နားမှာလည်း ကလေးသုံးလေး





ယောက်က သူ့ကိုပစ်မှတ်ထားပြီး သားရေကွင်းနဲ့ အားရပါးရဆွဲနေတာ။

ကျွန်တော်တို့လည်း မျက်လုံးပြူးပြီး

"ကိုဆန်း ကိုဆန်း၊ ဘာဖြစ်တာလဲ"

ကျွန်တော်တို့အမေးကို ကိုဆန်းက ကတုန်ကယင်အသံနဲ့

"ဟိတ်ကောင်တွေ၊ အနားမလာနဲ့ အနားမလာနဲ့၊ အမဲအူသုပ်က တကယ်စွမ်းတာဗျ၊ တကယ်စွမ်းတာ၊ အားလားလား၊ အေပေးလေးတွေကလည်း သွားကြပါဟ၊ အား အားလားလား"

သူ့ခမျာ အမဲအူပြုတ်အစွမ်းပြပြီး အိမ်အရောက်တောင် ရောက်အောင်မပြေးနိုင်။ အိမ်ရှေ့ရေတိုင်ကီကိုတောင်ဖက်၊ ဆောင့်ကြောင့်နေရချိန်။ ရပ်ကွက်ကလေးများကလည်း ကျွန်တော်တို့ အိမ်သာတစ်ခြမ်းကာလိုက်လို့ လက်စွမ်းပြချင်စိတ် မျိုသိပ်နေရချိန်။ ခုမှ ကိုဆန်းက ပွင့်ပြီးတိုင်ကီများမှာ sexy post ဖားပျံကပ်ကပ်နေတာမြင်ပြီး ကလေးများလက်ကုန်ဖွင့်ဆွဲရတော့ စဉ်းစားသာကြည့်။

"ဟော့ကောင် ဒိုးကြီးနဲ့ဆော်ပါဟ"

"နှစ်ပင်ပူးနဲ့ဆွဲမယ်၊ ဟောဟိုမှာပြောင်ဝင်းနေတာ"

"အောင်း အား ဟဲ့ အေပေးလေးတွေ"

ကိုဆန်းခမျာ sexy post တမနဲ့ အော်ရုံပဲတတ်နိုင်တယ်။ ဒါကြောင့်ပြောတာ။ ကျွန်တော်တို့အမျိုးက sexy post ကိုတမင်လုပ်စရာ မလိုဘူး။ အမဲအူသုပ်တစ်ပွဲနဲ့လည်း sexy post က ဖြစ်တာပါပဲ။ ဝမ်းသွားတာများ ဝါရှာပါချောင်တယ်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ အသင်းတစ်ခုခု တည်ထောင်ရအောင်"

အလုပ်မရှိအလုပ်ရှာ ဒီအတိုင်းကို စကားထိုင်ပြောနေကြတာပါ။ အလုပ်ဆိုတာကလဲ (အဲဒီတုန်းက) ပန်းချီဒီဇိုင်းအလုပ်ရတာမို့ အလုပ်လဲလုပ်ရင်း စကားလဲပြောရင်းပေါ့။

"ဘာအသင်းထောင်မှာလဲ"

သန်းဇော်သစ်ကမေးတယ်။ ကိုဆန်းက ရေးလက်စ စုတ်တံကိုသုတ်ပြီး

"မကြာခင်မှာ နိုင်ငံကြီးက ဖွံ့ဖြိုးတိုးတက်တော့မယ်"

အားလုံးက သူ့စကားကို နားစွင့်နေမိတယ်။ အလုပ်လုပ်ရင်းပေါ့။





"အဲဒီလိုဖွံ့ဖြိုးတိုးတက်ရင် ဖွံ့ဖြိုးမှုနောက်က လူ့အန္တရာယ်ဆိုတာ ကပ်ပါလာမှာပဲ"

ဟုတ်သည်ရှိ မဟုတ်သည်ရှိ အလကားစကား ပိုက်ဆံမှမပေးရတာ။ ဒီအတိုင်းလျှောက်ပြောတာပေါ့။

"အဲဒီလို အန္တရာယ်တွေတိုးပွားလာရင် တို့ယောက်ျားလေးတွေက သိပ်ကိစ္စမရှိပေမယ့် နောင်လာမယ့် အနာဂတ်မိန်းကလေးတွေအတွက်တော့ စိတ်မအေးစရာပဲ"

ဩော် သူ့ခမျာ ဝါသနာအလျောက်ကို အနာဂတ်မိန်းကလေးများအတွက် မရှိသည့်ရင် လေးရသေး။

"အဲဒီတော့ ဘာလုပ်ချင်လဲ"

ကျွန်တော့်အမေး။ ကိုဆန်းက သူ့ရဲ့ရှိမဲ့စုမဲ့ မျက်လုံးကို ဝင့်ပြီး

"ဒီတော့ နောက်လာမယ့် မိန်းကလေးများစိတ်အေးရအောင် တို့တွေ အကျိုးရှိတဲ့ အသင်းတစ်သင်း ထူထောင်မှဖြစ်မယ်"

ချက်ဖောင်းစိတ်ဝင်စားသွားတယ်။ သူကလဲ လူသာ လက်တောက်လောက်၊ လက်တောက်လောက် လူလောက်ရှိချင်နေတာကိုး။ ဒါကြောင့်

"ဘာအသင်းထောင်မှာလဲ"

ကိုဆန်းက အားလုံးကို စေ့ကြည့်ပြီး

"အမျိုးသမီးစောင့်ကြည့်ရေးအသင်း"

"ဘာ"

သူ့စကားကြောင့် အားလုံးကြောင်ပြီးထအော်မိတယ်။ နောက်မှ သန်းဇော်သစ်က မရှင်းသလိုနဲ့ ခေါင်းကုတ်ပြီး

"ဘာအသင်း"

ကိုဆန်းက ရင်ကော့ပြီး

"အမျိုးသမီးစောင့်ကြည့်ရေးအသင်း"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးဇဝေဇဝါနဲ့ တစ်ယောက်ကိုတစ်ယောက်ကြည့်ကြတယ်။ ဒါကို ကျွန်တော်ကပဲ

"အမျိုးသမီးစောင့်ကြည့်ရေးအသင်း နေပါဦး၊ ဒီအသင်းက ဘာလုပ်မှာလဲ"

ကိုဆန်းကလဲ အ,ရန်ကောဟူသောအကြည့်နဲ့ ပြန်ကြည့်ပြီး

"အမျိုးသမီးတွေကို စောင့်ကြည့်မယ်လေ"

သန်းဇော်သစ်က ခေါင်းကုတ်ပြီး

"စောင့်ကြည့်ပြီးရင်"

ကိုဆန်းက ပုံရေးလက်စကို ရပ်ပြီး ကျွန်တော်တို့ဖက်လှည့်လာတယ်။

"စောင့်ကြည့်နေတော့ အန္တရာယ်ပြုမယ့်အကောင်တွေတ ဒီအမျိုးသမီးတွေကို ငါတို့စောင့်ကြည့်နေမှန်းသိရင် ရှိန်ပြီး ပြစ်မှုမကျူးလွန်ရဲဖူးပေါ့ ဟုတ်ဖူးလား"

သူ့စကားကို အားလုံးသဘောကျသွားတယ်။

"အေး ဆိုးတော့မဆိုးဘူး၊ နေပါဦး၊ ဒီအမျိုးသမီးစောင့်ကြည့်ရေးအသင်းမှာ ဘယ်သူဥက္ကဌလုပ်မှာလဲ"

သန်းဇော်သစ်အမေး။ ကိုဆန်းက ရင်ကော့ပြီး

"ဒီအကြံကို ငါအရင်ဆုံးရတာ ငါဥက္ကဌပေါ့ကွ၊ မင်းတို့ကလဲ"

အားလုံး နည်းနည်းတော့ တင်းသွားကြတယ်။ အဖွဲ့ကိုလဲ သူဖွဲ့၊ ဥက္ကဌလဲ သူပဲလုပ်ဆိုတော့ သိပ်မကြည်ကြဘူး။ ဟုတ်သည်ရှိ မရှိသည်ရှိ လူတိုင်းဥက္ကဌလုပ်ချင်ကြတာပဲ။

ဆောရီး အခုလူတွေပြောတာမဟုတ်ဘူးနော်။ ကျွန်တော်တို့ ဒီအကြံ စဉ်းစားတုန်းက အခုခေတ်စားနေတဲ့ အမျိုးသမီးရေးရာ မပေါ်သေးဘူး။

သူ့စကားကို ချက်ဖောင်းက





"အဲဒါဆိုလဲ အမျိုးသမီးစောင့်ကြည့်ရေးအသင်းထဲနဲ့တော့ မဖြစ်ဘူးလေ၊ အသင်းခွဲတွေလည်းရှိမှ အသင်းကြီးက ပိုခိုင်မှာပေါ့"

"ဒါဆိုရင်"

ကိုဆန်းအမေး။ ဒါကို ချက်ဖောင်းကလဲ ရင်ကော့ပြီး

"အမျိုးသမီးစောင့်ကြည့်ရေးအသင်းက အသင်းခွဲအနေနဲ့ ပိုခိုင်မာအောင် အမျိုးသမီးများ အပျိုအအို ခွဲခြားရေးကော်မတီဖွဲ့မယ်၊ အဲဒီအဖွဲ့မှာ ကျွန်တော်ဥက္ကဌ"

ကိုဆန်းမျက်နှာပျက်သွားတယ်။ ဟိုက ကော်မတီတစ်ခု အပိုင်ရပြီကိုး။ ဒါကို သန်းဇော်သစ်ကလဲ

"ဒါဆို ကျွန်တော်လဲကော်မတီဖွဲ့မယ်"

"ကိုယ့်လူတို့ရ
ကိုယ့်အသင်းကိုယ်ထောင်၊
ကိုယ့်ရာထူး ကိုယ်ယူမှတော့
ကိုယ်လည်းကိုယ့်ဟာသာကိုယ်
အသင်းထောင်ပြီး ဥက္ကဌလုပ်ရမှာပေါ့"

အားလုံးသူ့ကို ကြည့်ကြပြန်တယ်။ ကိုဆန်းက မျက်မှောင်ကြုတ်ပြီး

"မင်းက ဘာကော်မတီဖွဲ့မလို့လဲ"

သန်းဇော်သစ်လဲ ရင်ကော့ပြီး

"အမျိုးသမီးတွေကို ဒီအတိုင်းစောင့်ကြည့်ရင် သိပ်ပြီးလုံခြုံမှာမဟုတ်ဘူး၊ ဒါကြောင့် ကိုယ့်နိုင်ငံသားအမျိုးသမီးတွေ ပိုပြီးလုံခြုံစိတ်ချရအောင် အမျိုးသမီးများ လူတန်းစားမခွဲခြား ကိုယ်ဖိရင်ဖိ စောင့်ကြည့်ရေးကော်မတီဖွဲ့မယ်၊ အဲဒီမှာ ကျွန်တော်ဥက္ကဌ"

ကိုဆန်းပိုပြီးမျက်နှာပျက်သွားတယ်။ ဟိုကောင်တွေအသင်း



www.burmeseclassic.com

www.burmeseclassic.com



တွေက သူ့အသင်းထက် ပိုနိုပ်နေတာကိုး။ ဒါကြောင့် သူလဲ အံတင်းပြီး

"အေး မင်းတို့က အမျိုးသမီးအပျိုအအိုခွဲခြားရေးကော်မတီတို့ ကိုယ်ဖိရင်ဖိစောင့်ကြည့်ရေးကော်မတီဖြစ်ဖြစ်၊ ငါလဲကော်မတီ ထပ်ဖွဲ့ပြီး ဥက္ကဋ္ဌလုပ်မယ်"

"ဘာကော်မတီလဲ"

ကိုဆန်း အသက်ပြင်းပြင်းရှူပြီး

"အမျိုးသမီး ဆီးစပ်အနီးကပ်စောင့်ကြည့်ရေးကော်မတီ"

"တောက် အိုဂျီတောင် (သားဖွားဆရာဝန်)သူ့လောက်အခွင့်အရေး မကောင်းဘူးကွာ"

ချက်ဖောင်းက ကြိတ်မနိုင်ခဲမရထအော်တယ်။ ဟုတ်တယ်လေ။ သူ့ကော်မတီက ကိစ္စပြတ်နေပြီကို။ ဒီတော့ ဘာမှဝင်မပြောပဲ ငြိမ်နေတဲ့ ကျွန်တော့်ဖက်လှည့်ပြီး

"ကဲ မောင်ကြည်၊ မင်းရော အသင်းမှာ ဘာတာဝန်မှ မယူဘူးလား"

"တစ်ခုခုတော့ လုပ်ပါကွာ"

သူတို့အမေးကို ကျွန်တော်က သက်ပြင်းချပြီး

"ကိုယ့်လူတို့က ကိုယ့်အသင်းကိုယ်ထောင်၊ ကိုယ့်ရာထူးကိုယ်ယူမှတော့ ကိုယ်လည်းကိုယ့်ဖာသာကိုယ် အသင်းထောင်ပြီး ဥက္ကဋ္ဌလုပ်ရမှာပေါ့"

ကျွန်တော့်စကားကို ချက်ဖောင်းက

"အမျိုးသမီးနဲ့ပတ်သက်ပြီး ကိစ္စကတုံးနေပြီဟာကို ကိုယ့်လူက ဘာအသင်းထောင်ဦးမှာလဲ"

ကျွန်တော် သူတို့ကို ပြုံးပြီး

"ကမ္ဘာမှာတော့ ကမ္ဘာပေါ်မှာ ဆောင်းဦးပေါက်ရာသီဆို





ဘမ္ဘာကဝါသနာပါသူများ စုပြီး ပြိုင်ပွဲကို လုပ်ပေးကြတာပဲ"

"ဘာအသင်းလဲ"

သန်းဇော်သစ်မေးတယ်။ ကျွန်တော်က

"ငှက်ကြည့်အသင်း"

ကျွန်တော့်စကားကို အားလုံးပြုံးသွားတယ်။ ပြီးမှ ကိုဆန်းက

"ဘာလဲ မင်းက အဲဒီအသင်း ထောင်မလို့လား"

"မဟုတ်ဘူး"

"ဒါဆို"

"ကြက်ကြည့်အသင်း"

"ဟမ်"

ကျွန်တော့်စကားကြောင့် အားလုံးကြောင်သွားတယ်။ ကျွန်တော်က လေးလေးနက်နက် သန္နိဋ္ဌာန်ချပြီး

"ဟုတ်တယ်၊ ကိုယ့်လူတို့ အမျိုးသမီးတွေစောင့်ရှောက်၊ ကိုယ်တို့ ကြက်ကြည့်အသင်းကတော့ ဟင်းဟင်း"

ချက်ဖောင်းမျက်မှောင်ကြုတ်သွားတယ်။

"နေပါဦး၊ ကိုယ့်လူက ကြက်ကြည့်အသင်းဆိုတော့ ဘယ်လိုရှာကြည့်မှာလဲ"

ကျွန်တော်ပြုံးမိသွားတယ်။

"ပန်းဆိုးတန်း ခုံကျော်တံတားတစ်ဝိုက်နဲ့ လှည်းတန်းမီးပွိုင့်နားမှာ အများကြီး"

အားလုံးသက်ပြင်းချတယ်။ ပြီးမှ ကိုဆန်းက

"အေးလေ ဒါမျိုးကတော့ မင်းလိုကြက်မျက်သင့်နေတဲ့ လူမှလုပ်လို့ရမှာ၊ ကြက်မျက်သင့်နေမှ ကြက်ကိုမြင်မှာပေါ့"

ဘာရယ်မဟုတ်ပါဘူး။ ဟာသဘယ်လိုရေးရလဲဆိုလို့ ရေးပြ



www.burmeseclassic.com

www.burmeseclassic.com



တာပါ။

ဒီကမှ ကျွန်တော်ပြောချင်တဲ့ sexy post ကို ဆက်ရေးပြမှာပါ။

ဒီလိုပါ။ ခုနက ဇာတ်လမ်းပြန်ဆက်စို့ရဲ့။

အဲဒီလိုမိန်းကလေးတွေချည်း သီးသန့်စိတ်ဝင်စားတာဆိုတော့ ကိုယ့်ဖာသာကိုယ်လဲ မိန်းကလေးများစိတ်ဝင်စားအောင် နေချင်လာတယ်။

ကျွန်တော့်ရုပ်ကလဲသိတဲ့အတိုင်း၊ လူတကာမြင်လေတိုင်း မျက်ခွက်ကို စေ့စေ့ကြည့်ပြီး

"ဒီမျက်လုံး၊ ဒီနှာခေါင်းဟာ တစ်ဖအေထဲက မွေးတာ ဟုတ်ရဲ့လား"

ဩော် မျက်ခွက်မှာ အတူကပ်ပါနေတဲ့ဟာကို တစ်ဖအေထဲက မွေးတာဟုတ်ရဲ့လား လာမေးနေတော့ ဘယ်လိုပြောရမလဲ။ မျက်လုံးနဲ့ခေါင်းများ အဖေတူမအေကွဲရှိလို့ကာ။

ထားပါ။

အဲဒီလို ဥပဓိက မစွမ်းတော့ အဝတ်အစားနဲ့ ဖမ်းစားဖို့ ကြံစည်ရတော့တယ်။

အားလုံးလဲသိတော်မူတဲ့အတိုင်း ကျွန်တော်တို့ညီအစ်ကိုများဟာ အဖေရဲ့တိကျမှုကြောင့် အဝတ်ဆိုလဲ အသစ်မဝတ်ဖူးဘူး။ အကျအကျတွေချည်းပဲ ဝတ်ရတော့ ဘယ်အဝတ်ကကောင်းမှန်းလဲ မသိရဘူး။ ပြောရမယ်ဆို ကျွန်တော်ကိုယ်တိုင် အသက်(၂၄)နှစ်ကျော်မှ ကိုယ့်အဝတ်ကိုကိုယ်ဝတ်ဖူးတာခင်ဗျ။

ဝယ်ဝတ်ရခြင်းအကြောင်းအရင်းက အထက်မှာတင်ပြတဲ့အတိုင်း ကြက်ကြည့်အသင်းမှာ ဥက္ကဋ္ဌ ကိုယ့်ဖာသာကိုယ်ခန့်အပ်ထားခြင်းခံထားရလေတော့၊ ဥက္ကဋ္ဌရာထူးနဲ့ကိုက်ညီအောင် ကျော့





မော့စွာဝတ်ဆင်ဖို့လိုတာပေ့ါ။ ဒါမှ ယုံကြည်ပြီး အလုပ်ဖြစ်မှာလေ၊ ဟုတ်ဖူးလား။

ဒါကြောင့် ရှိစုမဲ့စုငွေခြစ်ချုပ်ပြီး မစားနိုင်မသောက်နိုင်စုပြီးတော့ ခန္ဓာကိုယ်ပေါ်တင်လိုက်ရင် ဖအေတူမအေကွဲများ စုစည်းထားသော မျက်နှာမဟုတ်ဘူး။ မျက်နှာကြီး ဝင်းဝင်းကတောင် ကူညီပေးနိုင်မယ့် ဘောင်းဘီလက်ရှည်တစ်ထည်ဝတ်ဖို့ ရဲရဲတင်းတင်း ဆုံးဖြတ်လိုက်တယ်။

အားလုံးသိတော်မူကြတဲ့အတိုင်း (လာပြန်ပြီ ဒီစကား) ကျွန်တော်ကိုယ်တိုင်လဲ အဝတ်အစားကို တစ်ခါမှ ဝယ်မဝတ်ဖူးလေတော့ ဘယ်လိုသွားဝယ်ရမှန်းမသိဘူး။ အဝတ်အစားတွေရောင်းတဲ့ ဆိုင်တွေတော့ တွေ့နေတာပေ့ါ။ ဒါပေမယ့် ကြည့်ရုံကြည့်ဖူးတာ၊ ကိုယ်တိုင်မဝယ်ဘူးလေတော့ မဝယ်တတ်ဘူး။ ဘယ်လိုမှလဲ မဝယ်ရဲဘူး။ ကိုယ့်ကိုကိုယ်ရှက်သလိုခံစားရတယ်။

ဒါပေမယ့်လဲ လှချင်ပချင်စိတ်ကို ဘယ်လိုမှ မြိုသိပ်မရတာနဲ့ပဲ ဆိုင်ကိုသွားပြီး ဘောင်းဘီတစ်ထည်ကို အရဲစွန့်ဝယ်ဖို့ ဆုံးဖြတ်လိုက်တယ်။

ဒါကြောင့် အသက်ကိုခပ်ပြင်းပြင်းရှူ၊ လူလစ်လောက်တဲ့အချိန်မှာ စတိုးဆိုင်ထဲပြေးဝင်ပြီး ဘောင်းဘီတွေကို ကမန်းကတမ်း လှမ်းရှိုးလိုက်တယ်။

"တွေ့ပြီ"

ဘောင်းဘီက ရေညှိရောင်လေး။ ကိုယ့်အသားနဲ့ဆိုဝင်းနေမှာ။ ပီတိဖြစ်ပြီး

"အဲဒီဘောင်းဘီပြပေးပါ"

ဈေးရောင်းတဲ့ကောင်လေးက တအံ့တသြကြည့်တယ်။ ကျွန်တော်ကသာ ရှက်ရှက်နဲ့ ခေါင်းငုံ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ရေညှိရောင်လေး၊ အဲဒါကိုပြောတာ"

ဈေးရောင်းတဲ့ကောင်လေးက ဘောင်းဘီကိုဖြုတ်ပေးတယ်။

"ဒါ ဈေးနှုန်းဘယ်လောက်လဲ"

"ခြောက်ထောင်ပါ၊ ဒါပေမယ့်"

ဈေးကလည်းသင့်နေတော့ လည်ပင်းမှာ ဘောင်းဘီခါးကို တိုင်းကြည့်တယ်။ ထူးထူးခြားခြားကို ကွက်တိပါပဲ။ ဒါကြောင့် ကမန်းကတမ်းပဲ

"အိုကေ၊ ဒါပဲယူလိုက်မယ်"

ကောင်လေးက ကျွန်တော့်ကို ကြောင်တောင်တောင် ကြည့်ပြီး

ဘောင်းဘီငုံ့ကြည့်တော့လဲ
ခါးအရှေ့ဘက်မှာ အတွန့်အတက်တွေနဲ့
မြင်ဖူးသလိုလို။
ဒီလိုနဲ့ထိုင်မရထမရကွတတနဲ့ ဘယ်လို
လုပ်ရမှန်းမသိဖြစ်နေတယ်။

"ဟုတ်ကဲ့ပါ၊ ဒါပေမယ့်"

"ရော့ရော့ ဒီမှာခြောက်ထောင်၊ အစုတ်မဟုတ်ဘူး မဟုတ်လား၊ မဟုတ်ရင်ရပြီ"

ဆိုပြီး ပါလာတဲ့ပိုက်ဆံတွေ ထုတ်ပေးပြီး ဘောင်းဘီကို စွန်တောင်ဆွဲ လှစ်ခနဲ ပြန်ပြေးထွက်လာခဲ့တယ်။ ဟုတ်တယ်လေ။ ဈေးကဝယ်ဖူးတာမဟုတ်တော့ ကိုယ်ဈေးဝယ်နေတုန်း သူများမြင်ရင်ရှက်လို့။

ဒီလိုနဲ့ပီတိဖြာရင်း ဘောင်းဘီရေညှိရောင်ကြီးပါလာတာပေါ့။ အိမ်ရောက်တာနဲ့ ဘယ်လိုမှစိတ်မထိန်းနိုင်ပဲ ဘောင်းဘီကို





ထုတ်ဝတ်လိုက်တယ်။

"ဟာ"

ထူးထူးခြားခြား ဘောင်းဘီက ကိုယ့်ခါးနဲ့ ကွက်တိပါပဲ။ အစုတ်အပြဲလဲမပါတဲ့ တကယ့်အကောင်းပါ။ ဒါပေမယ့် ခက်တာက ဘောင်းဘီတို့ရဲ့ ထုံးစံအတိုင်း အရှေ့ဘက်ခြမ်းက ကျပ်ပြီး အနောက်ဘက်က ချောင်နေရမယ့်အစား ဝယ်လာတဲ့ဘောင်းဘီက ထူးခြားစွာ အရှေ့ဘက်ခြမ်းက ချောင်ကလောင်နေပြီး အနောက်ဘက်ခြမ်းက ကျပ်ထုတ်နေတော့တာ။

"ဘယ်လိုဖြစ်တာလဲ"

ဘောင်းဘီကျယ်သီးတပ်၊ ဇစ်ဆွဲကြည့်တယ်။ ဒီအတိုင်းပဲ။

မသင်္ကာလို့ ဆောင့်ကြောင့်ထိုင်ကြည့်တယ်။

"အဲ"

ဘယ်လိုမှ ထိုင်လို့မရဘူး။ ဘောင်းဘီက အနောက်ဖက်က ကျပ်နေတော့ ထိုင်လို့က အဆင်မပြေဘူး။ အနောက်က ကျပ်ပြီး ကျွတ်ကျမလိုဖြစ်နေတယ်။ ခြေထောက်မြှောက်ကြည့်တယ်။ အရှေ့က ချောင်ပြီး အနောက်က စိတ်သွားတိုင်း ကိုယ်မပါဘူး။

"ဘယ်လိုဖြစ်တာပါလိမ့်"

ဘောင်းဘီငုံ့ကြည့်တော့လဲ ခါးအရှေ့ဘက်မှာ အတွန့်အတက်တွေနဲ့ မြင်ဖူးသလိုလို။ ဒီလိုနဲ့ထိုင်မရထမရကွတတနဲ့ ဘယ်လိုလုပ်ရမှန်းမသိဖြစ်နေတယ်။ ဘောင်းဘီက ဘယ်လိုမှအဆင်မပြေဘူး။

ဒါနဲ့ပဲ ဒီအတိုင်း အတွေ့အကြုံရှိတဲ့ ကိုဆန်းတို့ကို စောင့်လိုက်တယ်။ သူတို့ရောက်လာတာနဲ့ ဟန်တောင်မဆောင်နိုင်ဘဲ

"ကိုဆန်း ဒီမှာကြည့်စမ်းပါဦး၊ ဝယ်လာတဲ့ဘောင်းဘီကြည့်ပါဦး ဘာဖြစ်တယ်မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုဆန်းက မျက်မှောင်ကြုတ်ကြည့်တယ်။ ပြီးတော့ အသေအချာကြည့်ပြီး

"အေး၊ တစ်မျိုးတော့တစ်မျိုးပဲကွ၊ မှန်း အနောက်လှည့်ကြည့်စမ်း"

"ဟင် အနောက်က ဘာလို့ ဒီအကြောင်းကြီးရှိနေတာလဲ၊ မှန်း အရှေ့ပြန်ကြည့်စမ်း"

"ဟား အရှေ့မှာက အတွန့်နဲ့ဗျ"

ကိုဆန်းတောင် တွေသွားတယ်။ ဘောင်းဘီနှစ်ထည်တိတိ ကိုယ်တိုင်ကိုယ်ကျဝတ်ဖူးသူတောင် ကြောင်သွားတယ်ဆိုတော့ စဉ်းစားသာကြည့်။

နောက်မှ ကိုဆန်းမျက်နှာဝင်းလက်သွားပြီး

"ငါသဘောပေါက်ပြီ"

"ဘယ်လိုလဲ"

ကျွန်တော်က ကမန်းကတမ်းအမေး၊ ကိုဆန်းကပြုံးပြီး

"မင်းဘောင်းဘီပြန်ချွတ်လိုက်"

"ဘာ"

"ချွတ်မယ့်သာချွတ်လိုက်စမ်းပါ"

ကျွန်တော်လဲ သူပြောတဲ့အတိုင်း ချွတ်လိုက်တယ်။ ဒါကို ကိုဆန်းက

"အဲဒါကို ပြောင်းပြန် ပြန်ဝတ်လိုက်"

"ဘယ်လို"

ကျွန်တော်အံ့အားတကြီးအမေး။ ကိုဆန်းက

"ဒီလိုကွာ၊ ဘောင်းဘီဇစ်ကို အနောက်ဘက်လှည့်ဝတ်လိုက်"

"ဟာ ၊ ဘယ်လိုလဲ၊ ဘာလို့လဲ"

ကျွန်တော့အမေး။





ကိုဆန်းက ပြုံးပြီး

"ငါပြောသလိုသာဝတ်ကြည့်ပါ"

ကျွန်တော်လည်း မယုံမရဲနဲ့ သူပြောတဲ့အတိုင်း ဘောင်းဘီကို ဝတ်လိုက်တယ်။

"ဟာ"

ဘောင်းဘီက မယုံနိုင်လောက်အောင် ကွက်တိပဲ။

"ထိုင်ကြည့်ထိုင်ကြည့်"

သူပြောတဲ့အတိုင်းလုပ်ကြည့်တယ်။ ကွက်တိ ချောင်နေတာ ကြပ်နေတာ ဘာမှမဖြစ်ဘူး။ ခက်တာတစ်ခုပဲရှိတယ်။ ဘောင်းဘီကြယ်သီးနဲ့ဇစ်က အနောက်ရောက်နေတာတစ်ခုပဲရှိတယ်။

ကိုယ့်ပိုက်ဆံလေးနဲ့ကိုယ်ဝယ်
လာတယ်။ ဒါကြီးက
မိန်းမဘောင်းဘီကြီးဖြစ်နေတယ်။
ပစ်ကလဲ မပစ်ရက်။
ရပ်ကြည့်တော့လည်း မှတ်ဆိတ်နဲ့။

"ဘာ၊ ဘာဖြစ်တာလဲဟင်"

ကျွန်တော့်အမေးကို ကိုဆန်းက ပြုံးပြီး

"အေး မင်းဝယ်လာတာ မိန်းကလေးဘောင်းဘီ"

"ဘယ်လို"

ခေါင်းတွေပါထောင်သွားတယ်။ ကိုဆန်းက ကျွန်တော့်ကို ကြည့်ပြီး

"စဉ်းစားကြည့်လေ၊ ဘောင်းဘီကြယ်သီးနဲ့ဇစ်က အနောက်မှာဆိုတော့ ဘောင်းဘီကို ကြယ်သီးဖြုတ် ဇစ်ဖြုတ်၊ အိမ်သာတက်ရင်ကွက်တိ"



www.burmeseclassic.com

www.burmeseclassic.com



သူပြောတဲ့အတိုင်း အနောက်က ကြယ်သီးဖြုတ် ဇစ်ဖြုတ် ဆောင့်ကြောင့် ထိုင်ကြည့်တယ်။

“ကွက်တိ”

ကြည့်တောင်ကြည့်နှူးမိသေး။

ဟုတ်တယ်။ မိန်းကလေးဘောင်းဘီကြီး။

ဒါကြောင့် ကျွန်တော်ဘောင်းဘီဝယ်တုန်းက ရောင်းတဲ့ ကောင်လေးက တားဖို့ကြိုးစားသေးတာ။ ဒါကို ကျွန်တော်က လူမြင် မှာကိုရှက်ပြီး ကမန်းကတမ်း ငွေချေယူခဲ့မိတာကိုး။

အခုတော့ စဝယ်ကတည်းက မိန်းမဘောင်းဘီကြီးဝယ်ခဲ့မိ တာဆိုတော့ စဉ်းစားသာကြည့်။

ကပ္ပိယကြီးဇာဘော်လီကောက်ရတဲ့ ပုံပြင်တောင် သတိရ သေး။

အဲဒီပုံပြင်သိလား။ မသိရင်ပြောပြမယ်။

တစ်နေ့မှာ ကပ္ပိယကြီးက ဆွမ်းခံကြွရင်း လမ်းမှာ ဇာ ဘော်လီတစ်ထည်ကောက်ရတယ်။ သူကလည်း ငယ်စဉ်ကတည်းက ဘုန်းကြီးကျောင်းနေသူဆိုတော့ ဒါကြီး ဘာကြီးမှန်းမသိဘူး။ ဒါပေ မယ့် တစ်ခုခုအသုံးဝင်မယ်မှတ်ပြီး အဲဒါကြီးယူလာတယ်။

ဒါနဲ့ကျောင်းကိုရောက်တော့ ဒါကြီးက ခွက်ပါတယ်ဆိုတော့ ရေစစ်မှတ်ပြီး ရေအိုးစွပ်ကြည့်တော့ ရေစစ်က တစ်ခုပိုနေတယ်။

ခန္ဓာကိုယ်ကိုတိုင်းကြည့်တော့ သူနဲ့ကလဲအတော်။ နောက်မှ မိန်းမဇာဘော်လီမှန်းသိပြီး ကပ္ပိယမှာဇာဘော်လီကြီးရှိနေတယ် လူသိ မှာစိုးလို့ ဖွက်ရတာလဲအမော။

ကျွန်တော်လဲ ဒီအတိုင်းပါပဲ။ ကိုယ့်ပိုက်ဆံလေးနဲ့ကိုယ်ဝယ် လာတယ်။ ဒါကြီးက မိန်းမဘောင်းဘီကြီးဖြစ်နေတယ်။ ပစ်ကလဲ မပစ်ရက်။ ရုပ်ကြည့်တော့လည်း မှတ်ဆိတ်နဲ့၊ ရှိနေတာက မိန်းမ





ဘောင်းဘီ။

ဒါကြောင့် ကပ္ပိယကြီး ဇာဘော်လီလိုပဲ ဘယ်မှာမှလဲ အသုံး မဝင်။ ပစ်ရမှာလဲနှမြော လူမြင်ရင်လဲ ကဲ့ရဲ့မှာစိုးလို့ ဖွက်တာအမော။

ပြောသား ကျုပ်တို့က sexy post က လုပ်ယူစရာမလိုပါဘူး ဆို။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ လူပျိုကြီးများ မိန်းကလေးများကို ချစ်ခင်စိတ်နဲ့လိုက်ပြီဆိုသိပ်ရိုးရှင်းတာ။ ခံယူချက်ကောင်းတော့ ခံစားချက်သက်သာတာပေါ့ဗျာ။ နေဦး။

တခြားသောလူငယ်ကလေးများလို၊ ရှူးရှူးမူးမူးမရရင်သေတော့မယ်။ သူလေးကိုမှမရရင် ဘဝပျက်ပါပြီဆိုတဲ့စိတ်နဲ့ ဘယ်တော့မှမလုပ်ဘူး။ မလိုက်ဘူးရယ်။

ဒါကတဏှာရာဂစိတ်ပြင်းပြတဲ့ လူငယ်လေးတွေအလုပ်။

ကျွန်တော်တို့ အဲသည်လိုဘယ်တော့မှမလုပ်ဘူး။

နမူနာယူရအောင်ပြောပြမယ်။ နောင်လာနောက်သားတွေလိုက်မှတ်။





ကျွန်တော်တို့က ကောင်မလေးတစ်ယောက်ကိုကြိုက်ပြီးလိုက်မယ်ဆို ကိုယ့်ကိုကိုယ် ကြက်ဖလိုပဲသဘောထားလိုက်တယ်။ ဒီတော့ ခံယူချက်က ရိုးရှင်းသွားတယ်။

“ရရင်လဲရပေါ့၊ မရရင်လဲသွေးပူပဲ”

ကြက်ဖက ကြက်မကိုလိုက်ရင်ထားတဲ့ စိတ်ထားပေါ့ဗျာ။ နေရာလဲမရွေးဘူး။ လူလဲမရွေးဘူး။ ကိုယ်ကစိတ်ထားကောင်းတော့ဘယ်သူမဆို လိုက်လို့ရတယ်။

“ရရင်လဲရပေါ့၊ မရလဲ သွေးပူလေ့ကျင့်တဲ့သဘော”

တကယ်တိုက်ပွဲဝင်ရတဲ့အခါ ချွေးထွက်များမှ သွေးထွက်နည်းမှာလေ။

လူတန်းစားမခွဲခြားဘူး။ ပိျူတယ်အိုတယ်လဲသဘောမထားဘူး။ အသက်တော့ပိုင်းခြားထားသပေါ့။ သူလဲပြေးနိုင်တဲ့အရွယ်ကိုယ်လဲလိုက်နိုင်တဲ့ အရွယ်တော့ ဖြစ်ရမှာပေါ့။ ဒါမှဘက်ညီမှာလေ။ ဆင်းရဲချမ်းသာမရွေးဘူး။ သူလုပ်ကျွေးနိုင်ရင်လုပ်ကျွေး၊ မလုပ်ကျွေးနိုင်လဲ ကိုယ်ကနောက်တစ်ယောက်နောက်ပြန်လိုက်ရမှာ။

သဘောထားရှင်းတယ်။ ဆင်းရဲချမ်းသာမရွေးဘူး။

သူဆင်းရဲလဲ ကျွန်တော့်ကိုလုပ်ကျွေးရမှာ။ သူချမ်းသာလဲကျွန်တော့်ကိုလုပ်ကျွေးရမှာ။

ဒါကြောင့်ကို ဆင်းရဲချမ်းသာမရွေးတာ။ အမှန်တော့စိတ်ထားရှင်းဖို့ပဲလိုတယ်။

လုပ်ကျွေးနိုင်ရင်ကိုရပြီ၊ ကိုယ့်ဖက်က သားမှတ်မှတ်မယားမှတ်မှတ်ပေါင်းဖို့ တာဝန်ယူပါတယ်။ အဲ ဒါပေမယ့် အခြားအမျိုးသမီးများ ကျွန်တော့်ကိုဝင်ပစ်မှားရင်တော့လဲ မတတ်နိုင်ဘူးပေါ့လေး။ ကိုယ်ကလဲအနုပညာသမား စိတ်ထားနုတယ်။ သူ့ဖာသာ သူခြင်ထောင်ထဲဝင်လာရင်တော့ မတတ်နိုင်ဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ယခင်ကတော့ ဒီလိုဘယ်ဟုတ်ပါ့မလဲ။

လူကလဲပေတီပေစုတ်။ နေရတာကလဲ တောင်ဒဂုံမြို့စွန်။ ကားလိုင်းကိုက တစ်လိုင်းပဲရှိတယ်။ အဲဒီလိုင်းကလဲ ဆယ်စီးထက်မပို ပါဘူး။

စီးရတဲ့ကားက ဒိုင်နာတွေ။

မြို့ကလဲ လတ်လတ်ဆတ်ဆတ်ကြီး အကွက်ချလိုက်တဲ့မြို့ သစ်ဆိုတော့ လူမရှိတဲ့ လယ်ကွင်းကြီးကိုဖြတ်ပြီးမှ လူနေထူထပ်တဲ့ အဲဒီမြို့သစ်ကိုရောက်တာ။

မြို့သစ်ကလဲလူနေထူထပ်ပြီး ကားလိုင်းကနည်းတော့ရ လာတဲ့ကားကိုပဲ မနည်းတိုးဝှေ့စီးရတာ။

အဲဒီမှာမှ စုပေါင်းညီညာအောင်ကြောင်းဖြာကားစီးနည်းကို စီးဖူးတာပါ။ စုပေါင်းညီညာအောင်ကြောင်းဖြာဆိုတာ ကားစီးတဲ့ သူတွေအားလုံးစုပေါင်းညီညာမှ တကယ်အောင်ကြောင်းဖြာကြမှာပါ။ ဆိုပါစို့။ ဒိုင်နာကားခေါင်းမိုးပေါ် လူအများကြီးတက်စီးရတယ်ဆိုပါစို့။ ခေါင်းမိုးပေါ်ကကိုင်စရာနေရာမပါပါဘူး။ ဒါကြောင့် ခေါင်မိုးပေါ်က အချိန်မရွေးလွင့်ကျသွားနိုင်ပါတယ်။ ဒါကြောင့် ခေါင်မိုးပေါ်စီးသူ အားလုံးဟာ ခေါင်မိုးထိပ်ကကားနံပါတ်ပြားကို ကိုင်ထားရသူကို အားပြုရပါတယ်။

လူတစ်ယောက်ကပဲကားခေါင်မိုးမှာရှိတဲ့ကားရဲ့ ဆိုင်းဘုတ် ပြားကို ကိုင်ထားနိုင်ပါတယ်။ ကျန်တဲ့သူတွေက နံပါတ်ပြားကိုကိုင် ထားသူရဲ့လက်ကို အဆင့်ဆင့်ဆွဲကိုင်ထားရပါတယ်။ ကားခေါင်မိုး ပေါ်ပါလာသူအားလုံးဟာ အဲဒီဆိုင်းဘုတ်ပြားကိုင်သူကို အားပြုလို့ အဆင့်ဆင့်လက်ကိုတွဲထားကြရပါတယ်။ ဒါမှအားလုံးဟာကားခေါင် မိုးပေါ်ကလွင့်မကျမှာပါ။

ဆိုပါတော့။ ကားနောက်မှာ တွယ်စီးလိုက်ပါရင်လဲဒီအတိုင်း





ပါပဲ။ လူကကားခြေနင်းကိုနင်းခွင့်မရတဲ့အခါမျိုးတွေ ရှိပါတယ်။ အဲဒီအခါမှာ ကားစီးသူအားလုံးဟာ ဆင်းရဲချမ်းသာမရွေးပဲ တစ် ယောက်ခြေထောက်ပေါ်တစ်ယောက်နင်း တစ်ယောက်လက်တစ်ယောက် မြဲမြဲဆုပ်ပြီး ကားစီးတယ်သာပြောတာပါ။ ဒါပေမယ့် လူကကားပေါ် ခြေတစ်ချက်မှမချရပဲပါသွားရတဲ့ကာလလဲ ရှိပါတယ်။

ခြေနင်းနင်းရတဲ့ သူရဲ့ခြေထောက်ကို ထပ်နင်း။ အဲဒီ ခြေ ထောက်ပေါ် နောက်ခြေထောက်တွေနင်းရင်း လူက ကားနဲ့ လုံးဝမထိ ဘဲ စူပါမင်းလိုလေထဲပါသွားရတာလဲ အကြိမ်ကြိမ်ပါပဲ။

ကဲ ဒီလောက်တောင်လူစီးများတဲ့ ကားအတွင်းထဲမှာရော ဘယ်လိုဖြစ်နေမလဲ။ ဒီအတိုင်းပါပဲ။ လူတွေကတစ်ယောက်ကို ကျပ်ညပ်

အဲဒီတုန်းက လူစုံလို့
ဂိုက်ဆောင်ထောင်ထားသေးတယ်။
ဂိုက်ဆောင်တယ်ဆိုတာ
သူများလို နီးဆိုး တိုက်ခိုက်။
အနိုင်ကျင့်ဖို့ မဟုတ်ဘူး။

ပြီး ရသလိုစီးရပါတယ်။ ယောကျ်ားမိန်းမလဲ မခွဲနိုင်ပါဘူး။ တစ်ယောက် ကိုတစ်ယောက် မတရားပူးကပ်ပြီးလိုက်ရတာမျိုးပါ။ အဲဒီလောက်ကြီး ပူးကပ်ကြပ်ညှပ်နေတော့ ပြဿနာလဲ ခဏခဏကြုံရပါတယ်။ တစ်ခါက ညနေကိုမှတ်မိပါတယ်။

ကြပ်ပိတ်သိပ်နေတဲ့ကားပေါ်က မှတ်တိုင်ဂိတ်ဆုံးရပ်လိုက် တဲ့အချိန်မှာ မိန်းမတစ်ယောက်ရဲ့ အသံကျယ်ကျယ် ကြားရပါတယ်။

"ဒီဘာလုပ်တာလဲ၊ အဲဒါဘာလုပ်တာလဲ"

အဲဒီအသံနောက်ကမှ တုန်တုန်ရီရီ အသံက

"ကျွန်တော်ဘာလုပ်၊ ဘာလုပ်လို့လဲ"

www.burmeseclassic.com



"ဘာမှမလုပ်ရင် ဒါကြီးက ဘာကြီးလဲ"

ကြည့်လိုက်တော့ မိန်းမလက်ထဲမှာ လက်ပူးလက်ကြပ်ကြီး ညှပ်ပြီးကို အမိအရဖမ်းထားတာ။ ဘယ်လိုမှငြင်းလို့မရတော့ဘူး။

"မိစမ်းစိတ်ကောင်းတယ်နော်၊ ဟိုကားစထွက်ကတည်းက နှစ်မှတ်တိုင်လောက် အပျင်းပြေထောက်ချင်ထောက်ပါစေဆိုပြီး မိန်းခံလာတာ၊ နှစ်မှတ်တိုင်လဲမလွှတ်၊ သုံးမှတ်တိုင်လဲမလွှတ်၊ ကားဂိတ်ဆုံးထိ မလွှတ်၊ ဟင်း နင်အခုဘာငြင်းချင်လဲ လာဒီကိစ္စ ရပ်ကွက်ရုံးသွားရှင်းမယ်"

ဆိုပြီးဒရွတ်ဆွဲသွားတော့ အထောက်တော်ခမျာ

"မဟုတ် မဟုတ် မလုပ် မလုပ်နဲ့လေ"

ငြင်းဆိုရင်း အတောင့်လိုက်ကြီး ပါသွားရရှာတယ်။ sexy post ကြီးနဲ့ပေ့ါဗျာ။

ဒီလိုဥပမာတွေရှိတော့ ကျွန်တော်တို့မှာ ကားကိုအတွင်းထဲ ကဝင်စီးရင် အင်မတန်မှကိုဂရုစိုက်ရပါတယ်။

ဒိုင်နာကားဆိုတာကလဲ သိတော်မူတဲ့အတိုင်း မတ်တပ်ရပ်စီးရတော့ ကျွန်တော်တို့လိုအရပ်မျိုးနဲ့ဆို ခေါင်းကမလွတ်ဘူးခင်ဗျ။ ဒါကြောင့် ခေါင်မိုးနဲ့ ခေါင်းလွတ်အောင် ခေါင်းကိုငုံ့စောင်းထားရတယ်။

ဒါ့အပြင် လူကကြပ်လွန်းတော့ အနောက်ကတိုးတဲ့သူကို ကြိတ်ခံနိုင်အောင်လဲရင်ကိုကော့ထားရပါတယ်။

ဒီကြားထဲကိုယ့်ရဲ့ အရှေ့တည့်တည့် ချက်ကောင်းနေရာလောက်မှာထိုင်နေတဲ့လူ့ရဲ့မျက်နှာက ရှိနေလေပြန်တော့ ပြဿနာမတက်အောင် ခါးကိုနောက်ပစ် တင်ကိုကောက်ထားရပြန်တယ်။ ဒါကြောင့် ဒဂုံကား နှစ်ရှည်လများစီးလိုက်ရတဲ့အခါ sexy postက တမင်လုပ်စရာမလိုတော့ဘူးခင်ဗျ။ ခေါင်းကလေးစောင်း ရင်လေး





တမောက်မောက်၊ တင်ကောက်ကောက်နဲ့ sexy post ကိုဖြစ်သွားတော့တာ။

ဒါကြောင့် အခုခေတ်မော်ဒယ်ဖြစ်ချင်လို့မော်ဒယ်သင်တန်းတက်နေသူတွေတွေ့ရင် ကျွန်တော်ဖြင့်ရယ်တောင်ရယ်ချင်သေး။ အမှန်တော့ ဘာသင်တန်းမှ တက်နေစရာမလိုဘူး။ တောင်ဒဂုံလိုင်းကား သုံးလလောက်စီးလိုက်ရင် သူ့အလိုလို အဲလိုအချိုးကျသွားတော့တာ။

ထားပါတော့။

အဲဒီလောက်ကြပ်ညှပ်နေတဲ့ကားပေါ် စီးရတော့ ရာသီဥတုက ဘယ်လိုဖြစ်နေမယ်စဉ်းစားကြည့်၊ ပူတာ ပူတာဆိုတာ မခံနိုင်ဘူး။

နောက်ပြီး အားလုံးသိတဲ့အတိုင်း ကျွန်တော်တို့က ယမကာသမားတွေ။ အဲဒီတုန်းက လူစုံလို့ဂိုဏ်းတောင်ထောင်ထားသေးတယ်။ ဂိုဏ်းထောင်တယ်ဆိုတာ သူများလို ခိုးဆိုး တိုက်ခိုက်၊ အနိုင်ကျင့်ဖို့ မဟုတ်ဘူး။ ကိုယ့်ဖာသာကိုယ် အကြိုက်တူလူတွေစုပြီး ထောင်ထားတဲ့ဂိုဏ်း။

ဂိုဏ်းနာမည်က

"နာဠာဂီရိဂိုဏ်း"

နာဠာဂီရိဂိုဏ်းဆိုလို့လန့်မသွားနဲ့ဦး။ ဘုရားရှင်ကိုယ်တော်မြတ်ကို အရက်ကိုးမောင်းသောက်ပြီး အစွယ်နဲ့ထိုးသတ်မယ့် ဒေဝဒတ်မြှောက်ပေးခဲ့တဲ့ဆင်လို ခံယူချက်မျိုးမဟုတ်ဘူး။

ရာဇဝင်ဆရာများကတော့ ပြောတာပေါ့ဗျာ။ နာဠာဂီရိကို ဒေဝဒတ်က အရက်ကိုးမောင်းတိုက်ပြီး ဘုရားရှင်ကိုယ်တော်မြတ်ကို အစွယ်နဲ့ထိုးသတ်ဖို့ခိုင်းစေတာ ဆင်ကြီးက မထိုးသတ်ရဲဘဲ၊ ဘုရားရှင်ကိုယ်တော်ရှေ့ဒူးတုပ်ခဲ့တယ်ပေါ့။

ဟုတ်ချင်လဲဟုတ်မှာပေါ့။ ကျွန်တော်တို့ ယမကာသမားအချင်းချင်းကျတော့ ဒီလိုမြင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့ပေါက်ကရစကားလေး နားထောင်ကြည့်ပါ။ အခုခေတ်စကားနဲ့ နားလည်အောင် ရှိုးရှိုးရေးပြပါ့မယ်။

ဒေဝဒတ်က ဘုရားကိုကြည့်မရတဲ့အခါ နာဠာဂီရိဆီ သွားပါတယ်။ ပြီးတော့ တိုင်ပင်တယ်။

"နာကြီး(အတိုကောက်ပေါ့ဗျာ)၊ မင်းက အကောင်လဲကြီးတယ်၊ အစွယ်လဲပါတယ်၊ ဂေါတမကို ငါကြည့်မရဘူး။ အဲဒီတော့ မင်းဆုံးမပေးပါလား"

ဆိုတော့ နာကြီးကလဲပြန်ပြောတယ်။

"ဒီမှာကိုဒေ(ဒေဝဒတ်ပေါ့ဗျာ) ဆုံးမတာကလွယ်တယ်၊ ဒါပေမယ့်ကျုပ်က အရက်မသောက်ရရင် အလုပ်မလုပ်တတ်ဘူးဗျ"

ကျွန်တော်တို့က အဲလောက်ကြီး
သောက်တာ မဟုတ်ဘူး။
ယမကာကို ညရောက်မှမှီဝဲပြီး
လစ်မစ်လဲ ထားပါတယ်။
ပါးစပ်ထဲမဝင်တော့ရင် တော်ပါပြီ။

ဒေဝဒတ်မျက်နှာ ဝင်းလက်သွားတယ်။

"စိတ်ချ မင်းကို ငါအရက်တိုက်မယ်၊ ငါခိုင်းတဲ့အတိုင်းလုပ်"

ဒီလိုနဲ့ အရက်တိုက်တာပေါ့ဗျာ။ သုံးမောင်းလောက်ကျတော့ မေးတယ်။

"ဘယ့်နှယ်လဲ နာကြီး ဖြစ်ပြီလား"

နှာမောင်းခါတယ်။

"လစ်မစ်မပြည့်သေးဘူးဗျ"

ဒီလိုနဲ့ လစ်မစ်ပြည့်အောင် ဆက်တိုက်တယ်။ ဒီလိုနဲ့ ကိုးမောင်းပြည့်ရောပေါ့ဗျာ။





"ဘယ့်နှယ်လဲ၊ ထိပြီလား"

နာကြီးက သူ့နှာမောင်းနဲ့ ရင်ဘတ်ပြန်ထုပြီးအားရဝမ်းသာ အသံကြီးနဲ့

"ထိသွားပြီ၊ အရက်ကိုးမောင်းဝင်မှ ရင်ထဲထိသွားတော့တာ"

"ကဲ၊ ဒါဖြင့်လုပ်ငန်းစရအောင်"

ဆိုပြီး ဆင်ကြီးကိုတွဲပေါ့ဗျာ။ ခေါ်လာတာ။ ဂေါတမမြတ်စွာဘုရားကိုလဲမြင်ရော ဒေဝဒတ်က နာဠာဂီရိကို

"ဟော့ ဟိုမှာ ဂေါတမလာပြီ၊ မင်း ထွက်ဆွဲလိုက်တော့"

ဆိုပြီး တွန်းလွှတ်တော့ နာဠာဂီရိကသူ့ရဲ့ကျဉ်းမြောင်းတဲ့ မျက်လုံးနဲ့ပြန်ကြည့်ပြီး

"ကျုပ်က အရက်မူးရင် ဘာအလုပ်မှ မလုပ်ဘူး၊ အမှားပါမှာစိုးလို့"

အဲ အဲ ကျုပ်တို့ဂိုဏ်းက အဲဒီလို ဂိုဏ်းမျိုးဗျ။ မမူးရင်လဲ ဘာမှ မလုပ်ဘူး။ အဲ မူးရင်လဲအမှားပါမှာစိုးလို့ ဘာမှမလုပ်ဘူး။

အဲဒီလိုနာဠာဂီရိဂိုဏ်း။

အလကားပြောတာ။ ကျွန်တော်တို့က အဲလောက်ကြီးသောက်တာ မဟုတ်ဘူး။ ယမကာကို ညရောက်မှမှီဝဲပြီး လစ်မစ်လဲ ထားပါတယ်။ ပါးစပ်ထဲမဝင်တော့ရင် တော်ပါပြီ။

ဆိုတော့ဗျာ။

ခုနကပြောတဲ့ ဒီလောက်ကြပ်ညပ်ပြီး ပူအိုက်လှောင်ပိတ်နေတဲ့ကားပေါ်၊ ပူပူလောင်လောင် ယမကာမှီဝဲပြီး သွားရတာဆိုတော့ စဉ်းစားကြည့်။

အဲဒီလိုအပူတွေကြောင့်ပဲ တစ်ခါ အဲဒီကားပေါ် sexy post ဖြစ်ခဲ့ဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက မိုးတွင်းကြီး။

ကျွန်တော်တို့ကလဲ ထီးကိုဆောင်းတတ်တာမဟုတ်တော့ မိုးရေထဲ တစ်နေကုန် ဒီအတိုင်းလျှောက်သွားနေတာ။

ညကျတော့လဲ အဲဒီလိုမိုးရေစိုစိုနဲ့ ခုနကပြောတဲ့ကိုဏ်းရဲ့ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ပြီး မိုးစိုစိုနဲ့ပဲကြုပ်ညှပ်သပ်နေတဲ့ ကားပေါ်တက်လိုက်လာတာပေါ့။

ပထမတော့ မိုးရေတွေနဲ့ဆိုတော့ အေးတာပေါ့။ ဒါပေမယ့် ကားပေါ်မှာကြုပ်ညှပ်နေတဲ့ လူငွေ့တွေနဲ့ဆိုတော့ ဘယ်လိုမှ သည်းခံလို့ မရတော့ဘူး။ ချက်ခြင်းချွေးတွေပျံလာပြီး ချွေးတွေနဲ့ ခုနကစိုနေတဲ့ မိုးရေတွေနဲ့ ရောကုန်တယ်။

အဲဒီဒဏ်ကိုခံရပြီး စိတ်ကဘယ်လို ဖြစ်သွားတယ်မသိပါဘူး ဗျာ။

မှတ်တိုင်ရောက်လို့ ကားပေါ်ကဆင်းမှ အတူပါလာတဲ့ ကိုဆန်းက ကျွန်တော် ပုံစံတစ်မျိုးဖြစ်နေလို့ လှမ်းမေးတယ်။

"မောင်ကြည်၊ မင်းအင်္ကျီရော"

ကျွန်တော်က ညာဖက်ပခုံးပေါ်တင်ထားတဲ့အင်္ကျီကို မြှောက်ပြီး

"ပါတယ်လေ၊ ဒီမှာ"

ကိုဆန်းက ဆက်ကြည့်တယ်။

"မင်းဘောင်းဘီရော"

ကျွန်တော် ဘယ်ဖက်ပုခုံးပေါ်တင်ထားတဲ့ ဘောင်းဘီကို မြှောက်ပြပြီး

"ပါတယ်လေ၊ ဒီမှာ"

"အေး ပါရင်ပြီးရော"

ကျွန်တော်ပြောပြီးသား။ ကျွန်တော်တို့က ကော်ဖီသောက်





ရင်တောင် နို့စိမ်းပေါက်တာမဟုတ်ဘူး။ ပလိန်းသမားတွေ။

မိုးရေတွေချွေးတွေနဲ့ရောပြီး နေရခက်လို့ အင်္ကျီရော၊ ဝတ်ထားတဲ့ဘောင်းဘီကိုပါ ပခုံးပေါ်တင်လာတာဆိုတော့ စဉ်းစားသာကြည့်။

မိုးဖွေးဖွေးမှာ လူဖွေးဖွေးကြီးက အင်္ကျီရော ဘောင်းဘီပါ ပခုံးပေါ်တင်ပြီး လမ်းလျှောက်လာတာ။ အောင်မယ်လေး သီချင်းတောင်ဆိုသေး။

မိုးရွာရင်မိုးရေချိုးမယ်ပေါ့။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အကြောင်းပြောရရင် လူရည်မလည်ရာက စပြီး ပြောရမှာပဲ။ ဘဝအတော်များများ တောမှာပဲလိုက်နေရပြီး ရန်ကုန်တက်လာတာ တောသားမှန်းသိမှာစိုးလို့ ဆံပင်ရှည်ထားလိုက်တာ ဂေါ်လီဖြစ်လာတဲ့ကောင်ပါ။

ငယ်စဉ်ကတော့မြို့တက်တယ်ဆိုတာ ရည်ရွယ်ချက်(၃)ရပ်ပဲရှိပါတယ်။အဲဒါတွေကတော့

၁။ရုပ်ရှင်ကြည့်မယ်။

၂။ဆံပင်ညှပ်မယ်။

၃။ခေါက်ဆွဲကြော်စားမယ်။

ဒါပဲ။





တောမှာဆိုတော့ ရုပ်ရှင်ရုံမရှိဘူး။ဒါကြောင့် မြို့ရောက်တဲ့အခါ မဖြစ်မနေ ရုပ်ရှင်ကြည့်ရပါတယ်။ တောမှာ ဆံပင်ညှပ်ဆိုင်မရှိတာတော့ မဟုတ်ဘူး။ ရှိတယ်။ ဒါပေမယ့် စက်ကတ်ကြေးကအစ လက်ကတ်ကြေးအဆုံး သုံးလာတာကြာပြီဖြစ်တဲ့အတွက် တုံးနေကြပြီ။ အဲဒီအတုံးကြီးတွေနဲ့ပဲ ဆက်ဆက်ညှပ်နေတော့ စက်ကတ်ကြေးနဲ့ တစ်ခါညှပ်လိုက်ရင် ဆံပင်အဖုတ်လိုက်ဆွဲနုတ်နေသလို ဖြစ်နေတော့ ဆံပင်တစ်ခါညှပ်ရင် ချစ်သူတစ်ခါသေသလောက်ကို မျက်ရည်ကျရပါတယ်။ ဒါကြောင့် မြို့ရောက်ရင် အင်မတန်မှကို ဖိမ်ရှိပြီး စိတ်လိုရင်ဂုတ်ကိုပါနှိပ်ပြီး အကြောဖြေပေးတတ်တဲ့ ဆံပင်ညှပ်ဆိုင်သွားပြီး ဆံပင်ညှပ်ရပါတယ်။

နောက်တစ်ခုက ခေါက်ဆွဲကြော်စားမယ်။

ဒါကတော့ရှင်းပါတယ်။ ရွာမှာက ခေါက်ဆွဲဆိုင်က မရှိပါဘူး။ ခေါက်ဆွဲကိုလဲ အိမ်မှာကြော်စားရကောင်းမှန်းလဲ ဘယ်သူမှ မသိပါဘူး။ ဒါကြောင့် အင်မတန်မှရှားစားရခက်တဲ့ ခေါက်ဆွဲကြော်ကို မဖြစ်မနေ စားရပါတယ်။

ကျွန်တော်ပြောပြီးသားပါ။ အဲဒီလောက်သာရည်ရွယ်ချက်ရှိတဲ့တောသားက သာမန်မဟုတ်ပဲမြန်မာပြည်ရဲ့ မြို့တော်ရန်ကုန်မြို့မှာ နှစ်ရှည်လများနေရမယ်ဆိုတဲ့အခါ ကိုယ့်ကိုတောသားမှန်း လူအများသိသွားမှာလဲကြောက်တယ်။ အသံကလည်း ဒေသသံဝဲနေတာကိုး။ ဒါကြောင့် တောသားမှန်းလူမသိအောင် ဆံပင်ကို ဆွဲဆက်ဖယ်ချလိုက်တော့ ရန်ကုန်မြို့မှာ ဂေါ်လီလာဖြစ်ပါပကောလား။

အဲဒီတုန်းက ကျွန်တော်တို့အချင်းချင်း ပြောကြတဲ့စကားတောင်ရှိတယ်။

"ပန်းဆိုးတန်းတစ်ဝိုက်မှာ ဆံပင်ရှည်ရှည်၊ လွယ်အိတ်တစ်လုံးနဲ့ စုတ်ပြတ်ပြတ်လူတွေ ညနေပိုင်း မူးနေတာတွေ့ရင် မှတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



တင်တောင်းမကြည့်နဲ့၊ အဲဒါ အကြည်တော်တို့အဖွဲ့ပဲ"

ဘာပဲပြောပြော တောင်ဒဂုံတဝိုက် လိုင်းကားနေ့စဉ်တိုးစီးလာတာဆိုတော့ မော်ဒယ်ချိုးကလဲကွက်တိ။ ဒီကြားထဲ ဆယ့်သုံးနှစ်သားကတည်းကပျက်စီးလာတဲ့ကျွန်တော်က ဆေးလိပ်လဲသောက်တတ်သဗျ။

ကိုယ့်ကိုကိုယ်လဲစီးကရက်လေးခဲထားမှ စတိုင်ပိုထွားတယ်မှတ်ပြီး သွားလေရာ စီးကရက်ကလေးပါခဲလို့ပေါ့။နောက်ပြီး ကိုယ့်စိတ်ထဲမှာလဲ၊ကိုယ့်ရဲ့ ရွဲ့စောင်းနေတဲ့မျက်နှာကို စီးကရက်ဆိုသောအရာကိုခဲထားလိုက်မှ၊ မသိမသာပြန်တည့်သွားတယ်လို့ထင်တာကိုး။

နောက်ပြီး"ဩော် ဒီကောင်စီးကရက်ခဲထားလို့ မျက်နှာရွဲ့နေတာဖြစ်မယ်"ဆိုပြီးလူတွေ ထင်ကြမယ်လေ။ ဒါကြောင့်အပြင်ထွက်ရင် စီးကရက်က ပါးစပ်ထဲမပြတ်ခဲထားတော့တယ်။ မီးခိုးငွေ့မှိုင်းဝေ့ဝေ့ကြားထဲ ကိုယ့်မျက်ခွက်ကြီး ပြန်မြင်ရတာ ကြည်နူးစရာ။ဒါကြောင့်ပဲ အပြင်ထွက်ရင် စီးကရက်ကို ပါးစပ်ထဲမပြတ်ခဲထားတာ။ အဲဒီလိုမပြတ်ခဲထားတဲ့စီးကရက်ကြောင့်ပဲ တစ်ခါဒုက္ခရောက်ဖူးတယ်။

ကျွန်တော့်ဘဝမှာလေ၊ တစ်ဖက်သားအပြစ်ပြောခံရတယ်ဆိုတာကြုံကိုမကြုံခဲ့ဖူးဘူး။ အဲဒီလိုမကြုံရအောင်လို့လဲ အင်မတန်ဆင်ခြင်ပြီးနေခဲ့ပါတယ်။ ဒါပေမယ့် တစ်ခါမှာတော့ ကိုယ့်ရဲ့ sexy post အတွက် ဆောင်ထားတဲ့စီးကရက်ကြောင့် ပစ်ပစ်နှစ်နှစ်အဆဲခံရဖူးတယ်။

အဆဲခံရတယ်ဆိုတာ တကယ့်ကိုအဆဲခံရတာ။တစ်သက်နဲ့တစ်ကိုယ် အဲဒီတစ်ကြိမ်ပဲ အဆဲခံရဖူးတာ။ ရှက်လို့ ဘယ်သူ့မှ မပြောဘူး။ အခုလူစုံလို့ရှင်းပြတာ။

ဖြစ်ပုံကဒီလိုဗျ။





အဲဒီနေ့က အိမ်မှာအလုပ်လုပ်တာ နောက်ကျလို့မြို့ထဲကိုသွားဖို့ ကားဆီ အပြေးအလွှား ထွက်ခဲ့ရပါတယ်။ ကားဂိတ်ရောက်တဲ့အခါ ကားကမထွက်သေးတော့ ခေတ္တခဏစောင့်နေရပါသေးတယ်။ ဒါနဲ့ပဲ ကားစောင့်လက်စနဲ့ ထုံးစံအတိုင်း စီးကရက်တစ်လိပ်ကို ထုတ်ခဲနေလိုက်ပါတယ်။

ကားကလဲတော်ရုံမထွက်တော့စိမ်ပြေနပြေပါပဲ။ဒါပေမယ့်စီးကရက်သုံးချိုးနှစ်ချိုးလောက်အရောက်မှာမှ

"လိုက်ရင်လာ၊လိုက်ရင်လာ၊ကားထွက်မယ် ကားထွက်မယ်"

"အဲ"

စီးကရက်ကလဲ သုံးချိုးတစ်ချိုးလောက်ကျန်ကာမှ ကောက်

ကောင်မလေးက
ကိုယ့်အရှေ့တည့်တည့်မှာ ထိုင်နေတော့
မြင်ကွင်းကကောင်းတယ်။ ဒီကြားထဲ
ကောင်မလေးက လည်ဟိုက်
ကြီးဝတ်ထားတော့ ကွက်တိ။

ကာငင်တာ ကားထွက်မယ်ဆိုတော့ စီးကရက်ကို လွှင့်ပဲပစ်ရမှာလား၊ ဒါမှမဟုတ် ဆက်ပြီးပဲ ခဲထားရမလား ဇဝေဇဝါ ဖြစ်နေမိတယ်။ အားလုံးလဲသိတော်မူတဲ့အတိုင်း ဆေးလိပ်ဆိုတာမျိုးက ကုန်ကာနီးလေ ပိုသောက်လို့ကောင်းလေမဟုတ်လား။ ဒါကြောင့် သောက်လက်စစီးကရက်ကို မလွှင့်ပစ်ရက်ပဲဖြစ်နေမိတယ်။

နောက်တော့လဲ

"မထူးပါဘူး၊ စီးကရက်လေးနှမြောစရာ ကားပေါ်မှာမှကုန်အောင်သောက်ပြီး လွှင့်ပစ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး စီးကရက်ခဲရင်း ကားပေါ်တက်လိုက်တယ်။

ကားကလဲ အနည်းငယ်ချောင်တော့ စိတ်ကြိုက်နေရာရွေးလိုက်တယ်။ စိတ်ကြိုက်နေရာဆိုတာ သိတယ်မဟုတ်လား။အနည်းငယ်မျှချောမောလှပသော မိန်းမပျိုလေးရှိရာ ဝေ့ရှိုးလိုက်တယ်။

တွေ့ပြီ။

မြို့ပေါ်ကလို ချောမောလှပတာမဟုတ်ပေမယ့် သူ့ပစ္စည်းနဲ့သူကပ်ပါနေတဲ့ ပစ္စည်းရှိလူတန်းစားလေး။

ဆေးလိပ်မီးခိုးငွေ့များ ဝေ့ဝဲနေတဲ့ကြား sexy postအပြည့်နဲ့ မျက်လုံးလေးမှေးစင်းပြီး အဲဒီပစ္စည်းရှိလူတန်းစား ကောင်မလေးနား အသာအယာတိုးကပ်လိုက်တယ်။

ကောင်မလေးက ကိုယ့်အရှေ့တည့်တည့်မှာ ထိုင်နေတော့မြင်ကွင်းကကောင်းတယ်။ ဒီကြားထဲ ကောင်မလေးက လည်ဟိုက်ကြီးဝတ်ထားတော့ ကွက်တိ။

"ဟာ"

အင်္ကျီလည်ဟိုက်ကြား မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် အံ့အားသင့်သွားရတယ်။ ပထမတော့ ကောင်မလေးကို ပစ္စည်းရှိလူတန်းစားလို့ပဲထင်မိတာ။ အသေအချာ ထင်းခနဲမြင်လိုက်ရမှ ထင်တာထက်ပစ္စည်းပိုရှိနေတဲ့မိန်းကလေး၊ အဲဒီနေရာ ခြေထောက်သာပါရင် အပြင်ကိုတွန်းကန်ထွက်မယ့်အနေအထား။

ကြည့်ရင်းနဲ့ ကတုန်ကယင်ဖြစ်လာတယ်။ အသက်ရှူမြန်ချင်လာတယ်။ ဒီကြားထဲ ပါးစပ်ဖျားခဲထားတဲ့ စီးကရက်မီးခိုးက နှာခေါင်းနဲ့မျက်စိကို လာနှောင့်ယှက်နေတာ။

တစ်ချက် ကောင်မလေးက ရင်ကိုအကော့

"အဟု"

မီးခိုးကသီးပြီး ပါးစပ်ထဲခဲထားတဲ့ စီးကရက်ထွက်အကျ။





ကောင်မလေးရဲ့လည်ဟိုက်က အဟ။

"ဟာ"

ဘယ်လိုကွက်တိဖြစ်သွားမှန်းမသိဘူး။

ဒါနဲ့စိုးရိမ်စိတ်နဲ့ စီးကရက်ရှိရာကို လက်အနှိုက်

"ဟင်၊ ဟင် ဘာလုပ်၊ ဘာလုပ်တာလဲ"

စိတ်ထဲမပါဘဲ စိုးရိမ်မှုနဲ့ဆိုတော့ ဘာပြောရမှန်းမသိဘဲ

"မဟုတ်၊ ဟို ဟို"

ကောင်မလေးမျက်နှာ ရဲတက်သွားပြီး

"ဟင်၊ လူကြားမရှောင် သူကြားမရှောင် ကားထဲမှာတောင်အား"

သူ့စကားတောင်မဆုံးလိုက်။ စီးကရက်မီးက အစွမ်းပြပြီ။

ကောင်မလေး သူ့ဖာသာသူပြန်ငုံ့ကြည့်ပြီး

"ဘာကြီးလဲ၊ ဘာကြီးလဲ အား"

သူ့လည်ဟိုက်ကြားထဲက တိုးထွက်လာတဲ့မီးခိုးငွေ့

"ဘာကြီးလဲ၊ ဘာကြီးလဲ အား ပူ ပူတယ် ပူတယ်"

ကောင်မလေး ဘာကိုမှဂရုမစိုက်နိုင်တော့ဘူး။သူ့ဖာသာသူအသည်းအသန်ကို ပြန်နှိုက်ရှာနေရတယ်။

"အား၊ လုပ်ကြပါဦး၊ လုပ်ကြပါဦး"

ပစ္စည်းရှိလူတန်းစားဖြစ်တာ၊ ဒီတစ်ခါမှာ ဒုက္ခရောက်တော့တာပဲ။ ကျွန်တော်တို့လဲ ဘေးကကြည့်ပြီး ဘယ်လိုကူညီရမှန်းမသိဘူး။ အားနာပြီးဝင်ရှာရင်လဲ သိတယ်မဟုတ်လား၊ အလကားဝင်ညစ်တယ်ထင်မှာ။ ဒါကြောင့် ပယ်ပယ်နယ်နယ်ကြီးကြည့်ပြီး

"ဟိုမှာ ဟိုမှာ ကြားထဲမှာ ကြားထဲမှာ"

"ဘယ်မှာ အား အား"

"ဖြုတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

အပူဒဏ်မခံနိုင်အဆုံး အားလုံးပြုတ်ထွက်သွားတော့တာ။ ဒီတော့မှပဲ ကိုရွှေစီးကရက်က ဖုတ်ခနဲပြုတ်ကျလာတယ်။

အားလုံးငေးကြည့်နေစဉ်မှာပဲ

"ဟင်၊ သေချင်းဆိုးကြီး၊ မသာကြီး"

အစချီဆဲတာ၊ ဆဲတာ၊ ဆဲတာ။ ကိုယ်လဲ ဘာပြန်ပြောရမှန်း မသိဘူး။ ကားထဲမှာ sexy post ကြီးနဲ့ ငြိမ်ခံနေရတာ။

စိတ်ကြိုက်ဆဲလို့ဝတော့မှ ကားပေါ်က ဘုတ်ဘက်ဘုတ်ဘက်နဲ့ ခုန်ချသွားတာ။ ကားအောက်ရောက်တော့လဲ ပြီးမယ်ထင်လား။ဆဲတာဆဲတာ။ ပြီးမှ ခုန်ဆွခုန်ဆွနဲ့ ပြန်ချသွားတာ။ ဒီတော့မှ

"ဆဲဆရာရေ့ အဲလေ ဆွဲဆရာရေ ရှာတွေ့သွားပြီ၊ ရှာတွေ့သွားပြီ"

ဒီတော့မှ ကားကလေးက ဝုန်းခနဲခုန်ထွက်သွားတယ်။

သိတယ်မဟုတ်လား။ ကိုယ်က sexy post အပြည့်နဲ့ ဝေါ်င်စင်းစင်းကြီး။

× × ×





တချို့အကြောင်းအရာတွေက နည်းနည်းတော့ ပြောရခက်တယ်။

မထင်မှတ်တဲ့အပြုအမူကြောင့် လူရဲ့ပုံသဏ္ဍာန်ပါ လုံးဝပြောင်းလဲသွားတာမျိုးပေါ့။ ဥပမာ အင်မတန်မှကို ရိုးသားတဲ့တောပုံ တစ်ယောက်က ရုတ်တရက် ခေတ်ဆန်သွားတဲ့အခါ ပုံစံလုံးဝပြောင်းသွားသလိုမျိုးပေါ့။

ပုံစံတွေဆိုတာကလဲ ခေတ်တစ်ခေတ်ရဲ့ ပြောင်းလဲမှုအပေါ်လိုက်ပြီး ပြောင်းလဲတတ်တာမျိုးပါ။ တစ်ခါက ခေါင်းလောင်းပင်(န်)တွေ ခေတ်စားခဲ့ပေမယ့် သိပ်မကြာခင် ဘောင်းဘီအပွတွေ ခေတ်စားလာပြန်ပါတယ်။ နောက်တော့ ဘောင်းဘီအကျပ်တွေပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပါပဲ။ အခုခေတ်မှာ လုံချည်တွေ သိပ်မဝတ်ကြတော့ပေမယ့် စာသင်ကျောင်းတွေမှာတော့ လုံချည်ဝတ်နေကြရဆဲပါပဲ။

ကျွန်တော်တို့ငယ်စဉ်ကတော့ ကျွန်တော်တို့ထက်ကြီးတဲ့ကျောင်းသားတွေဟာ လုံချည်ကို အရှည်ကြီးနဲ့ ကြမ်းပြင်ပေါ် ဒရွတ်ဆွဲသည်အထိ ဝတ်တတ်ကြပါတယ်။ ဒါကို ဆရာ ဆရာမများက 'ခွေးချေးသိမ်း'ပုံစံလို့ ပြောကြပါတယ်။

အဲ ဒါပေမယ့် အဲဒီခေတ်မှာ မိန်းကလေးများ ကျပြန်တော့လဲ သူတို့ရဲ့ထဘီကို ကောက်စိုက်သွားမယ့် ကောက်စိုက်သမတွေလို ထဘီအတို ဝတ်ကြပြန်ရော။

ယောက်ျားလေးတွေက အင်္ကျီကိုယ်ကျပ် လုံချည်အရှည်ကြီးဝတ်နေချိန်မှာ မိန်းကလေးများကျတော့ အင်္ကျီအပွနဲ့ ထဘီတိုတိုကို ဝတ်ဆင်နေကြပါတယ်။

ဆိုလိုချင်တာက ခေတ်ကာလပြောင်းတာနဲ့ လူတွေရဲ့ နေပုံထိုင်ပုံ ဝတ်စားဆင်ယင်ပုံပါလိုက်ပြီးပြောင်းလဲသွားတတ်တော့တာပါပဲ။ ခေတ်ကာလက သိပ်မကြာဘူးဆိုပေမယ့် လူပုံစံပြောင်းလဲမှုကပိုပြီးမြန်ဆန်နေတတ်ပါတယ်။

အခုခေတ်ဆို ပိုတောင်မြန်ဆန်လာပြီဖြစ်ပါတယ်။ မနှစ်ကခေတ်စားခဲ့တဲ့ အသုံးအဆောင်ဟာ ဒီနှစ်မှာရှိချင်မှလဲ ရှိနိုင်ပါတော့တယ်။ ဒါ့အပြင် ပြီးခဲ့တဲ့လက စိတ်ဝင်စားတဲ့အရာ ဒီလမှာ ဥပေက္ခာပြုကောင်းလဲ ပြုနေနိုင်ပါတယ်။

ခေတ်ကာလကို မျက်ခြေပြတ်ရင် ကိုယ်ကျန်ခဲ့ရမှာပါပဲ။

ဒီလိုပါပဲ။ ခေတ်ကာလတစ်ခုကို သတိမထားမိလို့ ခံလိုက်ရတာကလေး ပြောချင်ပါတယ်။

ဒီလိုပါ ပြီးခဲ့တဲ့ နှစ်နှစ်ကျော်က သင်္ကြန်ကာလမှာ နယ်ပြန်ဖြစ်ပါတယ်။ ပြန်ဖြစ်ရခြင်းအကြောင်းရင်းက သင်္ကြန်ကာလပြီးရင်





တစ်မိသားစုလုံး သက်နီးစည်းဖို့ပါပဲ။

ဒီလိုလုပ်ဖို့ကိုလဲ နှစ်ပေါင်းမြောက်မြားစွာကတည်းက အစီအစဉ်ချထားတာပဲ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီနှစ်ဟာ ကျွန်တော့်အဖေရဲ့ (၇၅)နှစ်ပြည့်မွေးနေ့ဖြစ်သလို အဖေနဲ့အမေရဲ့ နှစ်(၅၀)ပြည့် မင်္ဂလာသက်တမ်းလဲ ဖြစ်နေပြန်ပါတယ်။

အဖေနဲ့အမေဟာ မင်္ဂလာသက်တမ်းနှစ်(၅၀)ရှိခဲ့ပါတယ်။ ကလေးလဲ (၇)ယောက် မွေးခဲ့ပါတယ်။ မြေးချည်းပဲ (၁၆)ယောက်ရှိပါတယ်။ (၂)နှစ်သားကနေ ဆရာဝန်အထိ ရှိပါတယ်။ အဖေနဲ့အမေဟာ မင်္ဂလာသက်တမ်းနှစ်(၅၀)မှာ တစ်ခါပဲ ရန်ဖြစ်ဖူးပါတယ်။

တကယ်တမ်း
ပင်စင်ယူတော့
တစ်သက်လုံးစုဆောင်းငွေ(၂၄၀၀)နဲ့
ဂျစ်ကားမပြောနဲ့
ဒံပေါင်တောင် နှစ်ပွဲမရပါဘူး

အဲဒီရန်ပွဲဟာလဲ နှစ်(၅၀)ပဲ ကြာပါတယ်။ ဒါတောင် သားသမီးမြေးမြစ်ပဲ ဒီလောက်နဲ့ရခဲ့ပါတယ်။

နောက်ပြီး ကျွန်တော့်အဖေက သူ့အသက်လေးဆယ်လောက်ကတည်းက အစီအစဉ် အသေအချာ ချထားခဲ့ပါတယ်။

အသက်လေးဆယ်ဆိုတာ ကျွန်တော်တို့အရွယ်ပေါ့။ ဒီအရွယ်ကတည်းက သူက

"ဖေဖေပင်စင်ယူဖို့အတွက် တစ်လကို ငွေတစ်ဆယ်စုထားတယ်၊ ပင်စင်ယူပြီးရင် ဂျစ်ကားတစ်စီးဝယ်မယ်၊ မြန်မာပြည်တစ်ပတ် မိသားစုနဲ့ ဘုရားဖူးထွက်မယ်၊ ပြီးရင် ရာသက်ပန်ဘုန်းကြီးဝတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုအကြံအစည် ရှိခဲ့သူပါ။ တကယ်လဲ အဲဒီအတိုင်း လုပ်ခဲ့ပါတယ်။ တကယ်တမ်း ပင်စင်ယူတော့ တစ်သက်လုံးစုဆောင်းငွေ (၂၄၀၀)နဲ့ ဂျစ်ကားမပြောနဲ့ ဒံပေါက်တောင် နှစ်ပွဲမရပါဘူး။

ဒါနဲ့ပဲ သူ့ဆန္ဒကို ဖြည့်ဆည်းနိုင်ဖို့အတွက် သူ့ရဲ့(၇၅)နှစ်ပြည့်မွေးနေ့မှာ တစ်မိသားစုလုံး သက်နှင်းစည်းဖို့ လုပ်ကြတာပါပဲ။

တကယ်တမ်း သက်နှင်းစည်းမယ်ဆိုတော့ ဘယ်သူမှလဲ ကောင်းကောင်းမအားပါဘူး။ ကျွန်တော်လဲ ကျွန်တော့်အလုပ်နဲ့ ကျွန်တော်ရှုပ်နေသလို၊ ဓီရာမိုရ်ကလဲ အားလှတယ်မဟုတ်ပါဘူး၊ ဒါနဲ့ပဲ အားလုံးအားနိုင်မယ့် အားလပ်ရက်ဖြစ်တဲ့ သင်္ကြန်ကာလကို ရွေးခဲ့ပါတယ်။

ခက်တာက ကိုယ်တွေက ဘာမှသာမဟုတ်တာ။ သင်္ကြန်ကျတော့လဲ မကဲဘဲလဲမနေနိုင်၊ ကဲလိုက်ရမှ ပိုးသေတယ်လို့ ယူဆထားတာကြောင့် သင်္ကြန်ရက်မှာ သက်နှင်းစည်းဖို့ ရှောင်လိုက်ပါတယ်။ သင်္ကြန်အပြီး လက်ကျန်ပိတ်ရက်တွေမှာပဲ သက်နှင်းစည်းကြတော့မယ်ပေါ့။ သင်္ကြန်မှာတော့ ထုံးစံအတိုင်း ကားနဲ့မြို့ပတ်ကြမယ်ပေါ့ဗျာ။

ဒီမှာကလဲ သိကြတဲ့အတိုင်း ပီဘိနွားဘူးမျိုးဖြစ်လေတော့ သင်္ကြန်လည်ဖို့ ကားတစ်စီးလုံးထဲမှာ ကိုယ်တွေအမျိုးတွေချည်းပဲဆိုဘယ်လိုမှလည်လို့ပျော်မှာမဟုတ်ဘူး။ ဒါကြောင့် ကားပေါ်လိုက်ပါလာမယ့် အလန်းလေးတွေကို ရှာရတာပေါ့။

ကိုယ်က ရှာမယ်ပဲ အကြံပေါ်သေးတယ်။ မယားကောင်မပေါ်ဘဲ ကလေးနှစ်ယောက်မွေးထားတဲ့ ဦးဆန်းက ရှာတွေ့ပြီးပြီ။

"ဈေးထဲမှာ အာလူးရောင်းတဲ့ကောင်မလေး မဆိုးဘူးကွ၊ ဟီဟီ ငါ့အကြိုက်ပဲ၊ ငယ်တော့ငယ်သေးတယ်"

ကျွန်တော်တို့လဲ အံ့အားသင့်သွားတယ်။

"ဈေးထဲက အာလူးသည်နဲ့ ဘယ်လိုတွေ့တာလဲ"





ကျွန်တော်တို့အမေးကို ဦးဆန်းကြီးက မျက်မှောင်ကြုတ်ပြီး

"မင်းတို့ကို အာလူးဟင်းချက်ကျွေးနေတာ နှစ်ရက်ရှိပြီ" ဟုတ်ပ။ နေ့နေ့ညည အာလူးချည်း တုတ်နေရတာ အခုမှ တရားခံတွေ့တော့တယ်။

"ကောင်မလေးကရော ကားနဲ့လိုက်မှာတဲ့လား"

ကိုဆန်းက မိန့်မိန့်ကြီးပြုံးပြီး

"လိုက်မှာပေါ့ကွ၊ လိုက်တာမှ သူတစ်ယောက်တည်း မဟုတ်ဘူး၊ သူ့သူငယ်ချင်းတွေကိုပါ ခေါ်မှာတဲ့"

ဝမ်းသာလိုက်တာ ပြောမနေနဲ့တော့။

"ခေါ် ခေါ်လိုက်လေ၊ ကိုယ်တွေလဲ လိုက်ရှာမနေရတော့ဘူး

သူခေါ်လာတဲ့
သူငယ်ချင်း(၇)ယောက်မှာ
ယောက်ျား(၄)၊ အခြောက်(၃)
မဆိုလို့ သုနဲ့ ခြေမ လက်မ
တွေပဲပါတယ်

ပေါ့"

ဟုတ်တယ်လေ။ သူ့သူငယ်ချင်းတွေပါလာရင် ကိုယ်တွေလဲ အပင်ပန်းခံရှာနေစရာ မလိုတော့ဘူးလေ။ ခြင်းထဲရောက်လာတဲ့ကြက် အသာရိုက်ချက်လိုက်ရုံ။

"သူငယ်ချင်းတွေများရင်သာ အရွေးခက်ရမှာ ဟီဟိ"

ကိုယ့်အတွေးနဲ့ကိုယ် ပျော်နေမိတယ်။ ဒီလိုနဲ့ပဲ

"ကဲ မနက်ဖြန် ကောင်မလေးတွေ ကားပေါ်တင်ပြီး အပိုင်ပိုးကြတာပေါ့"

နောက်နေ့မနက်ကျတော့ ဘယ်ကိုမှမသွားနိုင်ဘူး။ အမျိုး



www.burmeseclassic.com

www.burmeseclassic.com



တွေတင်ပြီး အဲဒီကောင်မလေးတွေ ရပ်ကွက်ထိပ် ကားကြီးထိုးပြီး သွားစောင့်ရတာ။

ကလေးတွေကတော့ ပွစိပွစိပေါ့။ သူတို့လည်ရမယ့်အချိန်မှာ မလည်ရဘဲ ဒီမှာလာပြီး ကားကိုကျောက်ချထားတယ်။ ဘာဖြစ်တယ်ညာဖြစ်တယ်ပေါ့။

ကိုယ်တွေ လူကြီးတွေကတော့ ခပ်တည်တည်ပဲ။ ပြောချင်ရာပြော ကိုယ့်ကိစ္စအတွက်ပဲ ကိုယ်စိတ်စောနေတယ်။

ကိုဆန်းကတော့ ဇယားငြိမ်တော့ အေးဆေးပေါ့။ ကိုယ်တွေကသာ ပါလာတဲ့သူတွေ အဆင်ပြေပ့ါမလားဆိုပြီး တထိတ်ထိတ်ပေါ့။

"ဟော"

လာပါပြီ။ ကိုဆန်းပြောတဲ့ အာလူးသည်လေး။

"ဟာ"

လာတာမှ သူတစ်ယောက်တည်းမဟုတ်။ သူငယ်ချင်း(၇)ယောက်နဲ့။

"ဟာ ဘယ် ဘယ်လိုကြီးလဲ"

မျက်လုံးပြူးပြီး ထအော်မိတယ်။ ဟုတ်တယ်။ မြင်ရတာ အံ့သြစရာ။ သူခေါ်လာတဲ့ သူငယ်ချင်း(၇)ယောက်မှာ ယောကျ်ား(၄) အခြောက်(၃) 'မ'ဆိုလို့ သူနဲ့ ခြေမ လက်မတွေပဲပါတယ်။

အဲဒီအဖွဲ့လိုက်ကြီးကိုကြည့်ပြီး အားလုံးကြက်သီးထကုန်တယ်။ ပါလာတဲ့ ကလေးတွေကလဲ ချက်ချင်းပဲ

"အဲဒီအခြောက်မတွေနဲ့ဆို မလိုက်တော့ဘူး၊ အိမ်ပဲပြန်ပို့ပေး"

ဘာညာဖြစ်ကုန်ကြရော။ ဟုတ်တယ်လေ။ တော်ရုံတန်ရုံ ကလေးတွေက အခြောက်တွေနဲ့တွဲပြီး ဘယ်သွားချင်မှာလဲ။ နောက်ပြီး အန္တရာယ်လဲများတယ် မဟုတ်ဘူးလား။ အခြောက်တွေက





သူတို့ကို လက်ကမြင်းရင် ပျော်တယ်မဟုတ်လား။ တော်ကြာ သူတို့ကို လက်ကမြင်းရင်း ကိုယ့်တူတွေ တူမတွေဖက် လှည့်ကမြင်းသွားမှဖြင့်

ကျွန်တော်တို့က စိတ်ပျက်နေပြီဖြစ်ပေမယ့် ကိုဆန်းက သူ့အာလူးလေးပါလာတာနဲ့ပဲ ပြုံးပြုံးကြီးလုပ်ပြီး

"နေပါစေကွာ၊ ကိုယ်ခေါ်ထားပြီးပြီဥစ္စာ၊ ဘယ်တတ်နိုင်မှာလဲ လာ သမီးတို့ တက်"

ဆိုပြီး ကားပေါ်ခေါ်တင်လိုက်တယ်။ ကားပေါ်ရောက်တယ်ဆိုရင်ပဲ

"ဟယ် သကြ်န်တောင်မလည်ချင်တော့ဘူး၊ ကားပေါ်မှာတင် အကိတ်ကြီးတွေနဲ့ ဂိစ္စပြတ်ပြီ"

"အောလီကြီးတွေတော့ မုတ်ဆိတ်တွေနဲ့ ဟိ"

"ကန်စောင်းသာမောင်းပါတော့ဟော့ ကံကောင်းပြီ ဟိဟိ"

စသည်ဖြင့် ဆူညံကုန်တယ်။

ဒီလိုနဲ့ လူစုံတော့မောင်းပေါ့။

ပြဿနာက အဲဒီမှာမှစတာ။

ကိုဆန်းရဲ့အာလူးသည်လေးနားမှာ ငတိကလေးတစ်ယောက်က ကိုယ်ဖိရင်ဖိကပ်နေတဲ့အပြင် ကျန်တဲ့ငတိတွေက အရွယ်ရောက်နေတဲ့ ကျွန်တော့်တူမတွေနား ကပ်နေတယ်။ ဒါ့အပြင် ဒါမျိုးမကြောက်လို့ ရှာရိုးလျှောက်နေတဲ့ မဟာမျိုးအခြောက်တွေက ကျွန်တော်တို့နားလင်လာလုနေကြသေး။

"ဟဲ့ အဲဒါ ငါ့သူငယ်၊ ငါအရင်တွေ့တာ၊ နောက်ကလူငယ်၊ သူငယ်အရင်မဝင်နဲ့ ဖင်ခေါင်းကျယ်မ"

"ဟဲ့ ဟိုဖက်က အကိတ်ကြီးလဲ နင်လက်မလွှတ်၊ ဒီဖက်က အောလီလေးလဲ ကိုင်ထားသေး နင်မလွန်ဘူးလား အခြောက်မရဲ့"

"ဟဲ့ သူတို့အကိုင်ခံလို့ကိုင်တာ ဘာဖြစ်လဲ၊ နင်ကြားထဲက

www.burmeseclassic.com



ဘာလို့မနာလိုဖြစ်နေတာလဲ"

ကိုယ်လဲ မနေနိုင်တော့ဘူး။

"နေ နေကြပါကွယ်၊ နင်တို့ တန်းမှားဆွဲတယ်ထင်လို့ ငြိမ်နေတာပါ။ ဒီလိုရည်ရွယ်ချက်ကြီးကြီးနဲ့ဆို အကိုင်မခံပါဘူး။ လက်တို နော် လက်ကို"

ကိုယ်က ဒီမှာသာ ပြဿနာတက်နေတာ။ ဟိုဖက်မှာကလဲ

"ညလေးနာမည် ဘယ်လိုခေါ်လဲဟင်၊ ကိုယ်လေးက စော်ကြည်ဘဲ"

"ညလေး ရေပက်လိမ့်မယ်၊ ကိုယ့်ရင်ခွင်ထဲတိုး"

စသည်ဖြင့် ဖြစ်နေကြပြန်ရော။

လူက ရှစ်ယောက်
ဂရုက သုံးဂရု
ဘူးဂရု ဒူးဂရုနဲ့ စော်ရှုံးဂရု
သူတို့အချင်းချင်းကို ပြန်ဆူညံနေတာ

ဒီကြားထဲ အဆိုးဆုံးက ဦးဆန်းကြီးပဲ။

သူခေါ်ထားတဲ့ အာလူးလေးက ကားပေါ်ရောက်တာနဲ့ သူ့ကိုတောင် ဂရုမစိုက်တော့ဘဲ ကားခေါင်းရှေ့ တိုက်တန်းနစ် ဇာတ်ကား လာရိုက်နေတော့ သူလဲ တင်းလာတာပေါ့။

"ဟေ့ အားလုံးတိတ်စမ်း"

ခဏတော့ငြိမ်သွားတယ်။

"တော်ပြီ ရှေ့ဆက်မသွားတော့ဘူး၊ ပြန်လှည့်မယ်"

သူ့စကားလဲကြားရော ဟိုအဖွဲ့ ကျွတ်စီကျွတ်စီဖြစ်ကုန်တယ်။





"ဟာ ဘာလဲ၊ ဘယ်ကိုမှတောင် မသွားရသေးဘူး၊ ပြန်လှည့်မယ်တဲ့"

"ဟုတ်ပ့ါ၊ တို့က ဒိုးကြီးတွေနဲ့ အပီကဲမယ်လုပ်ထားတာ"

"ဘာလို့ပြန်လှည့်မှာလဲ၊ လှည့်စရာလား"

စသည်ဖြင့် ဖြစ်ကုန်ရော ဒါကို ကိုဆန်းက

"ဒါ ငါတို့ကား၊ မင်းတို့ကားမဟုတ်ဘူး၊ ငါတို့သွားချင်သွားမယ်၊ လှည့်ချင်လှည့်မယ်၊ ဟိုကောင်မလေး နင်တစ်ယောက်တည်း လိုက်ချင်လိုက်ခဲ့၊ မလိုက်ချင် နင်လဲပြန်"

အဲဒီစကားကြားတော့ ကောင်မလေးနားကပ်နေတဲ့ ငတိက

"ဟ ဒါဘာလဲ ဦးလေးတို့ ဒီလိုလုပ်လို့ မရဘူးလေ၊ ဦးလေးတို့နဲ့ ကျွန်တော့်ကောင်မလေး ထည့်ပေးလိုက်ရင် ဂျိုနဲ့သားရည်တောင် ကျန်မှာမဟုတ်ဘူး"

"အေး မကျန်မှာကြောက်ရင်ပြန်၊ ဒါပဲ၊ ငါတို့ မင်းတို့ကို တင်မခေါ်နိုင်တော့ဘူး၊ ဟေ့ ကားပြန်လှည့်"

ကားက ပြန်လှည့်တယ်။ ကားပေါ်မှာကလဲ ကျွတ်စီကျွတ်စီနဲ့ ပွက်လောရိုက်နေတော့တာ။

"ဘာလဲကွာ၊ ငါ့ကောင်မလေးကိုကျခေါ်ပြီး ငါ့ကျတော့ မခေါ်ဘူး၊ ဘာသဘောလဲ"

"ဟုတ်ပ့ါဟယ်၊ ငါ့နှယ် နှာဘူးအစစ်တွေနဲ့ တစ်တစ်ခွခွကြုံရပြီမှတ်နေတာ၊ အခုတော့ အချိန်ကုန်လူပန်းကြီး"

"တောက် ငါ ဒီမှာ လိပ်စာတောင်းတော့မယ့်ဟာကိုကွာ"

လူကရှစ်ယောက်။ ဂရုက သုံးဂရု။ ဘူးဂရု ဒူးဂရုနဲ့ စော်ရှုံးဂရု။ သူတို့အချင်းချင်းကို ပြန်ဆူညံနေတာ။

"ဟိုကောင်မ ငါပြောသားပဲ အကိုင်အတွယ် မကြမ်းပါနဲ့ဆို"



www.burmeseclassic.com

www.burmeseclassic.com



"အကိုင်အတွယ်ကြမ်းလို့ မဟုတ်ဘူးဟဲ့၊ အဲဒါကြီးက လွတ်နေလို့ ထသောင်းကျန်းတာ၊ တကတည်း လက်နှစ်ချောင်းပါတာဝဲ သုံးယောက်လောက်တော့ မလွတ်အောင်လှမ်းဆွဲပေါ့"

"အဲဒါပြောတာပေါ့၊ အတွေ့အကြုံစကားပြောတယ်ဆိုတာ"

ဒီလိုနဲ့ ကားက သူတို့လမ်းထိပ် ပြန်ရောက်သွားတယ်။

"အစကတည်းက မခေါ်ရင်လဲ မခေါ်နဲ့ပေါ့၊ အခုဟာက ကောင်းမကောင်းလျှက် ခေါ်ပြီးမှ ပြန်မောင်းချတယ်၊ ဘယ်လိုလူတွေလဲမသိဘူး"

"အေးလေ ကိုယ်တွေက သူတို့ခေါ်သွားမယ်ဆိုလို့ တခြားအစီအစဉ်တွေဖျက်ပြီး လိုက်ရတာ"

"ဟုတ်ပ၊ ညကတည်းက ပြင်ရဆင်ရ နည်းတာမဟုတ်ဘူး"

"ဘာမှမဟုတ်ဘူး၊ သူတို့ဘူးချင်လို့ခေါ်တာ"

သူတို့ရပ်ကွက်ရောက်တော့ ထိကပါးရိကပါး ပြောလာတာပေါ့။ ဒါနဲ့ ကိုဆန်းကလဲ မခံနိုင်တော့ဘူး။

"ဟော့ကောင်တွေ မင်းတို့ဘာစကားပြောတာလဲ"

ဟိုကလဲ သူ့ရပ်ကွက်ဆိုတော့ ရဲပြီပေါ့။

"ဘာပြောတယ်လို့ထင်လဲ အဘိုးကြီး"

"ဟော့ကောင် ရိုင်းလှချည်လား"

"ရိုင်းတော့ ဘာဖြစ်လဲ၊ သတ္တိရှိရင် ကားပေါ်ကဆင်းခဲ့"

"အေး ငါလာပြီ"

ရှန်းရင်းဆန်ခတ်နဲ့ ရိုက်ပွဲဖြစ်မလိုဖြစ်နေပြီ။ ဒါကိုရိပ်မိတဲ့ အာလူးလေးက

"ဟာ မလုပ်ကြပါနဲ့ နေကြပါဦး နေဦး အမေ့ကိုသွားခေါ်ဦးမယ်"

ဆိုပြီးပြေးထွက်သွားတယ်။ ဒီမှာကလဲ ဦးဆန်းကြီးနဲ့တိ





တွေ ထိုးလုထိုးခင်ဖြစ်နေပြီ။ သိပ်မကြာခင်မှာပဲ

"ဟဲ့ ဟဲ့ ဘာဖြစ်ကြတာလဲ ရပ်ကြစမ်း ရပ်ကြစမ်း"

မိန်းမတစ်ယောက်ရဲ့အော်သံ။ နောက်အော်သံတစ်ခုက

"ဆန်းဆန်း"

ဒေါသထွက်နေတဲ့ ဦးဆန်းကြီး။ အဲဒီအသံကြားတော့ တုန့်တက်သွားတယ်။ ဇဝေဇဝါနဲ့ ပြန်ငေ့ကြည့်ရင်း

"ဝါဝါ"

"ဆန်းဆန်း"

အာလူးလေးအမေနဲ့ ဦးဆန်းကြီးကိုကြည့်ပြီး အားလုံး ကြောင်ကရော့ဖြစ်သွားတယ်။

"ဒါ ဒါ သမီးလေးလေ"

"ဟင် သမီးလေးလား"

နှစ်ယောက်သား မျက်ရည်လည်ရွှဲနဲ့ ပြေးဖက်မလို ဖြစ်ကုန်တယ်။ ဟိုအဒေါ်ကြီးက အာလူးလေးကိုဆွဲပြီး

"သမီး ဒါမေမေပြောပြောနေတဲ့ ဆန်းဆန်းဆိုတာပေါ့"

အားလုံး ဘယ်လိုပြောရမှန်းမသိ ဖြစ်ကုန်တယ်။ ရန်ပွဲကလဲ ကြောင်ပြီးရပ်ကုန်တယ်။ ဘယ်ကနေ ဘယ်လိုဆက်စပ်နေကြမှန်းလဲ မသိရဘူး။ နောက်မှ အဒေါ်ကြီးက သတိရပြီး

"ကဲ ကဲ ဒါသမီးတို့ကိစ္စ မဟုတ်ဘူး၊ မေမေတို့ကိစ္စ၊ အဲဒီတော့ သူငယ်ချင်းတို့ရေ"

"ဝေး"

ဘယ်ကမှန်းမသိတဲ့အော်သံ။

"Let's go to ကားပေါ်"

"ဟေး"

ကားပေါ် အဒေါ်ကြီးတစ်အုပ်နဲ့ ခုနကထက်ကြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခြောက်ကြီးတစ်အုပ် ကားပေါ် တရှုန်းရှုန်းနဲ့ ပြေးတက်လာကြတယ်။

ဒီလိုနဲ့ပဲ..

× × ×





BURMESE CLASSIC

ဖြစ်ပုံက ဒီလိုပါ။

ဟိုးလွန်ခဲ့တဲ့ ခေတ်တစ်ခုက ယခု ဦးဆန်းကြီးလို့ခေါ်တဲ့ ဆန်းဆန်းခေါ် ပိုဆန်းတစ်ယောက် (၁၄)နှစ်လောက်အရွယ်မှာပေါ့။ အဲဒီတုန်းကလဲ အခုလိုပဲ မော်လမြိုင်သင်္ကြန် ပြန်အလည် ကားပေါ်မယ်တော့ ခုနက အာလူးမတို့ရဲ့အမေ ဝါဝါဆိုတဲ့ မဝါတို့တစ်ဖွဲ့က ကားပေါ်ရောက်လာတယ်။ အဲဒီတုန်းကလဲ ဝါဝါခေါ် မဝါတစ်ယောက် အလှသွေးကြွယ်ချိန်၊ ဆယ့်ရှစ်နှစ်အရွယ်။ လုပ်နေတာကလဲ အလှပြင်ဆိုင်တစ်ခုမှာပေါ့။ ဦးဆန်းကြီးကလဲ အဲဒီအချိန်က ဆံပင်ရှည်ထား၊ အလှပြင်ဆိုင်တစ်ကြော လှည့်လည်ကြွက်စား၊ အဲ ကျက်စားချိန်။

အဲဒီမှာ မဝါက အခြောက်တစ်အုပ်နဲ့ ကားပေါ်ပြေးတက်



www.burmeseclassic.com

www.burmeseclassic.com



လာလေတော့ ဆန်းဆန်းနဲ့က ငြိုကြပါလေရော။ ဖြစ်ချင်တော့ ခုန ကဇာတ်အတိုင်းပဲ ဝါဝါကိုကြိုက်နေတဲ့ ဘဲကြီးတစ်ပွေကလဲ ကားပေါ် တက်လာတော့ ခုနကအတိုင်းပဲ ငြိုကြပြန်တယ်။

အဲဒီတုန်းကလို ထိုးမလိုကြိတ်မလိုဖြစ်ပြီး ဦးဆန်းကြီးဖြစ် မယ့် ဆန်းဆန်းတို့အဖွဲ့ ဝါဝါတို့နဲ့ခွဲပြီး ရင်ကွဲခဲ့ရပြန်တယ်။

အဲဒါပါပဲ။

အဲဒီနောက် မဝါခေါ် ဝါဝါလဲ သူ့ဘာသာသူ အိမ်ထောင် ကျ ကလေးတွေရ။ ယောက်ျားသေပြီးမှ ဦးဆန်းကြီးလဲ ကလေးတွေ ရပြီး နှစ်ပေါင်း(၂၀)လောက်မှ ပြန်ဆုံတာပါ။

အဲဒါပြောတာပေါ့။ ခေတ်က တစ်ပတ်လည်သွား။ သမီး လက်ထက်မှာလဲ လူပျိုလုပ်ပြီး ပြန်ဆုံရရလေတော့ ပြဿနာ တက်ရ တာပေါ့။

ပိုပြဿနာတက်တာက ကျွန်တော်တို့အဖွဲ့ပါပဲ။

ဘယ့်နှယ်ဗျာ။ အဒေါ်ကြီးနံ့နံ့စော်စော်တစ်အုပ်နဲ့ အလှပြင် အတွေ့အကြုံရင့်ကျက်နေတဲ့ အခြောက်တစ်အုပ် ကားပေါ်မှာပါလာ တော့ စဉ်းစားသာကြည့်။ ရေပက်တာပဲ ကာရမလား။ သူတို့လက်က လွတ်ဖို့ပဲ ကာရမလားနဲ့။ sexy post ကြီးနဲ့ပေါ့။

လေးစားစွာကြိုးစားလျက်

အကြည်တော်



BURMESE CLASSIC

www.burmeseclassic.com